မြန်မာ့အလင်း
၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

**ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၃၂၄)

# အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အစီရင်ခံစာအား ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်

**နေပြည်တော် ဩဂုတ် ၁၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပရာ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ လုပ်ငန်းများဆောင်ရွက်ခဲ့မှု အစီရင်ခံစာ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာန တို့၏ ရှင်းလင်းချက်များကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ (၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ၂၀၁၉ ခုနှစ် ဧပြီ ၉ ရက်အထိ) လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေး ချက်များနှင့်စပ်လျဉ်း၍ အမျိုးသားပညာရေးမူဝါဒ ကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က ကော်မရှင်အနေဖြင့် ပညာရေး အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ကဏ္ဍ အလိုက် ဆောင်ရွက်နေမှုများနှင့် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြား ပြီး ကော်မရှင်သည် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ ဟူသော အဂတိတရားလေးပါး ကင်းရှင်းလျက် နိုင်ငံတော်၏ ပညာရေး အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ကိုယ်ကျိုး မဖက်ဘဲ စေတနာအပြည့်ဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ အစီရင်ခံစာအပေါ် ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများ နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကဏ္ဍ၌ ကျောင်း အဆင့်တိုးမြှင့်ခြင်းကိစ္စ၊ ကိုယ်ပိုင်ကျောင်းကိစ္စ၊ ဆရာ ဆရာမများ ခန့်ထားရေးကိစ္စ၊ *စာမျက်နှာ ၇ ကော်လံ ၁* ❇



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

## နေရပ်စွန့်ခွာသူ ၃၄၅၀ အား ဩဂုတ် ၂၂ ရက်တွင် မြန်မာဘက်မှ ပြန်လည်လက်ခံမည့်ကိစ္စနှင့် ပတ်သက်၍ UNHCR နှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ ဆွေးနွေး

ပြည်တွင်းသတင်း စာ - ၅

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ-၈

## ၂၀၂၀ ရွေးကောက်ပွဲတွင် မိုက်ပန့်စ်နှင့် အတူလက်တွဲ၍ ရွေးကောက်ပွဲဝင်မည်ဟု ထရမ့်ပြော

နိုင်ငံတကာသတင်း စာ - ၁၄

C B BANK
Best Corporate & Investment Bank
2019 (Asia Money)
Contact Center : 01-231 777 0

မြန်မာ့အလင်း

# ကရုဏာနှလုံးသားနှင့် ပရဟိတလုပ်ငန်းများ

ဩဂုတ်လ ၁၉ ရက်နေ့သည် “ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနေ့” ဖြစ်သည်။ ၂၀၀၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂရုံး၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး ကုလသမဂ္ဂအထူးကိုယ်စားလှယ်နှင့် ဝန်ထမ်းများ သေဆုံးခဲ့ရသည့် ဝမ်းနည်းဖွယ် အထိမ်းအမှတ်နေ့ကို ၂၀၀၈ ခုနှစ်မှစတင်၍ ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနေ့အဖြစ် ကုလသမဂ္ဂက သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

လူသားချင်းစာနာမှုလုပ်ငန်းများသည် စေတနာနှင့်ကရုဏာတရားတို့ပေါ်တွင် အခြေခံထားသည်။ လူတစ်ဦးနှင့်တစ်ဦး ချစ်ခင်ရန်၊ ကမ္ဘာပေါ်တွင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခမျိုးစုံကို ခံစားနေကြရသူများသည် မိမိတို့ကဲ့သို့ပင် လူသားများဖြစ်ကြသည့်အတွက် အကူအညီလိုအပ်နေသူများကို ကြင်နာမှုပြသရန်နှင့် ၎င်းတို့လိုအပ်သည့်အကူအညီများကို ဖြည့်ဆည်းပေးရန်တို့အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်ကြသည်။ သဘာဝဘေးအန္တရာယ်များကျရောက်သည့်အခါတွင်လည်းကောင်း၊ စစ်ပွဲများနှင့် ပဋိပက္ခများဖြစ်ပွားရာတွင်လည်းကောင်း ဘေးဒုက္ခခံစားကြရသူများကို ဘက်မလိုက်ခြင်း၊ ကြားနေခြင်း၊ လွတ်လပ်စွာဆောင်ရွက်ခြင်းဟူသော အခြေခံမူများဖြင့် ကူညီကယ်ဆယ်မှုများပြုလုပ်ပေးကြရာတွင် လူသားချင်းစာနာမှုအဖွဲ့များမှာ ဘက်လိုက်သည်၊ ရန်သူကို မျက်နှာသာပေး၍ ကူညီသည်စသည့် စွပ်စွဲမှုနှင့်သံသယများကိုလည်း ရင်ဆိုင်ကြရလေ့ရှိသည်။

မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှု ကရုဏာလုပ်ငန်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းအပြင် အများအကျိုးဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် ပရဟိတအဖွဲ့များက အင်တိုက်အားတိုက် ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ မေတ္တာတရားနှင့်ကရုဏာတရားတို့ကို အခြေခံ၍ အများအကျိုးဆောင်လုပ်ငန်းများစုပေါင်းဆောင်ရွက်ရန် ဖွဲ့စည်းထားသောပရဟိတအဖွဲ့များကို ဒေသအနှံ့အပြား၊ မြို့ရွာအနှံ့အပြားတို့တွင် တွေ့မြင်ရပြီး၎င်းတို့ဆောင်ရွက်ကြသည့် အများအကျိုးဆောင်လုပ်ငန်းများကိုလည်း အမယ်စုံအောင်ပင် တွေ့မြင်ကြရသည်။ အရေးပေါ် လူနာပို့ဆောင်သည့် လုပ်ငန်း၊ အရေးပေါ်သွေးလှူသည့်လုပ်ငန်း၊ အောက်ဆီဂျင်ဘူးလှူသည့်လုပ်ငန်းများမှသည် မိဘမဲ့ကလေးများစောင့်ရှောက်ခြင်း၊ အမျိုးသမီးများ စောင့်ရှောက်ခြင်း၊ ပညာရေးအလှူဒါနများပြုခြင်း၊ သဘာဝဘေး၊ စစ်မက်ဘေးတို့တွင် ကူညီကယ်ဆယ်ခြင်းတို့ကို ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့က စုပေါင်းဆောင်ရွက်နေကြသည်။

အများအကျိုးဆောင်လူမှုကူညီရေးဆောင်ရွက်နေကြသည့် ပရဟိတအသင်းအဖွဲ့တို့မှာ မှတ်ပုံတင်ပြီးအဖွဲ့များ၊ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နေသည့်အဖွဲ့များ၊ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နေကြသည့်အဖွဲ့များရှိသလို မှတ်ပုံတင် အသိအမှတ်ပြုမခံရသေး၊ စနစ်တကျလုပ်ကိုင်နိုင်စွမ်းမရှိသေး၊ အောင်မြင်စွာလုပ်ကိုင်နိုင်ခြင်းမရှိသေးသည့်အဖွဲ့များလည်း များစွာရှိကြသည်။ ပရဟိတအမည်ခံ၍ ကိုယ်ကျိုးရှာမှုများ၊ လူနာတင်ယာဉ်ဟန်ဆောင်၍ သစ်မှောင်ခိုသယ်ဆောင်မှုများ အပါအဝင် အများအကျိုးဆောင်လုပ်ငန်းစဉ်ကို အမည်းစက်စွန်းထင်းစေသည့် ပရဟိတဗန်းပြအဖွဲ့အစည်းအတုအယောင်အချို့ ပေါ်ပေါက်လာခဲ့သည့်တိုင်အောင် ပရဟိတစိတ်ဓာတ်နှင့် ပရဟိတလုပ်ငန်းတို့၏ မွန်မြတ်သန့်စင်မှုမှာမူ ပျက်စီးသွားဖွယ်မရှိသည်မှာလည်း အသေအချာပင် ဖြစ်သည်။

ဩဂုတ် ၁၆ ရက်က လားရှိုးမြို့အနီးတွင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲများတွင် ပိတ်မိနေသူများကို သွားရောက်ကယ်ဆယ်ရန်ကြိုးပမ်းရာမှ လားရှိုးလူငယ်ပရဟိတအသင်း လူနာတင်ယာဉ် လက်နက်ကြီးထိမှန်ပြီး အသင်းဥက္ကဋ္ဌအသက်ပေးခဲ့ရကာ အချို့ဒဏ်ရာရခဲ့သည့်သတင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ပရဟိတအသင်းက ရေဘေးသင့် မွန်ပြည်နယ်မှ ပြည်သူများထံသွားရောက်ကူညီရန် တိုက်ပွဲများကြောင့် လမ်းများပိတ်ဆို့နေသည့်ကြားမှ ကြိုးပမ်းလျက်ရှိသည့် သတင်းများမှာ မြန်မာ့လူသားချင်းစာနာထောက်ထားမှုအဖွဲ့များဟုဆိုအပ်သော ပရဟိတအဖွဲ့များ၏ မွန်မြတ်သောနှလုံးသားနှင့် ဂုဏ်ယူလေးစားဖွယ် စွမ်းဆောင်မှုများကို ပြသနေခြင်းပင် ဖြစ်သည်။

ကိုယ်ချင်းစာတရားဖြင့် ကြင်နာသနားခြင်း ကရုဏာကိုအခြေခံကာ အများအကျိုးသယ်ပိုးနေကြသည့် ပရဟိတလုပ်ငန်းနှင့် ပရဟိတနှလုံးသားပိုင်ရှင်များ ဘေးမသီရန်မခ ထမ်းဆောင်နိုင်ကြပါစေကြောင်း။ ။



## မွန်ပြည်နယ်၌ ရေကြီးရေလျှံမှု၊ မြေပြိုမှု ဖြစ်ပွားခဲ့မှုအပေါ် ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ အစည်းအဝေးကျင်းပ

**မော်လမြိုင် ဩဂုတ် ၁၉**

မွန်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်အချို့၌ ရေကြီးရေလျှံမှု၊ မြေပြိုမှုဖြစ်ပွားခဲ့မှုအပေါ် ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်နယ်တွင် ဩဂုတ် ၉ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုမှု ဖြစ်စဉ်အားလုံးအပေါ်တွင် ဆုံးရှုံးမှု၊ ပျက်စီးခဲ့မှုအခြေအနေအားလုံးကို ဌာနတစ်ခုချင်းစီမှ တင်ပြရန်ဖြစ်ကြောင်း၊ နံပါတ်တစ်အပိုင်းအနေဖြင့် လတ်တလောအရေးကြီးလိုအပ်နေသည့် အခြေအနေ၊ လတ်တလောအရေးကြီး ပြင်ဆင်ရမည့်အခြေအနေ၊ ဒုတိယပိုင်းအနေဖြင့် ယခုတစ်နှစ်တာ အတောအတွင်းတွင် ပြင်ဆင်ရမည့် အခြေအနေများနှင့် နောက်တစ်ချက်မှာ ရေရှည်ဆောင်ရွက်ရမည့်အခြေအနေဟူ၍ အပိုင်းသုံးပိုင်းခွဲပြီး တင်ပြပေးရန်နှင့် နောက်တစ်ပိုင်းအနေဖြင့် ယခုလိုမျိုးမဖြစ်ရန် နောင်နှစ်များ၌ ကာကွယ်ရန်အတွက် ရေတိုရေရှည် အစီအစဉ်များကို တင်ပြပေးကြရန် အဓိကမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စည်ပင်သာယာရေးနှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်က ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေများ၊ ပြန်လည်ပြုပြင်ရမည့် ကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး တက်ရောက်လာသော ဌာနဆိုင်ရာများမှ မိမိဌာနတွင် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေများကို တင်ပြရာ တင်ပြချက်များကို ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၁၉**

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် မြစ်ရေကြီးခြင်း၊ မိုးပြင်းထန်စွာရွာခြင်းတို့ကြောင့် ကျေးရွာများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရာ နေပြည်တော်ရှိ အဖြူရောင်အနာဂတ်မိသားစု ပရဟိတအသင်း၊ ထေရဝါဒ ဓမ္မပြန့်ပွားရေးနှင့် နာရေးကူညီမှု အကျိုးဆောင် (လူငယ်) အဖွဲ့၊ ပန်းပျိုးသောလက်ပရဟိတအဖွဲ့စသည့် ပရဟိတအဖွဲ့ သုံးဖွဲ့ ပူးပေါင်း၍ ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ထော်ပလော့ကျေးရွာရှိ ဒေသခံအိမ်ထောင်စု ၁၅၀ ၊ လူဦးရေ ၆၀၀ အတွက်လည်းကောင်း၊ ကော့ခလောက်ကျေးရွာရှိ အိမ်ထောင်စု ၂၀၀ ၊ လူဦးရေ ၉၀၀ အတွက် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်အမျိုးမျိုး၊ စားသောက်ကုန်မျိုးစုံ၊ မုန့်မျိုးစုံ



နေပြည်တော်မှ ပရဟိတအဖွဲ့များ မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်ထောက်ပံ့စဉ်။

စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၅ သိန်းခန့်အား ကျေးရွာများရှိ ရေဘေးသင့် ဒေသခံများထံသို့ လက်ရောက်ပေးအပ်ထောက်ပံ့ခဲ့ကြောင်းနှင့် နေပြည်တော် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးနှင့် ပျဉ်းမနား ခုတင် ၂၀၀ ဆေးရုံကြီးတို့မှ ဆရာဝန်များလည်းလိုက်ပါ၍ ဒေသခံများ၏ ကျန်းမာရေးကိုစစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**




## ဂီတပဒေသာပွဲတော် စစ်ကိုင်းတက္ကသိုလ်၌ ကျင်းပ

**စစ်ကိုင်း ဩဂုတ် ၁၉**

စစ်ကိုင်းတက္ကသိုလ်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) တို့ ပူးပေါင်းတင်ဆက်သည့် ဂီတပဒေသာပွဲတော်ကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက စစ်ကိုင်းတက္ကသိုလ်၌ ကျင်းပရာ တက္ကသိုလ်နှစ်ခုမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ စစ်ကိုင်းမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ ပါမောက္ခ (ဌာနမှူး) များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး အဆိုပါဂီတပဒေသာပွဲတော်တွင် စစ်ကိုင်းတက္ကသိုလ်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သီချင်းများ၊ အကအလှများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ရွာယဉ်ကျေးမှုပေါင်းစုံပြတိုက်သို့ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပခဲ့သော International Army Games-2019 ပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၈ ရက် ညနေပိုင်းက မော်စကိုမြို့အနောက်ဘက် ကာလူးဂါမြို့အနီးရှိ ကမ္ဘာ့ရွာယဉ်ကျေးမှုပေါင်းစုံပြတိုက်ပန်းခြံသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ပြတိုက်ပန်းခြံ၌ သီတဂူဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် ရွှေစည်းခုံစေတီတော်ပုံစံတူတည်ထားကိုးကွယ်ရန် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ပြတိုက်မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စေတီတော်ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် အရှေ့တောင်အာရှပြခန်း၊ ရုရှားနှင့် ဥရောပနိုင်ငံပြခန်းတို့တွင်ပြသထားသော မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသအပါအဝင် ဘာသာရေးခေါင်းဆောင်များ၊ သိပ္ပံပညာရှင်များ၊ အတွေးအခေါ်ပညာရှင်ကြီးများနှင့် အထင်ကရပုဂ္ဂိုလ်များ၏ ပုံတူထုဆစ်ထားသည့် ရုပ်တုများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်သံရုံးမှအရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အမှာစကားပြောကြားကာ ညစာအတူတကွသုံးဆောင်ကြပြီး စစ်သံရုံးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် သင်တန်းသား အရာရှိများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့အနောက်ဘက် ကာလူးဂါမြို့အနီးရှိ ကမ္ဘာ့ရွာယဉ်ကျေးမှုပေါင်းစုံပြတိုက်၌ ကြည့်ရှုလေ့လာစဉ်။
ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ် မိတ်ဆက်ခြင်းနှင့် တိုင်းရင်းဆေးသံတမန်များခန့်အပ်

**နေပြည်တော် ဩဂုတ် ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) နေပြည်တော်၌ ကျင်းပသည့် မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ်မိတ်ဆက်ခြင်းနှင့် တိုင်းရင်းဆေးသံတမန်များခန့်အပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များ စာအုပ်မိတ်ဆက်ခြင်းနှင့် တိုင်းရင်းဆေးသံတမန်များခန့်အပ်ခြင်း အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
သတင်းစဉ်

**သုတေသနများပြုလုပ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ သမိုင်းစဉ်လာကြီးမားသည့် မြန်မာ့တိုင်းရင်းဆေးပညာ စတင်ပေါ်ပေါက်လာသည့် အချိန်မှစ၍ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်လာမှုများကို မှတ်တမ်းထားရှိနိုင်ရန်အတွက် “မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ်” ကို စနစ်ကျစွာဖြင့် ဝိုင်းဝန်းပြုစုနိုင်ခဲ့ခြင်းအတွက် ပါဝင်ဆောင်ရွက်သူအားလုံးကို ကျေးဇူးတင်ရှိမှတ်တမ်းတင်ကြောင်း၊ ထိုသို့ ပါဝင်ဆောင်ရွက်သူအားလုံး၏ တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိတ်အားထက်သန်မှုကိုလည်း သိရှိတွေ့မြင်နိုင်ပါကြောင်း၊ ယခုစာအုပ်တွင် ပါဝင်သည့် အချက်အလက်များကို အခြေခံ၍ သုတေသနများ စနစ်တကျပြုလုပ်ကာ မြန်မာ့တိုင်းရင်းဆေးပညာမှတ်တမ်းများနှင့် မှတ်တိုင်များကို ဖော်ထုတ်ခြင်း၊ ပညာရပ်ပိုင်းဆိုင်ရာ ပိုမိုတိုးတက်ဖွံ့ဖြိုးစေခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ချိန်ညှိဆန်းစစ်သုံးသပ်မှုများပြုလုပ်**

တိုင်းရင်းဆေးတက္ကသိုလ်ဘက်စုံ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချိန်ညှိဆန်းစစ်မှုလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ထွက်ပေါ်လာသော အကြံပြုချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဂုဏ်ထူးဆောင် ပါမောက္ခများကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ပုံမှန်တွေ့ဆုံစေပြီး တက္ကသိုလ်ဘက်စုံပိုမိုဖွံ့ဖြိုးရေးဆိုင်ရာ အတွေ့အကြုံများ ဝေမျှဖလှယ်ခြင်းကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးသုတေသနညီလာခံများနှင့် တိုင်းရင်းဆေးသမားတော်များ ညီလာခံများမှ အကြံပြုချက်များကိုလည်း ဦးစားပေးအချက်များအလိုက်သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တိုင်းရင်းဆေးဝါးစက်ရုံ (မန္တလေး) ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက်ကိုလည်း ချိန်ညှိဆန်းစစ်သုံးသပ်မှုများကို ပြုလုပ်ပြီး အလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

“မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ်” ကို ပြုစုရာတွင် မှီငြမ်းထားသည့်စာအုပ်များ အပါအဝင် ခေတ်အဆက်ဆက်မှ မြန်မာ့တိုင်းရင်းဆေးပညာစာအုပ်စာပေများကို လေ့လာမှုပြုလုပ်ကာ ကောင်းမွန်အသုံးဝင်သည်များကို ထုတ်နုတ်အသုံးချစေလိုကြောင်း၊ တိုင်းရင်းဆေးသံတမန်များ အနေဖြင့်လည်း တိုင်းရင်းဆေးပညာဆိုင်ရာ ကျန်းမာရေးအသိပညာများ ဖြန့်ဝေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်ခြင်းတို့တွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ပြည်သူများအတွက် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို အရည်အသွေးပြည့်ဝမြင့်မားစွာ၊ လွှမ်းခြုံမှုကောင်းစွာ ဆောင်ရွက်နိုင်စေရန် တိုင်းရင်းဆေးပညာရှင်ကြီးများ၊ တိုင်းရင်းဆေးသံတမန်များ၊ တိုင်းရင်းဆေးထုတ်လုပ်သူများနှင့် ရောင်းချသူများအားလုံးက ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးဆွေက မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များ စာအုပ်ပြုစုထုတ်ဝေခဲ့မှုနှင့် တိုင်းရင်းဆေးသံတမန်များ ခန့်အပ်ခြင်းအကြောင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းဆေးသံတမန်အဖြစ် ခန့်အပ်ခြင်းခံရသူ ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင်သူရိယကို ခန့်အပ်လွှာပေးအပ်ပြီး ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က တိုင်းရင်းဆေးသံတမန်အဖြစ် ခန့်အပ်ခြင်း ခံရသူမမေခင်ဆုကို ခန့်အပ်လွှာပေးအပ်သည်။

ယင်းနောက် တိုင်းရင်းဆေးသံတမန်များက မိတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဦးက ကျေးဇူးတင်စကား ပြောကြားကာ တိုင်းရင်းဆေးမှတ်တိုင်များ စာအုပ်ကို မိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည် ကျား၊ မ ရေးရာတန်းတူညီမျှရေးကွန်ရက်မှ ဒေါ်မေစံပယ်ဖြူနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်သူ့လွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်သည် ကျား၊ မ ရေးရာတန်းတူညီမျှရေးကွန်ရက်မှ ဒေါ်မေစံပယ်ဖြူနှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-12) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျား၊ မ ရေးရာတန်းတူညီမျှရေးကွန်ရက်မှ အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေါင်းဆောင်မှုသင်တန်းများ၊ အမျိုးသမီးများ အကြမ်းဖက်မှု ပပျောက်ရေးအတွက် အသိပညာပေးသည့်လုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ အမျိုးသမီးများ အကြမ်းဖက်မှုမှကာကွယ်တားဆီးရေးဥပဒေမူကြမ်း ထွက်ပေါ်လာရေးနှင့် Gender responsive budget ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၉) ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၉)ကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်ထောင်စုလွှတ်တော်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဦးစီးကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် ၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၉) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**အထူးဂရုပြုဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က ၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားအတွက် လိုအပ်သည်များ ပံ့ပိုးပေးရန် လွှတ်တော်ဥက္ကဋ္ဌများက မှာကြားထားကြောင်း၊ အထိမ်းအမှတ် ပြပွဲကို ခမ်းခမ်းနားနား ပြသဆောင်ရွက်စေလိုကြောင်း၊ လုံခြုံရေးကိစ္စများကို အထူးဂရုပြုဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းကော်မတီများအလိုက် ပြီးစီးဆောင်ရွက်မှုများနှင့် ဆုံးဖြတ်ပေးရမည့် ကိစ္စများကို တင်ပြစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးညှိနှိုင်း**

ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက လုံခြုံရေးကော်မတီအနေဖြင့် လုံခြုံရေးစီမံချက်ပါအတိုင်း အပြည့်အဝ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ လိုအပ်ချက်များရှိပါက အစည်းအဝေးတွင် တင်ပြစေလိုကြောင်း၊ လုပ်ငန်းကော်မတီများ အချင်းချင်း ညှိနှိုင်းဆောင်ရွက်ရန်များကို ဆွေးနွေးညှိနှိုင်းကြစေလိုကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းအကြံပြု**

ယင်းနောက် လုပ်ငန်းကော်မတီများအလိုက် ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးအတည်ပြုသည်။

**ရုပ်သိမ်းလိုက်**

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က နိဂုံးချုပ်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၂၇/၂၀၁၉) ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**


ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၇/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၇/၂၀၁၉)တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



# မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

# ထိုင်းနိုင်ငံအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ (၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ (၁) Mr.Suchart Tonjaroen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၇ နာရီတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ထိုင်းနိုင်ငံအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ (၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

**ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ(၁) Mr. Suchart Tonjaroen အား နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း ကြိုဆိုနှုတ်ဆက်စဉ်။** သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် အာဆီယံအစားအစာပွဲတော်- ၂၀၁၉ (မန္တလေး) တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် အာဆီယံအစားအစာပွဲတော်- ၂၀၁၉ (မန္တလေး)ကို မန္တလေးမြို့သိပ္ပံလမ်းရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ (MCC) ၌ ယနေ့ ဆက်လက်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ခရီးသွားကဏ္ဍမြှင့်တင်**

အာဆီယံ အစားအစာပွဲတော်- ၂၀၁၉ (မန္တလေး) Asean Food Festival – 2019 ကို အာရှနိုင်ငံများ၏ အစားအစာများ၊ မြန်မာ့ရိုးရာအစားအစာများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ သာမက မိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့မှ အစားအစာများကို နိုင်ငံတကာ ဧည့်သည်များ ပိုမိုသိရှိလာပြီးအစားအသောက်ကို အခြေခံသည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြန်မာနိုင်ငံသားများနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ အစားအစာမျိုးစုံတို့ကို တစ်နေရာတည်းတွင် သုံးဆောင်ခံစားနိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ခရီးသွားကဏ္ဍ မြှင့်တင်ရေးလှုပ်ရှားမှုတစ်ခုအနေဖြင့် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြခန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပြခန်း၊ အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့မှ ရိုးရာအစားအစာပြခန်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းမှ ရိုးရာအစားအစာနှင့် ဒေသထွက်ကုန်အစားအသောက်ပြခန်းများ၊ အမှတ်တရလက်ဆောင်အရောင်းပြခန်းများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းပြခန်း၊ ဘဏ်လုပ်ငန်းဆိုင်ရာပြခန်းများနှင့် မြန်မာနိုင်ငံ၏ ဒေသအသီးသီးမှ ရိုးရာအစားအသောက်ပြခန်းများ ပြသထားသည်။

**၁၄ နိုင်ငံမှပါဝင်ပြသ**

ယခုကျင်းပသည့် အာဆီယံအစားအစာပွဲတော်- ၂၀၁၉ တွင် မြန်မာနိုင်ငံအပါအဝင်ဖြစ်သည့် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံ စုစုပေါင်း ၁၄ နိုင်ငံမှ ပြခန်းပေါင်း ၁၃၀ ကျော် ပါဝင်ပြသပြီး ဖျော်ဖြေမှုများအနေဖြင့် မြန်မာ့ဒေါင်းလန်းကြီးဖြင့် ခေတ်အဆက်ဆက် ပြောင်းလဲအသုံးပြု စားသောက်ပုံများ၊ အစားအစာ ချက်ပြုတ်ခြင်းဆိုင်ရာ တင်ဆက်မှုများ၊ အဖျော်ယမကာ ဖျော်စပ်ခြင်းဆိုင်ရာ တင်ဆက်မှုများနှင့် အတူ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအကအလှုများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် တာဝန်ရှိသူများ အာဆီယံ အစားအစာပွဲတော်- ၂၀၁၉ (မန္တလေး)၌ ခင်းကျင်းပြသထားသည့် ရိုးရာအစားအစာပြခန်းများအား ကြည့်ရှုအားပေးစဉ်။**
သတင်းစဉ်

# နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မူကြိုကျောင်းများ၊ ဌာနဆိုင်ရာရုံးများ ကွင်းဆင်းစစ်ဆေး



**တပ်ကုန်း ဩဂုတ် ၁၉**

နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းသည် နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး၊ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရွှေရွှေမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူငယ်ရေးရာအဖွဲ့၊အမျိုးသမီးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများ ပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ သဘာဝဘေး အန္တရာယ်ဖြစ်ပွားလာပါက ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီပြုလုပ်ရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများသည် မြဝတီရပ်ကွက်အတွင်းရှိ ရင်သွေးပျိုးခင်းမူကြို၊ ဟိန်းသစ္စာမူကြိုကျောင်းများသို့သွားရောက်ပြီး ကလေးငယ်များအတွက် လုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှု၊ ပြုစုပျိုးထောင်သင်ကြားမှုအခြေအနေများ ကြည့်ရှုစစ်ဆေးခဲ့သည်။ (ဓါတ်ပုံ)

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင်သည် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြို့နယ်ဥပဒေရုံး၊ မြို့နယ်တရားရုံးများသို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကြည့်ရှုခဲ့ပြီးနောက် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများကိုလည်း အထူးအလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၊ Mini Museum (ပြတိုက်ငယ်)၊ ကလေးစာဖတ်ခန်းနှင့် မြေစိုက်နံရံကပ်ဘုတ်များ ပြသဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# နေရပ်စွန့်ခွာသူ ၃၄၅၀ အား ဩဂုတ် ၂၂ ရက်တွင် မြန်မာဘက်မှ ပြန်လည်လက်ခံမည့်ကိစ္စနှင့်ပတ်သက်၍ UNHCR နှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေးသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ဒုတိယဌာနေကိုယ်စားလှယ် Ms. Cecile Fradot အား ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ညှိနှိုင်းချက်အရ စိစစ်ပြီးဖြစ်သည့် နေရပ်စွန့်ခွာသူ ၃၄၅၀ အား ဩဂုတ် ၂၂ ရက်တွင် မြန်မာဘက်မှ ပြန်လည်လက်ခံမည့်ကိစ္စနှင့်ပတ်သက်၍ အဆိုပါပြန်လာမည့်သူများအား ပြန်လည်နေရာချထားမည့်ကျေးရွာများတွင် UNHCR မှသွားရောက်လိုသည့်ကိစ္စအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန၏သဘောထားနှင့် UNHCR နှင့်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများကို ဆွေးနွေးပြောကြားသည်။

**လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးနိုင်**

ယင်းသို့ပြောကြားရာတွင် ညွှန်ကြားရေးမှူးချုပ်က နေရပ်စွန့်ခွာသူ ၃၄၅၀ အား ပြန်လည်လက်ခံမည့်ကိစ္စကို မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်ဖက်သဘောတူညီချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ UNHCR နှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို မြန်မာနှင့်ကုလသမဂ္ဂအကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ (MoU) ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ UNHCR အနေဖြင့် ပြန်လာမည့်သူများအတွက် လိုအပ်သည်များကူညီပံ့ပိုးပေးရန်ရှိပါက အဆိုပြုနိုင်ကြောင်း၊ မြန်မာဘက်မှလည်း အကူအညီတောင်းခံရန် လိုအပ်သည့်အခါ MoU ပါအတိုင်း မေတ္တာရပ်ခံသွားမည်ဖြစ်ပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားမည့်အစီအစဉ်နှင့်နေရာများကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ နှစ်ဖက်သဘောတူညီချက်အတိုင်း အသိပေးပြီးဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ သိရှိလိုသည့် သတင်းအချက်အလက်များလိုအပ်၍ ထပ်မံတောင်းခံလာပါက အပြုသဘောပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မကြာမီကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်ဦးဆောင်ပြီး အာဆီယံမှအရေးပေါ်တုံ့ပြန်ရေးအဖွဲ့ဝင်များလိုက်ပါသည့် ကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်ရှိနေရပ်စွန့်ခွာသူများ နေထိုင်သည့်နေရာများသို့ သွားရောက်၍ ပြန်လည်လက်ခံမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ယင်းမတိုင်မီကလည်း မြန်မာဘက်မှ ကိုယ်စားလှယ်အဖွဲ့များသွားရောက်ပြီး အလားတူရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် လက်မှတ်ရေးထိုးထားသည့် MoU ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး UNHCR အနေဖြင့်နေရပ်စွန့်ခွာသူများအား ခေတ္တထားရှိမည့် လှဖိုးခေါင်ကြားစခန်းနှင့်၎င်းတို့အားပြန်လည်နေရာချထားမည့် ကျေးရွာများတွင် လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးနိုင်ပါကြောင်း ပြောကြားသည်။

**MoU အားတစ်နှစ်သက်တမ်းတိုး**

နေရပ်စွန့်ခွာသူများအား နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ပြန်လည် လက်ခံရာတွင် မြန်မာအစိုးရအား ပေးအပ်လိုသည့်ကူညီပံ့ပိုးမှုများကို အစိုးရနှင့် တိုင်ပင်ပြီး ပြုလုပ်နိုင်ရန်အတွက် မြန်မာအစိုးရနှင့် ကုလသမဂ္ဂတို့သည် ၂၀၁၈ ခုနှစ် ဇွန် ၆ ရက်တွင် MoU ကို လက်မှတ်ရေးထိုးခဲ့ပြီး၊ ၂၀၁၉ ခုနှစ် မေ ၂၈ ရက် တွင် အဆိုပါ MoU အား တစ်နှစ်သက်တမ်းတိုးသည့် သဘောတူညီချက်ကို နှစ်ဖက်လဲလှယ်ခဲ့သည်။

**လွတ်လပ်စွာကွင်းဆင်းလေ့လာမှုများ ပြုလုပ်**

၎င်း MoU ပါ ပြဋ္ဌာန်းချက်များအရ မြန်မာအစိုးရသည် UNDP နှင့် UNHCR တို့အား ရခိုင်ပြည်နယ်ရှိကျေးရွာပေါင်း ၈၀ ကျော်ကို ၂၀၁၉ ခုနှစ် ဇူလိုင် ၁၃ ရက်အထိ လွတ်လပ်စွာကွင်းဆင်းလေ့လာမှုများ ပြုလုပ်စေခဲ့ပြီး၊ ကျေးရွာတွင် နေထိုင်သူများနှင့် ပြန်လည်ဝင်ရောက်မည့်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးတိုးတက်ရေး (Quick Impact Project- QIP) စီမံကိန်း (၃၄)ခုကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်အထိ ခွင့်ပြုပေးထားပြီးဖြစ်သည်။ နယ်မြေလုံခြုံရေးအခြေအနေပေါ်မူတည်ပြီး ကျန်သည့်ကျေးရွာများတွင် လေ့လာဆန်းစစ်မှုများနှင့် QIP များ ဆက်လက်ဆောင်ရွက်ခွင့်ပေးသွားရန်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့်**
**ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ**
**( ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄ ။)**
**၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရဖြစ်စေ မြေတစ်ရပ်ကို အများပြည်သူအကျိုးအလို့ငှာ အမြဲတမ်း သို့မဟုတ် ယာယီလိုအပ်မှုအပါအဝင် မြေကိုလိုအပ်သမျှအသုံးပြုမှု၊ လက်ဝယ်ထိန်းသိမ်းထားမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများအတွက် မြေသိမ်းဆည်းခြင်း၊ လျော်ကြေး၊ နစ်နာကြေးငွေပေးအပ်ခြင်း၊ ပြန်လည်နေရာချထားခြင်း၊ လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ခြင်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်စေရမည်။ ထို့အပြင် အောက်ပါကိစ္စရပ်များနှင့်လည်း အကျုံးဝင်သက်ဆိုင်စေရမည် -

(က) နိုင်ငံတော်၏ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် မြေလိုအပ်မှုများ၊

(ခ) အမျိုးသားစီးပွားရေးမူဝါဒအရ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် စီမံကိန်းများ၊

(ဂ) အမျိုးသားစီမံကိန်းဥပဒေပါ လူမှုစီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများ၊

(ဃ) မြို့ပြနှင့် ကျေးရွာတိုးချဲ့တည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊

(င) ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း ကိစ္စရပ်များ၊

(စ) လယ်ယာမြေ သိမ်းဆည်းခြင်းအတွက် လယ်ယာမြေဥပဒေအရ လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြန်လည်ရယူခြင်းအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ လည်းကောင်း လျော်ကြေးနှင့်နစ်နာကြေးများပေးဆောင်ခြင်းတို့မှအပ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြေသိမ်းဆည်းသည့်ကိစ္စရပ်များ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြေ** ဆိုသည်မှာ မြေနှင့် မြေမှထွက်ပေါ်သော အကျိုးအမြတ်များ၊ မြေတွင် စွဲကပ်နေသော အရာဝတ္ထုများ သို့မဟုတ် မြေတွင် စွဲကပ်နေသော အရာတစ်ခုခု၌ ထာဝရတွယ်ကပ်ထားသည့် အရာဝတ္ထုများကို ဆိုသည်။

(ခ) **အိမ်ထောင်သားစု** ဆိုသည်မှာ သွေးသားတော်စပ်၍ဖြစ်စေ၊ အိမ်ထောင်မှုဖြင့် တော်စပ်၍ဖြစ်စေ အတူတကွ နေထိုင်လျက်ရှိသော မိသားစုကို ဆိုသည်။

(ဂ) **မြေပိုင်ဆိုင်ခွင့်ရှိသူ** ဆိုသည်မှာ မြေသိမ်းဆည်းခြင်းပြုသည့်အတွက် ထိခိုက်နစ်နာမှုရှိသဖြင့် လျော်ကြေး၊ နစ်နာကြေးနှင့် ဤဥပဒေအရ ပေးအပ်သော အခြားအခွင့်အရေးများကို တောင်းဆိုခွင့်ရှိပြီး မြေကို ခိုင်လုံသောအထောက်အထားဖြင့် ပိုင်ဆိုင်သူနှင့် ၎င်း၏ အိမ်ထောင်သားစုတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ထိခိုက်နစ်နာမှုရှိသော အောက်ပါပုဂ္ဂိုလ်များလည်း ပါဝင်သည်-

(၁) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သည့် မြေယာမှတ်တမ်းများတွင် မြေ သို့မဟုတ် အဆောက်အအုံ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်း၏ပိုင်ရှင်ဖြစ်ကြောင်း၊ လက်ဝယ်ထားပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အသုံးပြုခွင့်ရသူဖြစ်ကြောင်း သို့မဟုတ် အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း တရားဝင်မှတ်တမ်းတင်ထားသူ၊

(၂) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြေရရှိသူ သို့မဟုတ် ပိုင်ဆိုင်ခွင့်ရရှိသူ၊

(၃) တရားရုံး၏ အမိန့်ဖြင့်ဖြစ်စေ၊ လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏အမိန့်ဖြင့်ဖြစ်စေ မြေပိုင်ဆိုင်သူဖြစ်ကြောင်း ကြေညာခြင်းခံရသူ သို့မဟုတ် စာရင်းသွင်းခံရသူ၊

(၄) တရားဝင်မှတ်တမ်း အထောက်အထားမရှိသော်လည်း တိုင်းရင်းသားလူမျိုးစုများ၏ ထုံးတမ်းစဉ်လာများနှင့်အညီ ပိုင်ဆိုင်သည်ဟု ဒေသခံအစုအဖွဲ့က လက်ခံထားသည့်အပေါ် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အသိအမှတ်ပြုခြင်းခံရသူ။

(ဃ) **မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း** ဆိုသည်မှာ မြေကို အများပြည်သူ အကျိုးအလို့ငှာ အသုံးပြုရေးအတွက် ဤဥပဒေအရ သိမ်းဆည်းရန်အဆိုပြုသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းကို ဆိုသည်။

(င) **မြေကိုသိမ်းဆည်းရန်လိုအပ်ကြောင်းအသိပေးသည့် အမိန့်ကြော်ငြာစာ** ဆိုသည်မှာ မြေတစ်ရပ်ရပ်ကို သိမ်းဆည်းရန် ရည်ရွယ်ကြောင်းကို လည်းကောင်း၊ အများပြည်သူသို့ ကန့်ကွက်နိုင်ရန်နှင့် ရပိုင်ခွင့်များ တောင်းဆိုနိုင်ရန်လည်းကောင်း၊ မြေသိမ်းဆည်းရေး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုသိရှိနိုင်ရန်လည်းကောင်း ပွင့်လင်းမြင်သာစွာ အသိပေးသည့် အမိန့်ကြော်ငြာစာကို ဆိုသည်။

(စ) **မြေကို သိမ်းယူမည်ဖြစ်ကြောင်းအမိန့်ကြော်ငြာစာ** ဆိုသည်မှာ မြေကို သိမ်းယူရန် ပဏာမ စစ်ဆေးချက်များကို ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်အရ မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ အသိပေးကြေညာခြင်းကို ဆိုသည်။

(ဆ) **မြေကိုလက်ရောက်သိမ်းဆည်းခြင်း** ဆိုသည်မှာ သာမန်အားဖြင့် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းသို့ အဆိုပြုသည့်မြေအား ကြွေးမြီကင်းရှင်းသည့် နိုင်ငံပိုင်မြေအဖြစ်ဖြင့် လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မြေသိမ်းဆည်းမှုအကောင်အထည် ဖော်ဆောင်ရွက်ရေးအဖွဲ့က ဤဥပဒေနှင့်အညီ လက်ရောက်ရယူခြင်းကို ဆိုသည်။

(ဇ) **အများပြည်သူအကျိုးအလို့ငှာ** ဆိုသည်မှာ ပုဒ်မ ၂ ပါ ဤဥပဒေနှင့် သက်ဆိုင်အကျုံးဝင်သည့်ကိစ္စများတွင် အများပြည်သူအကျိုးစီးပွားအတွက်ရည်ရွယ်၍ အနည်းဆုံးလိုအပ်သမျှ မြေကိုသာ မြေသိမ်းဆည်းသည့်ကိစ္စ ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဈ) **တရားရုံး** ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ် တရားလွှတ်တော်နှင့် ခရိုင်အဆင့်စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးကို ဆိုသည်။

(ည) **ထိခိုက်နစ်နာမှု** ဆိုရာတွင် မြေကိုသိမ်းဆည်းသည့်အတွက် အောက်ပါအကျိုးစီးပွားတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ထိခိုက်နစ်နာမှုနှင့် ဆုံးရှုံးမှုတို့ပါဝင်သည်-

(၁) သိမ်းဆည်းခြင်းခံရသည့် မြေ သို့မဟုတ် မြေပေါ်ရှိ လူနေအိမ်ရာနှင့် အခြားမရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်လွှတ်ဆုံးရှုံးခြင်း၊

(၂) အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသော မြေ သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆုံးရှုံးရခြင်း၊

(၃) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားရှိသော သိမ်းဆည်းသည့်မြေကို အကြောင်းပြု၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စားဝတ်နေရေးထိခိုက်နစ်နာရခြင်း၊

(ဋ) **သိမ်းဆည်းမြေတွင် ဆက်နွှယ်ပတ်သက်သူ** ဆိုရာတွင် မြေကိုသိမ်းဆည်းသည့်အတွက် ထိုမြေနှင့် ဆက်နွှယ်၍ ထိခိုက်နစ်နာမှုရှိသော အောက်ပါပုဂ္ဂိုလ်များပါဝင်သည်-

(၁) သီးစားလုပ်ကိုင်သူ၊

(၂) ငှားရမ်း၍ လုပ်ကိုင်သူ၊

(၃) ဖက်စပ်လုပ်ကိုင်သူနှင့် အကျိုးတူလုပ်ကိုင်သူ၊

(၄) မြေကို တရားဝင်ပိုင်ဆိုင်မှုမရှိသော်လည်း သိမ်းဆည်းသည့် မြေပေါ်တွင် သိမ်းဆည်းခြင်းမပြုမီ အနည်းဆုံး ၁၂ နှစ် တစ်ဆက်တစ်စပ်တည်း လက်ဝယ်ထားရှိလုပ်ကိုင်သူအဖြစ်ဖြစ်စေ၊ အမှန်တကယ် လယ်ယာလုပ်သားအဖြစ်ဖြင့် ဖြစ်စေ၊ လက်ခစားအဖြစ်ဖြင့်ဖြစ်စေ လုပ်ကိုင်လျက်ရှိသူ။

(ဌ) **ထိခိုက်နစ်နာသူ** ဆိုသည်မှာ မြေကို သိမ်းဆည်းသည့်အတွက် ထိခိုက်နစ်နာမှုရှိသော မြေပိုင်ဆိုင်ခွင့်ရှိသူနှင့် သိမ်းဆည်းမြေတွင် ဆက်နွှယ်ပတ်သက်သူတို့ကို ဆိုသည်။

(ဍ) **အဆောတလျင်မြေသိမ်းဆည်းခြင်း** ဆိုသည်မှာ အရေးပေါ်ဖြစ်ပေါ်လာသည့် ကိစ္စတစ်ရပ်ရပ်အပေါ် အခြေခံ၍ အများပြည်သူအကျိုးအလို့ငှာ မလွှဲမရှောင်သာသော အခြေအနေတစ်ရပ်ရပ်တွင် အလျင်အမြန် မြေသိမ်းဆည်းခြင်းကို ဆိုသည်။

(ဎ) **ယာယီမြေသိမ်းဆည်းခြင်း** ဆိုသည်မှာ မြေကို ရေရှည်အသုံးချရန် မရည်ရွယ်ဘဲ ငါးနှစ်ထက်မပိုစေဘဲ ထိုကာလတစ်ခုအတွင်း အများပြည်သူအကျိုးအလို့ငှာ ယာယီအသုံးပြုရန်အတွက်သာ သိမ်းဆည်းခြင်းကို ဆိုသည်။

(ဏ) **မြေသိမ်းဆည်းမှုကုန်ကျစရိတ်** ဆိုရာတွင် မြေတစ်ရပ်ရပ်ကို သိမ်းဆည်းခြင်းအတွက် ဆောင်ရွက်ရာ၌ ကုန်ကျသော အောက်ပါစရိတ်ငွေများ ပါဝင်သည်-

(၁) လျော်ကြေးနှင့် နစ်နာကြေးများ၊

(၂) မြေပိုင်ဆိုင်ခွင့်ရှိသူနှင့် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းတို့ ညှိနှိုင်းသဘောတူညီချက်အရ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းပြုရာတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ကုန်ကျစရိတ်များ အပါအဝင် အထွေထွေကုန်ကျစရိတ်များ၊

(၃) အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲရေးကုန်ကျစရိတ်များ။

(တ) **လျော်ကြေး (Compensation)** ဆိုသည်မှာ မြေတစ်ရပ်ရပ်ကို သိမ်းဆည်းရာတွင် သိမ်းဆည်းသည့်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံနှင့် အခြားမရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၊ သီးပင်စားပင်များအတွက် မြေပိုင်ဆိုင်ခွင့်ရှိသူအား ပေးလျော်သည့် လျော်ကြေးငွေကို ဆိုသည်။

(ထ) **နစ်နာကြေး (Damage)** ဆိုသည်မှာ မြေတစ်ရပ်ရပ်ကို သိမ်းဆည်းခြင်းကြောင့် အောက်ပါ ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် ထိခိုက်နစ်နာသူတို့အား ပေးလျော်ရသည့် ငွေကြေးကို ဆိုသည်-

(၁) ပြန်လည်နေရာချထားခြင်းမပြုမီ မြေပိုင်ဆိုင်ခွင့်ရှိသူ၏ နေရေးထိုင်ရေးနှင့် စားသောက်ရေးအတွက် ကုန်ကျစရိတ်များရှိခြင်း၊

(၂) အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အလုပ်အကိုင်များ ရပ်ဆိုင်းသွားသည့်အတွက် ဝင်ငွေဆုံးရှုံးခြင်း၊

(၃) မြေသိမ်းဆည်းခြင်းအတွက် မြေတိုင်းတာခြင်း၊ အမှတ်အသားများစိုက်ထူခြင်းနှင့် အတားအဆီးများ ရှင်းလင်းဖယ်ရှားခြင်းတို့ပြုရာတွင် အဆောက်အအုံများနှင့် သီးပင်စားပင်များ ပျက်စီးဆုံးရှုံးခြင်း။

(ဒ) **ရွှေ့ပြောင်းနေရာချထားစရိတ်** ဆိုရာတွင် သိမ်းဆည်းခြင်းခံရသည့် မြေပေါ်မှ ရွှေ့ပြောင်းဖယ်ရှားရသော ကုန်ကျစရိတ်များနှင့် ရွှေ့ပြောင်းသည့်နေရာ၌ နေထိုင်ရန်အတွက် ထောက်ပံ့မှုများ ပါဝင်သည်။

(ဓ) **ပြန်လည်နေရာချထားခြင်း** ဆိုသည်မှာ သိမ်းဆည်းမြေပေါ်မှ ရွှေ့ပြောင်းခံရသည့် မြေပိုင်ဆိုင်ခွင့်ရှိသူ၏ဆန္ဒအရ ဤဥပဒေ အခန်း (၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့် အခွင့်အရေးတစ်ရပ်ရပ်ကို ရွေးချယ်၍ မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် လူနေအိမ်အဆောက်အအုံနှင့် အခြေခံအဆောက်အအုံများ စီစဉ်ဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(န) **ပြန်လည်ထူထောင်ခြင်း** ဆိုရာတွင် မြေသိမ်းဆည်းခံရမှုကြောင့် အကျိုးစီးပွား ထိခိုက်နစ်နာသူများအတွက် မြေပိုင်ဆိုင်ခွင့်ရှိသူ၏ ဆန္ဒအရ ဤဥပဒေအခန်း (၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့် အခွင့်အရေး တစ်ရပ်ရပ်ကိုရွေးချယ်၍ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ယာယီဘဝရပ်တည်မှု ကုန်ကျစရိတ်များ၊ လူမှုရေးပံ့ပိုးမှုလုပ်ငန်းစဉ်များစသည့် လူမှုစီးပွားရေးဘဝကို ပြန်လည်ထူထောင် ပေးသည့် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ ပါဝင်သည်။

(ပ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဖ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ တာဝန်ပေးအပ်သော ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(ဗ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေအလို့ငှာ တာဝန်ခံဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(ဘ) **မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့** ဆိုသည်မှာ မြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်းအသိပေးသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာသည့်အခါ မြေသိမ်းဆည်းမှု လုပ်ငန်းအဝဝကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ကို ဆိုသည်။

(မ) **ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့** ဆိုသည်မှာ မြေပိုင်ဆိုင်ခွင့်ရှိသူအား ရွှေ့ပြောင်းနေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များကို တာဝန်ခံ၍ ဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုကော်မတီက ဖွဲ့စည်းပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ကို ဆိုသည်။

(ယ) **မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲ** ဆိုသည်မှာ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဤဥပဒေအရ မြေသိမ်းဆည်းရေးနှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးရန် ဖွဲ့စည်းပေးသော အဖွဲ့ခွဲကို ဆိုသည်။

*ဆက်လက်ဖော်ပြပါမည်*



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး



ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်(၁၂)မှ ဦးခင်မျိုးဝင်း



ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်



ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်

❊ *ရှေ့စုံမှ*

KG+ 12 ပညာရေး(သင်ရိုးညွှန်းတမ်း)ကိစ္စ၊ ဆရာ ကျောင်းသား အချိုးမညီမျှမှုကိစ္စနှင့် တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စများ၊ နည်းပညာ၊ သက်မွေးပညာကဏ္ဍမှ သင်တန်းဖွင့်လှစ်မှုဆိုင်ရာကိစ္စများ၊ အဆင့်မြင့်ပညာကဏ္ဍ၌ ဆရာ ဆရာမများ၏ ရာထူးတိုး၊ ပြောင်းရွှေ့ခြင်းကိစ္စများနှင့်စပ်လျဉ်း၍ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ကော်မရှင်၏ ၆ လတာကာလ လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့၏ ရှင်းလင်းချက်တို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁၁/၂၀၁၉)တို့နှင့် စပ်လျဉ်း၍ **ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး**က အသုံးစရိတ်များမသုံးဖြစ်၍ ပိုလျှံပြန်အပ်ငွေများ ဖြစ်ပေါ်လာမှုများအပေါ် တာဝန်ရှိသည့် ဘတ်ဂျက်ရေးဆွဲတင်ပြသူများ၊ လုပ်ငန်းအကောင်အထည်ဖော်မှု အားနည်းသူများကို စိစစ်ဖော်ထုတ်ပြီး အရေးယူသင့်က အရေးယူပေးပါရန် သို့မဟုတ် ပိုလျှံပြန်အပ်ငွေများ နည်းပါးလာစေရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း**က ငွေစာရင်းအရ ယခုတွေ့ရှိနေရသည့် သုံးစွဲနေမှုများအပေါ် မြေပြင်အနေအထားဆောင်ရွက်မှု ရှိ၊ မရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်မှ သက်ဆိုင်ရာ တိုင်းဒေသကြီးများရှိ စာရင်းစစ်အဖွဲ့အစည်းများထံ ကြပ်မတ်ညွှန်ကြားပေးရန်နှင့် ပြီးခဲ့သည့် အတိတ်က ဆောင်ရွက်ချက်များကို အခြေခံပြီး လက်ရှိပစ္စုပ္ပန်တည့်တည့်တွင် အခြေအနေကို သုံးသပ်၍ လာမည့် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ပုံဖော်ဆောင်ရွက်ကြမည်ဆိုပါက ပြည်ထောင်စုဝန်ကြီးဌာန အားလုံးသည် အမှားနည်းနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်(၁၂)မှ ဦးခင်မျိုးဝင်း**က တရုတ်နိုင်ငံ Exim Bank ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများသည် မူလသတ်မှတ်ထားသည့် အချိန်တွင် ပြီးစီးမှုမရှိသဖြင့် စီမံကိန်းကာလထပ်မံတိုးမြှင့်နေသည်မှာ အစဉ်အလာတစ်ရပ်ကဲ့သို့ ဖြစ်နေပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိအောင် စစ်ဆေးထိန်းကျောင်းရန် လိုအပ်ပါကြောင်း၊ နှစ်ကာလကြာမြင့်လာသည့်အတွက် စီမံကိန်းစရိတ်များပိုမိုလာ၍ စီမံကိန်းခန့်မှန်းခြေစာရင်း ပိုမိုများပြားလာပါကြောင်း၊ ချေးငွေယူရမည့် သက်တမ်းကုန်ဆုံးသွားပြီး တရုတ်နိုင်ငံ Exim Bank ချေးငွေထပ်မံ ထုတ်ယူ၍ မရတော့သည့်အတွက် စီမံကိန်းဆက်လက်အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်ဘဏ္ဍာငွေမှ မဖြစ်မနေ စိုက်ထုတ်နေရပါကြောင်း ဆွေးနွေးသည်။

**ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်**က ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ စီမံကိန်းနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများသည် ပြည်သူတို့အတွက် အမှန်တကယ်အကျိုးသက်ရောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်းအပိုင်းကို အစီရင်ခံစာတွင် မတွေ့ရှိရပါကြောင်း၊ ထို့ပြင် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု၊ ဝန်ထမ်းများအဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်းကိစ္စရပ်များကိုလည်း အစီရင်ခံစာတွင် ပြည့်ပြည့်စုံစုံဖော်ပြထားမှု မရှိပါကြောင်း၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံအင်အားတို့သည် ထမ်းဆောင်သည့် လုပ်ငန်းတာဝန်နှင့် လျော်ကန်မျှတမှု ရှိ၊ မရှိ စစ်ဆေးခြင်း စသည်တို့ကိုလည်း အစီရင်ခံစာတွင် မတွေ့ရှိရပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်) သန်းစိုး(ဘောဂဗေဒ)တို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက စစ်ဆေးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၁၁/၂၀၁၉)တို့နှင့်စပ်လျဉ်း၍ ကျန်ရှိသည့် အစီအစဉ်များကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန် လျာထားကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ပထမ ၆ လပတ် အခွန်ရငွေစာရင်းများနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၂/၂၀၁၉)တို့နှင့် စပ်လျဉ်း၍ **ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်**က အစီရင်ခံစာတွင် လျာထားချက်များသည် မည်မျှကျိုးကြောင်းဆီလျော်မှုရှိသည်။ လျာထားချက်များ ပြည့်မီအောင် မည်သို့ဆောင်ရွက်နေသည်။ အခွန်ထမ်းပြည်သူများ၏ အခွန်ဆောင်နိုင်စွမ်းနှင့် အခွန်ပေးသွင်းချင်စိတ်ကို မည်သို့မြှင့်တင်မည်။ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုအနေဖြင့် မည်သည့်အရာများကို လုပ်နိုင်ခဲ့သည်။ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကြောင့် မည်သို့သော အကျိုးရလဒ်များရသည်ဆိုသည့်အချက်များ ပါဝင်သင့်ပါကြောင်း ဆွေးနွေးသည်။

**သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး**က အခွန်ဆိုင်ရာ အချက်အလက်များကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ တိတိကျကျ ကောက်ခံနိုင်ရေးကို ဆောင်ရွက်ရန်၊ ပြည်ထောင်စု၏ အခွန်အကောက်ရငွေများကို တစ်နှစ်အတွင်း ရရှိနိုင်မည့် အခွန်ဘဏ္ဍာငွေများကို ပြည့်ပြည့်ဝဝရရှိနိုင်ရေးကို ကြပ်ကြပ်မတ်မတ်ဖြင့် ဆောင်ရွက်ရန်၊ အခွန်ရငွေနှင့် ဂျီဒီပီအချိုးတိုးတက်လာအောင် ဆောင်ရွက်သည့် နေရာတွင် အခွန်တိုးကောက်ခံခြင်းကိုမဆောင်ရွက်ဘဲ အခွန်မရှောင်နိုင်အောင် ဆောင်ရွက်ရန်နှင့် အခွန်ထမ်းကြသည့် အခွန်ထမ်းများကိုယ်တိုင် အခွန်စနစ်ကို သေချာစွာ နားလည်သဘောပေါက်လက်ခံပြီး အခွန်ထမ်းခြင်းကို ဂုဏ်ယူတတ်စေရန် ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်**က လုပ်ငန်းရှင်သစ်များထံမှ အခွန်ငွေသစ်များ ရရှိနိုင်စေရန် လုပ်ငန်းရှင်သစ်များ တိုးပွားလာအောင် သက်ဆိုင်ရာများက ကူညီပေးရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ ထို့ပြင် ပုန်းကွယ်နေသော လုပ်ငန်းရှင်များကို ရှာဖွေဖော်ထုတ်ပြီး အခွန်ကောက်နိုင်အောင် ကြံဆောင်ကြိုးစားကြရန်နှင့် အခွန်တိမ်းရှောင်နေသူများနှင့် အခွန်ပေးရသက်သာစေရန် မတရားသည့် နည်းလမ်းများဖြင့် ပြုလုပ်ကြံစည် အားပေးနေသူများကိုလည်း ထိန်းချုပ်ရန် နည်းလမ်းရှာဖွေကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံကြီးသားပီသချင်သူများက အခွန်ဆောင်ရန် အဆင်သင့်ဖြစ်နေကြပြီဖြစ်၍ အခွန်ထမ်းမည့် လုပ်ငန်းရှင်များကို ကူညီပေးပြီး အခွန်ဆောင်လုပ်ငန်းရှင်များ မြန်မြန်ဆန်ဆန်ဖြစ်လာအောင် ကူညီပံ့ပိုးသင့်ကြောင်း အကြံပြုတိုက်တွန်းဆွေးနွေးသည်။

## အကျင့်ပျက်ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အပြစ်ပေး အရေးယူရန်နှင့် ဝန်ထမ်းအင်အား လိုအပ်ချက်နှင့် ဘတ်ဂျက်လိုအပ်ချက်များကို နိုင်ငံတော်အစိုးရမှ လုံလောက်အောင် ထောက်ပံ့ပေးသင့်

**ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း**က မိမိတို့နိုင်ငံ၏ လိုအပ်ချက်များနှင့် ကိုက်ညီမည့် နည်းပညာနှင့် နိုင်ငံတကာ ကျင့်စဉ်ကောင်းများကို အခြေခံ၍ အခွန်စီမံအုပ်ချုပ်ရေးကို ခေတ်မီအောင် ဆောင်ရွက်ရန် အခွန်ထမ်းများကို ၎င်းတို့၏ တာဝန်များနှင့်ပတ်သက်၍ အသိပညာပေးရန်၊ အခွန်ထမ်းဝန်ဆောင်မှုပေးခြင်းနှင့် အရေးယူမှု အစီအစဉ်များကို ညီမျှအောင် ဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများ၏ တစ်ဦးချင်းစွမ်းဆောင်ရည်နှင့် ဌာနစွမ်းဆောင်ရည် တိုးတက်စေရန် အခွန်စာရင်းများ စနစ်တကျစစ်ဆေးပြီး အကျင့်ပျက်ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အပြစ်ပေး အရေးယူရန်နှင့် ဝန်ထမ်းအင်အားလိုအပ်ချက်နှင့် ဘတ်ဂျက်လိုအပ်ချက်များကို နိုင်ငံတော်အစိုးရမှ လုံလောက်အောင် ထောက်ပံ့ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်) သန်းစိုး (ဘောဂဗေဒ)၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းနှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၁၂/၂၀၁၉)နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန် လျာထားကြောင်း ကြေညာပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်သည်။

**သတင်း- မော်စီ၊ မွှေးကြူဇင်**
**ဓာတ်ပုံ-ထိုက်ထိုက်**

# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့သို့ မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေး ပညာဌာနမှ ဆရာ/ ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၂၇၉ ဦး တက်ရောက်လေ့လာကြသည်။ **(ယာပုံ)**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၅၇၁၁၂ ဦးရှိပြီး လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက် ကြိုတင် ညွှန်ကြား ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်ပွဲရှောင်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

**သီပေါ ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မိုင်းယောက်ကျေးရွာအုပ်စု မိုင်းတင်းကျေးရွာသို့ တိမ်းရှောင်လာသော တိုက်ပွဲရှောင်ပြည်သူများအား စားသောက်စရာ ဆန်၊ ဆီ၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥနှင့် ကလေးများအတွက် စားစရာမုန့်များကို နယ်စည်းမခြား ပရဟိတ(သီပေါ)ဉက္ကဋ္ဌ ဦးမျိုးလွင်(ကိုမျိုး)နှင့် အဖွဲ့ဝင်များက ဩဂုတ် ၁၉ ရက်တွင် တိုက်ပွဲရှောင်စခန်းအရောက် သွားရောက်ကူညီလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အလှူရှင်များမှာ ဒေါ်ရွှေကြာ(ရန်ကုန်)မှ ဆန်အိတ် ၁၀ အိတ်နှင့် အလှူငွေကျပ် သုံးသိန်း၊ နဂါးမောက်ခြံ ဒေါ်နန်းခမ်းလှိုင်က ငွေကျပ်နှစ်သိန်း၊ ရွှေကုန်းသာစားသောက်ဆိုင်မှ ငွေကျပ် တစ်သိန်းနှင့် ဆန် ငါးအိတ်၊ တောင်တန်းပြာစားသောက်ဆိုင်မှ ကြက်ဥ အလုံး ၂၀၀ နှင့် စားသုံးဆီ တစ်ပုံး၊ မရီရီဝင်း ဆန်ဆိုင်မှ စားသုံးဆီ တစ်ပုံးနှင့် ရေသန့်တစ်အိတ်တို့ကို လှူဒါန်းကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၁ / ၂၀၁၉**

**၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်**

**(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည် -

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
| --- | --- | --- |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ဘိုင်းလယ်ကျေးရွာနေ မြင့်ထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၈-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ဘိုင်းလယ်ကျေးရွာနေ မြင့်ထွန်း(၃၂)နှစ်၊ (ဘ)ဦးအုန်းရွှေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ) ၁၁၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ အစုကြီးကျေးရွာနေ ဝင်းမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၈-၂၀၁၉ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ အစုကြီးကျေးရွာနေ ဝင်းမြင့်(၄၇)နှစ်၊ (ဘ)ဦးလှတင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မဘိမ်း)မယ(ပ) ၆၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၁၇-၈-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၇၂၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၉၅၂)ဦး၊ မ(၁၈၀)ဦး၊ ပေါင်း(၁၁၃၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၇၀၃.၂၇၈၄)ဂရမ်၊ ICE (၁၃၁၈.၇၂)ဂရမ်၊ ဘိန်း (၃၉၇၇၆.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၆၀၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၃၇၉၇၂)ပြား၊ ဆေးခြောက် (၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့အဝင် မြစ်ကြီးနား-မိုးကောင်းသွား ကားလမ်းပေါ်၌ သတင်းအရ Passo ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မန်ခိန်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၁၁၀)ဂရမ်၊ မိုးကောင်းမြို့နယ်၊ ပင့်သာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၁၀)ပြား၊ ဘိန်းဖြူ(၀.၂)ဂရမ်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၈၀၀၀)ပြား၊ မိုးမောက်မြို့နယ်၊ ကျောက်စခန်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Prado ယာဉ်နှင့် Nissan X-Trail ယာဉ်တို့အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ ဘိန်းဖြူ(၂၂၀၀)ဂရမ်၊ မော်တော်ယာဉ်(၂)စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ လွယ်ဂျယ်မြို့၊ အောင်မင်္ဂလာရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦး၊ ဆိုင်ကယ်(၁)စီး၊ မံစီမြို့နယ်၊ မန်ရ-ဟန်ထက်ကျေးရွာသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၉၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ လိုပူကျေးရွာ၊ ဒီးမော့ဆို-တောင်ငူသွားကားလမ်းပေါ်၌ သတင်းအရ Hilux ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၃)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဘားကပ်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၈၆)ပြား၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား (၉၇၃)ပြား၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၂၁၇)ပြား၊ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျုံဖိုက်ကျေးရွာ၊ မုဒုံ-ချောင်းနှစ်ခွသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၃၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ သင်္ကောကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာရွက်(၄၈၉.၉)ဂရမ်၊ ယခင်သီတင်းပတ်များ၌ ထုတ်ပြန်ခဲ့သည့် စက်လှေနှစ်မြုပ်၍ ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ်ကျေးရွာများသို့ မျောပါလာသည်ဟုယူဆရသည့် ပိုင်ရှင်မဲ့ ICE များ သိမ်းဆည်းရမိခဲ့သည့် ဖြစ်စဉ်နှင့် ဆက်စပ်၍ ယခုသီတင်းပတ်အတွင်း သံဖြူဇရပ်မြို့နယ်၊ ရသေ့တောင်ကျေးရွာ၊ ခမင်းဆိပ်ပိုင်းပင်လယ် ကမ်းစပ်သို့မျောပါလာပြီး ရေစိုပျက်စီးမှု မရှိသည့် ပလတ်စတစ်ထုပ် (၁)ထုပ်အတွင်းမှ ICE (၁၀၀၀)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဦးစောလှကျွန်းအနီး နှစ်နိုင်ငံနယ်စပ်နတ်မြစ်အတွင်း ရေယာဉ်လှည့်ကင်း ဆောင်ရွက်စဉ် တစ်ဖက်နိုင်ငံဘက်သို့ ပလတ်စတစ်ပုံးဖြင့် ကူးခတ်နေသည့် အမျိုးသား (၁)ဦးအား လိုက်လံဖမ်းဆီးရာ မိုးရွာခြင်း၊ နှစ်နိုင်ငံနယ်နိမိတ်နီးကပ်နေခြင်းနှင့် ညအမှောင်ထုကို ရောက်ရှိနေခြင်းတို့ကြောင့် ဖမ်းဆီးရမိခြင်းမရှိဘဲ အဆိုပါနေရာအနီးရှိ ကျောပိုးအိတ်(၁)လုံးအတွင်းမှ စိတ်ကြွဆေးပြား(၁၈၅၀၀)ပြား၊ မြို့မတောင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၆၀၅)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၆၆.၅)ဂရမ်၊ စစ်တွေမြို့၊ အုန်းတပင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၈)ပြား၊ ရွာကြီးတောင်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၀)ပြား၊ ရှုပမြောက်ရပ်ကွက်ရှိ တည်းခိုခန်းအား သတင်းအရဝင်ရောက်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၄၅)ပြား၊ ဆေးခြောက်(၀.၆)ဂရမ်၊ မကျည်းမြိုင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၃)ပြား၊ တောင်ကုတ်မြို့နယ်၊ ဆိတ်ဖူးတောင်ကျေးရွာ လမ်းပေါ်၌ သတင်းအရ ရပ်တန့်ထားသည့် ဆိုင်ကယ်အားစစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၃၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ရွှေရင်အေးလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရေအေးကွင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ (၁၁)ဂရမ်၊ အေးသာယာမြို့ အမှတ်(၁) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၆၀)ပြား၊ ရွှေညောင်မြို့နယ်၊ ဟိုနားကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၅၀)ပြား၊ လွိုင်လင်မြို့နယ်၊ ဟိုတင့်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွားကားလမ်းပေါ်၌ သတင်းအရ Isuzu ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ICE (၅၀၁၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ လားရှိုးမြို့နယ်၊ လွယ်လောင်ကျေးရွာ၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၆၀)ပြား၊ ဘိန်းဖြူ(၁၇၅)ဂရမ်၊ အမှတ်(၁၂) ရပ်ကွက်၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၂၀)ပြား၊ဘိန်းဖြူ(၀.၆)ဂရမ်၊ ICE (၆၁၆)ဂရမ်၊ JAC (၆)ဘီးယာဉ်(၁)စီး၊ ဆိုင်ကယ်(၂)စီး၊ ကွတ်ခိုင်မြို့နယ်၊ မန်ယုံမော်ကျေးရွာဝန်းကျင်တစ်ဝိုက် နယ်မြေလုံခြုံရေးနှင့် စိုးမိုးရေးဆောင်ရွက်စဉ် ပိုင်ရှင်စိစစ်ဆဲ တဲဟောင်းအတွင်းနှင့် တစ်ထပ်တိုက် အဆောက်အဦ၏ မြေအောက်ခန်းအတွင်း သိုဝှက်သိမ်းဆည်းထားသည့် စိတ်ကြွဆေးပြား(၇၀၈၆၀၀)ပြား၊ ICE (၅၀၀၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃၀၀၀)ဂရမ်၊ Vanillin ဆေးမှုန့်(၂၀၀၀၀)ဂရမ်၊ Dichloromethane (၁၆)လီတာ၊ Propylene Glycol အရည်(၂.၄၅)လီတာ၊ ဓာတုဆေးမှုန့်(၂၀၀၀၀)ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ နောင်ချိုမြို့အဝင် ရပ်စောက်-နောင်ချိုသွားကားလမ်း တာဖလန်း တံတားရဲကင်းရှေ့၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၂၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ သီပေါမြို့နယ်၊ ပန်ညကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၉၀)ပြား၊ မိုင်းဆတ်မြို့နယ်၊ ပူကွဲ(၂)ကျေးရွာအနီး မိုင်းဆတ်-ကျိုင်းတုံသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မုန်းကျက်ကျေးရွာ ဝန်းကျင်တစ်ဝိုက် နယ်မြေလုံခြုံရေးနှင့် စိုးမိုးရေးဆောင်ရွက်စဉ် လမ်းဘေးချုံစပ်၌ ဆာလာအိတ်(၁)လုံး အတွင်းမှ ပိုင်ရှင်မဲ့ ဘိန်း(၄၈၉၉)ဂရမ်၊ တာချီလိတ်မြို့နယ်၊ ပါကွေ့(အောက်)ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀၀)ပြား၊ ဘိန်းဖြူ(၁၅)ဂရမ်၊ ရန်အောင်မြေရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၇၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ မိုးတားကြီးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀)ပြား၊ ဘိန်းဖြူ(၉.၃)ဂရမ်၊ စစ်ဆေးဖော်ထုတ်ချက်အရ (၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၄၀)ဂရမ်၊ ဗန်းမောက်မြို့နယ်၊ ပင်းဟင်းခါးကျေးရွာအနီး ဗန်းမောက်-မံစီသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ မကျီးကုန်းကျေးရွာ၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၆၀၀၀)ပြား၊ ဘိန်းဖြူ(၇၉၀) ဂရမ်၊ ကောလင်းမြို့၊ မင်းတဲကြီးရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်း(၉.၅)ဂရမ်၊ ဘိန်းရည်(၀.၅) လီတာ၊ ဖောင်းပြင်မြို့နယ်၊ ရွာမကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ Tramadol Capsule (၁၀)တောင့်၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဝဲကျွန်းမြို့သစ်ရပ်ကွက်လမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ ညောင်ရမ်းတောင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၂၇)ပြား၊ ထပ်မံဖော်ထုတ်ချက်အရ ရှမ္မလည်ဆွဲရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၅)ပြား၊ မြိတ်မြို့၊ ကုန်းဖောက်ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀)ပြား၊ ဘိန်းစာမှုန့် (၁၂၀)ဂရမ်၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၀၀)ပြား၊ ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာအဝင် ဒီရေတောအတွင်း ဂျင်းမွေးမြူရေးနှင့် ရောင်းဝယ်ရေးပြုလုပ်ရန် ဆောက်လုပ်ထားသည့် ဂျင်းဖောင်များအား သတင်းအရ ဝင်ရောက်စစ်ဆေးရှာဖွေစဉ် အမျိုးသား(၁)ဦးမှာ ဒီရေတောအတွင်း ထွက်ပြေးတိမ်းရှောင်သွားပြီး ဂျင်းဖောင်ပေါ်ရှိ မိုးကာအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၃၇၆၀)ပြား၊ ကော့သောင်းမြို့နယ်၊ ချောင်းဝကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ICE (၁၀၀)ဂရမ်၊ ဘာလိအော်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀)ပြား၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၁၅)ပြား၊ ပဲခူးတိုင်း ဒေသကြီး၊တောင်ငူမြို့နယ်၊ ရပ်ကွက်ကြီး(၉)၊ ကန်ပတ်လမ်းနှင့် ပန်းချီတံခါးလမ်းထောင့်ရှိ အမှိုက်ပုံအနီး အချိန်ကြာမြင့်စွာရပ်တန့်ထားသည့် ပိုင်ရှင်စိစစ်ဆဲ Mark-II ယာဉ်နောက်ဖုံးအတွင်းမှ စိတ်ကြွဆေးပြား (၁၉၇၈၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ အမှတ်(၁၇)ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပြည်မြို့၊ ရွှေတံခါးရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၄)ပြား၊ ဆေးခြောက်(၅၄၅)ဂရမ်၊ အင်းမမြို့ သီရိရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၇)ပြား၊ ဘိန်းဖြူ(၁)ဂရမ်၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ငွေတောက်စမ်းကျေးရွာလမ်းခွဲ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၉၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပခုက္ကူမြို့ အမှတ်(၆)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ (၅၅)ရပ်ကွက်၊ ၆၅ × ၆၆ လမ်းကြား၊ မနော်ဟရီလမ်းပေါ်၌ သတင်းအရ ရပ်တန့်ထားသည့် Van ယာဉ်အားစစ်ဆေးရာ တရားခံအမျိုးသား (၁)ဦး၊အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၅၀)ပြား၊ မော်တော်ယာဉ်(၁)စီး စစ်ဆေးဖော်ထုတ်ချက်အရ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်ရှိ တရားခံ၏နေအိမ်၌ စိတ်ကြွဆေးပြား (၁၆၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် (၃၃၈)ဂရမ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ သမိန်ဗရမ်းလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၈၀၀)ပြား၊ ပြင်ဦးလွင်မြို့နယ်၊ သင်္ဂတုန်ကျေးရွာနှင့် ကျိုင်းတောင်းကျေးရွာကြား၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၆၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ကျေးရွာအနီး မိုးမိတ်-တွင်းငယ်သွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တောင်လယ်ကျေးရွာ၊ သစ်ခွဲပင် သစ်ဆိပ်အနီး မိုးမိတ်-တွင်းငယ်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပျော်ဘွယ်မြို့နယ်၊ သဖန်းကျောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၇၀)ပြား၊ မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၀)ပြား၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ သိုဝှက်ထားသည့် မိတ္ထီလာ-မလှိုင်သွားကားလမ်း မိုင်တိုင်(၃/၆)အနီး ထနောင်းပင်အောက်မှ စိတ်ကြွဆေးပြား (၁၀၀၀)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၀၀)ပြား၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ အမှတ်(၂)လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဆေးခြောက်(၅၆၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့ မဲဇလီစစ်ဆေးရေးဂိတ်၌ သတင်းအရ Probox ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၁)ပြား၊ မော်တော်ယာဉ်(၁)စီးအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ညောင်းကုန်းကျေးရွာထိပ် ထီလုံတာဘောင်ကားလမ်းပေါ်၌ သတင်းအရ Airwave ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၀၀၀၀)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၀.၃)ဂရမ်၊ ကာဘိုင်သေနတ်(၁)လက်၊ ၎င်းကျည်(၂၅)တောင့်၊ ၎င်း ကျည်အိမ်(၃)ခု၊ လက်လုပ်ဂက်စ်သေနတ်အရှည်(၁)လက်၊ သစ်သားသေနတ်ဒင်(၁)ခု၊

*စာမျက်နှာ ၉ သို့*

# ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကောင်းမွန်မှုနှင့် လူနာဘေးကင်းလုံခြုံမှုလုပ်ငန်းစဉ်များအတွက် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် လုပ်ငန်းစဉ်စတင်ခြင်း အခမ်းအနားကျင်းပ




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီးတို့၏ရှေ့မှောက်တွင် ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာန) ဒေါက်တာစိုးဦးနှင့် Professor Fond Kok Yong တို့က သဘောတူညီမှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။** သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၁၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် Park Royal Hotel ၌ ကျင်းပသော ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကောင်းမွန်မှုနှင့် လူနာဘေးကင်းလုံခြုံမှုလုပ်ငန်းစဉ်များအတွက် Sing-Health အဖွဲ့၊ Temasek Foundation နှင့် ဝန်ကြီးဌာနတို့အကြား သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် လုပ်ငန်းစဉ်စတင်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

**ငွေကုန်ကျမှုများပြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကောင်းမွန်မှုနှင့် လူနာဘေးကင်းလုံခြုံမှု လုပ်ငန်းစဉ်များ စတင်မှုသည် ရောဂါဘယနှင့် ကျန်းမာရေးပြဿနာအမျိုးမျိုးတို့ကို ခံစားနေရသူများအပါအဝင် ပြည်သူများအားလုံးအတွက် ရေရှည်ကာလအထိ အကျိုးကျေးဇူးများစေမည် ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုမရရှိခြင်းကြောင့် ဆေးရုံအတွင်း ရောဂါပိုးကူးစက်ခြင်း၊ လူနာများတွင် မူလရောဂါအပြင် ထပ်မံ၍ ရောဂါပိုးဝင်ခြင်း၊ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများဖြစ်ပွားခြင်း၊ ရောဂါသက်သာပျောက်ကင်းရန် အချိန်ကြာခြင်း၊ ဆေးရုံတက်ရောက်ရချိန်ကြာခြင်း၊ လူနာများနှင့် နိုင်ငံတော်အတွက် ငွေကုန်ကျမှုများပြားခြင်းတို့ ဖြစ်ပွားနိုင်ပါကြောင်း၊ လူနာဘေးကင်းလုံခြုံမှုရရှိရေးသည် ကြီးမားကျယ်ပြန့်ပြီး လူနာ၏ ရောဂါရာဇဝင်မေးမြန်း၍ စစ်ဆေးစမ်းသပ်ခြင်း၊ ဆေးကုသမှုပေးခြင်းမှ ရောဂါသက်သာပျောက်ကင်းသည်အထိ လုပ်ငန်းအဆင့်တိုင်းတွင် ဆေးပညာဘာသာရပ်ပေါင်းစုံမှ ပါဝင်၍ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း။

**ပညာရှင်သုံးဦးနှင့်ပူးပေါင်း**

ဆေးကုသမှုအဆင့်တိုင်းကို ဘက်ပေါင်းစုံမှ စနစ်တကျဆန်းစစ်ခြင်း (medical audit) ပြုလုပ်ပြီး အရည်အသွေးလေ့လာဆန်းစစ်နိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင်သုံးဦးနှင့်ပူးပေါင်း၍ မကြာမီစတင်ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ စင်ကာပူနိုင်ငံမှ Sing-Health အဖွဲ့၊ Temasek Foundation တို့နှင့် ဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကောင်းမွန်မှုနှင့် လူနာဘေးကင်းလုံခြုံမှုများ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မည် ဖြစ်ပါကြောင်း၊ စင်ကာပူနိုင်ငံတွင် အသုံးပြုနေသော လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများကိုလည်း လေ့လာ၍ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည်များကို ရယူအသုံးချသွားရမည် ဖြစ်ပါကြောင်း။

လူနာဘေးကင်းလုံခြုံမှု အကြောင်းတရားများကို ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများတွင် အလေးပေး ထည့်သွင်းသင်ကြားသွားရမည် ဖြစ်ပါကြောင်း၊ လူနာဘေးကင်းလုံခြုံမှု စွမ်းဆောင်ရည်မြှင့်သင်တန်းများပြုလုပ်ရာတွင် ဆရာဝန်၊ သူနာပြုများသာမက စီမံခန့်ခွဲရေးတာဝန်ရှိသူများကိုပါ ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မည့်သူအားလုံး လူနာဘေးကင်းလုံခြုံမှုသဘောတရားများကို နားလည်သိရှိပြီး ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ လူနာဘေးကင်းလုံခြုံမှု (patient safety) နှင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုတို့နှင့်ပတ်သက်သည့် သုတေသနများ (qualitative research) ကို ပိုမိုပြုလုပ်သွားစေလိုပါကြောင်း၊ ထို့အပြင် လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ အလေ့အကျင့်ကောင်းများကို ပညာရှင်များအချင်းချင်း ဝေမျှခြင်းကိုလည်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး Ms. Vanessa Chan က အမှာစကားပြောကြားပြီး စင်ကာပူနိုင်ငံ Temasek Foundation International မှ Chief Executive ဖြစ်သူ Mr. Benedict Cheong၊ SingHealth အဖွဲ့မှ Deputy Group CEO ဖြစ်သူ Professor Fond Kok Yong တို့က နှုတ်ခွန်းဆက်စကားနှင့် နားလည်မှုသဘောတူညီမှုစာချွန်လွှာနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

**လက်မှတ်ရေးထိုး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီးတို့၏ ရှေ့မှောက်တွင် ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦးနှင့် Professor Fond Kok Yong တို့က သဘောတူညီမှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

**သုံးနှစ်တာကာလ ဆောင်ရွက်သွားမည်**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် စင်ကာပူနိုင်ငံ SingHealth အဖွဲ့၊ Temasek Foundation တို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံရှိ ဆေးရုံပေါင်း ၄၀ ကျော်မှ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ ၇၀၀ ကျော်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးမြင့်မားမှု၊ လူနာဘေးကင်းလုံခြုံမှု၊ ရောဂါပိုးကူးစက်ပြန့်ပွားမှုကို ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ်အထိ သုံးနှစ်တာကာလ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သို့ မြန်မာနိုင်ငံမှ အစီရင်ခံစာတင်သွင်းခြင်းနှင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ခြင်းဆိုင်ရာ အမျိုးသားစနစ်နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့ရှိ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ ဗဟိုဌာနတို့ပူးပေါင်း၍ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သို့ မြန်မာနိုင်ငံမှ အစီရင်ခံစာတင်သွင်းခြင်းနှင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ခြင်းဆိုင်ရာ အမျိုးသားစနစ်နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel ၌ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များသို့ အတည်ပြုပါဝင်ခြင်း၊ စာချုပ်ပါပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သို့ မြန်မာနိုင်ငံမှ အစီရင်ခံစာတင်သွင်းခြင်းနှင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ခြင်းဆိုင်ရာ အမျိုးသားစနစ်နှင့်ပတ်သက်သည်များကို ပိုမိုသိရှိနားလည်စေရန်ရည်ရွယ်၍ ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပြီး တက်ရောက်ကြသူများအနေဖြင့် ဘာသာရပ်ဆိုင်ရာ ဗဟုသုတများ ပိုမိုရရှိမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြို့နယ်တိုင်းရင်းဆေးကုဌာနမှ အခမဲ့ကွင်းဆင်းဆေးကုသခြင်းနှင့် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကျင်းပ

မြိုင် ဩဂုတ် ၁၉

**မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ အခမဲ့ကွင်းဆင်းဆေးကုသခြင်းနှင့် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက သနပ်ပင်ကုန်းကျေးရွာ၊ ယင်းမာကျင်းကျေးရွာ အ-လ-က ကျောင်းတို့တွင် ဆောင်ရွက်ခဲ့သည်။** (အောက်ပုံ)



**အခမဲ့ ကွင်းဆင်းဆေးကုသ**

သနပ်ပင်ကုန်းကျေးရွာတွင် အခမဲ့ကွင်းဆင်းဆေးကုသခြင်းဆောင်ရွက်ခဲ့ရာ ကျေးရွာအတွင်းရှိ လူနာ ၆၄ ဦးအား ကြည့်ရှုစစ်ဆေး ဆေးကုသပေးခဲ့သည်။ ထို့နောက် ယင်းမာကျင်းကျေးရွာ အ - လ - က ကျောင်းတွင် မိုးရာသီ၌ ဖြစ်တတ်သော ရောဂါများအကြောင်းနှင့် တိုင်းရင်းဆေးပညာဖြင့် ကြိုတင်ကာကွယ်ခြင်း နည်းလမ်းများအကြောင်းကို အသိပညာပေးဟောပြောခြင်း၊ ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းမှုစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ယင်းဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

လက်ပစ်ဗုံး(၃)လုံး၊ ပစ္စတို ကျည်(၁၀)တောင့်တို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၁၁-၈-၂၀၁၉ ရက်နေ့မှ ၁၇-၈-၂၀၁၉ ရက်နေ့အထိ)အတွင်း အမှုပေါင်း (၂၃၆)မှု၊ တရားခံကျား (၃၀၆)ဦး၊ မ(၃၉)ဦး၊ ပေါင်း(၃၄၅)ဦး၊ စိတ်ကြွဆေးပြား (၁၀၀၈၉၀၉)ပြား၊ ဘိန်းဖြူ (၃၆၇၂.၈၇၇၁)ဂရမ်၊ ICE (၅၀၇၇၃၆.၁၁)ဂရမ်၊ ဘိန်း(၅၁၁၄.၅၈)ဂရမ်၊ ဘိန်းရည်(၀.၅)လီတာ၊ အဆင့်နိမ့်ဘိန်း (၃၀၀၀)ဂရမ်၊ ဘိန်းဆီခဲ(၁၁)ဂရမ်၊ ဘိန်းစာမှုန့် (၁၂၀)ဂရမ်၊ ဘိန်းစာရွက်(၄၈၉.၉)ဂရမ်၊ ဆေးခြောက် (၁၁၂၆.၉၅) ဂရမ်၊ Tramadol Capsule (၁၀)တောင့်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၅၀၇.၃)ဂရမ်၊ ဓာတုဆေးမှုန့် (၂၀၀၀၀)ဂရမ်၊ Vanillin ဆေးမှုန့်(၂၀၀၀၀)ဂရမ်၊ Dichloromethane (၁၆)လီတာ၊ Propylene Glycol အရည်(၂.၄၅)လီတာနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်မျိုးစုံ (၂)လက်၊ ကျည်မျိုးစုံ (၃၅)တောင့်၊ လက်ပစ်ဗုံး(၃)လုံး၊ ကျည်အိမ်(၃)ခု၊ သစ်သားသေနတ်ဒင်(၁)ခုတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည် -

**ဆက်သွယ်ရန် -**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လားရှိုးမြို့တွင် တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့သို့ သွားရောက်ပြီး ပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးရုံးတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

**လိုအပ်ချက်များသုံးသပ်ဆွေးနွေး**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့လာရောက်ခြင်းသည် သဘာဝဘေးများအပြင် လူကြောင့်ဖြစ်သောဘေးဖြစ်သည့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာလာကြသော ပြည်သူများကို နှစ်သိမ့်အားပေးရန်နှင့် ထောက်ပံ့မှုများ အလျင်အမြန် ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း ယနေ့ ဖြစ်ပေါ်လျက်ရှိသော တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာသူများ၏ အခြေအနေနှင့် လိုအပ်ချက်များကို သုံးသပ်ဆွေးနွေးပေးကြပါရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးကြရာ ဩဂုတ် ၁၅ ရက်မှ ၁၈ ရက်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုနှင့် ထောက်ပံ့ပေးအပ်ထားမှု အခြေအနေများ၊ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဆောင်ရွက်ထားရှိမှုများ၊ ကယ်ဆယ်ရေးပစ္စည်းများကို ပိုမိုထားရှိပေးနိုင်ရန်၊ ဘက်စုံသုံးဘေးဒဏ်ခံ အဆောက်အအုံဆောက်လုပ်ပေးနိုင်ရန်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ သီးသန့်ဖွဲ့စည်းပေးနိုင်ရန် ကိစ္စရပ်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ သတင်းစဉ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန်ဆူရှမ်းကျောင်းသို့ ရောက်ရှိပြီး မန်ဆူဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**နှစ်သိမ့်အားပေး**

ယင်းနောက် မန်ဆူရှမ်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပုညနန္ဒက ဩဝါဒစကားချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီးက တိုက်ပွဲရှောင် ပြည်သူများအား နှစ်သိမ့်အားပေးစကားပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က တိုက်ပွဲရှောင်ပြည်သူများအတွက် ဆန် ၆၅ အိတ်၊ ငါးသေတ္တာ ၂၆၈ ဘူး၊ ဆီ ၆၇ ပိဿာ၊ ကလေးငယ်များအတွက် အာဟာရမုန့်နှင့် အရုပ်များ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ရင်ခွင်မဲ့ကလေး ၃၂၂ ဦးအတွက် စောင် ၃၂၂ ထည်ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုက်ပွဲရှောင်ပြည်သူများအား ကျွေးမွေးစောင့်ရှောက်လျက်ရှိသော စေတနာရှင်ပြည်သူများ၊ ပရဟိတအဖွဲ့များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ ကမ္ဘောဇဖောင်ဒေးရှင်းတို့နှင့်အတူ ထမင်းထုပ်နှင့် အစားအသောက်များ ဝေငှခြင်းကို ပူးပေါင်းဆောင်ရွက်ခဲ့ပြီး တိုက်ပွဲရှောင်စခန်းသို့ ရောက်ရှိနေသော မီးဖွားပြီးစမိခင်တစ်ဦးအား ထောက်ပံ့ငွေပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးပြည်သူ့ဆေးရုံတွင် တိုက်ပွဲများကြောင့် ထိခိုက်ဒဏ်ရာရရှိကာ ဆေးရုံတက်ရောက်လျက်ရှိသော ပြည်သူများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

**ပြန်လည်ထူထောင်ရေးလုပ်ငန်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးမြို့ ပြန်လည်ထူထောင်ရေးစခန်းသို့ သွားရောက်၍ မူးယစ်ဆေးဖြတ်ပြီးသူ သင်တန်းသားများနှင့်တွေ့ဆုံ၍ မိမိတို့ဆန္ဒနှင့်အညီ အသက်မွေးဝမ်းကျောင်း သင်တန်းများ သင်ယူတတ်မြောက်ပြီး မူးယစ်သံသရာမှ လွတ်မြောက်ရန် စိတ်ခေတ်ခိုင်မာစွာဖြင့် ကြိုးပမ်းကြစေလိုကြောင်း၊ အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်အောင် ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဆောက်လုပ်ရေးရိပ်သာ၌ ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာကော်မတီဝင်များနှင့် တွေ့ဆုံရာ လူငယ်များက မဟာဗျူဟာစီမံချက်ပါ ပညာရေး၊ မူးယစ်ဆေးဝါး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးကဏ္ဍများကို ဦးစားပေးအဖြစ် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မြို့နယ်ပေါင်းစုံပါဝင်သည့် လူငယ်များအတွက် လူငယ်စင်တာ လိုအပ်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရန်ပုံငွေခွဲဝေချထားပေးရာတွင် ရှမ်းပြည်နယ်အနေဖြင့် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းတို့အတွက် သီးခြားစီရရှိနိုင်ရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ရုံးလုပ်ငန်းလုပ်ဆောင်ရာတွင် အဆင်ပြေမှုရှိရန် တာဝန်ရှိ အစိုးရဝန်ကြီးဌာနများက တိုက်တွန်းပေးကြစေလိုကြောင်း ဆွေးနွေးတင်ပြကြရာ လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီခန်းမ၌ နောင်ချိုဂုတ်တွင်းဖြစ်စဉ်အတွင်း ကျဆုံးသွားသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုစုပေါင်း ၁၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅ သိန်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် သိန်း ၇၀ ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေး - လားရှိုး - မူဆယ်လမ်းပေါ်ရှိ မိုင်းခွဲဖျက်ဆီးခံရသည့် ဂုတ်တွင်းတံတား၌ ယာယီဘေလီတံတား တည်ဆောက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် အဖွဲ့သည် မန္တလေး-လားရှိုး- မူဆယ် လမ်းပေါ်ရှိ မိုင်းခွဲဖျက်ဆီး ခံရမှုကြောင့် ပျက်စီးသွားသည့် ဂုတ်တွင်းသံကူကွန်ကရစ်တံတားကို ပြည်သူများ အမြန်သွားလာနိုင်ရန်အတွက် (Triple Single) သုံးလွှာ တစ်ထပ် နှစ်လမ်းသွား အရှည်ပေ ၂၁၀ ယာယီဘေလီ တံတား တည်ဆောက်သည့်နေရာသို့ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပထမဦးစွာ ဘေလီတံတားတပ်ဆင်နေမှုနှင့် သံကူကွန်ကရစ်တံတားဟောင်း၏ ပျက်စီးမှုကို လည်းကောင်း၊ ကျန်ရှိသော တံတား Pier တိုင်များ၏ ကွန်ကရစ် ခံနိုင်ရည် အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဒုတိယဝန်ကြီးက ပျက်စီးသွားသော ကျောက်မဲဘက်ခြမ်း Pier တိုင်အား ယာယီဘေလီတံတားဖြင့် ကားများဖြတ်သန်းချိန်တွင် ခံနိုင်ရည်ရှိရန် အတွက် Weak Concrete ဖြင့် ယာယီလောင်းပြီး ပြုပြင်သွားရန် မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးက လက်ရှိ တံတား၏ အောက်ဘက်တွင် နှစ်လမ်းသွား သံကူကွန်ကရစ် တံတားအသစ် တည်ဆောက်မည့် နေရာအား ကြည့်ရှုစစ်ဆေးခဲ့ ပြီး တံတား Alignment အား နေရာသတ်မှတ်ပေးသည်။

လက်ရှိဘေလီတံတားတည်ဆောက်မှုကို တံတားအထူး အဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၄)၊ တံတားအထူးအဖွဲ့(၆)တို့မှ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သား ၂၀၀ ကျော်ဖြင့် ဩဂုတ် ၁၆ ရက်မှစ၍ နေ့ရောညပါ အဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက် ညနေတွင် တံတားအား အပြီးတပ်ဆင်၍ ဩဂုတ် ၂၀ ရက်တွင် Load Test စမ်းသပ်ပြီး ၃၆ တန်အောက် ကုန်ကားကြီးများနှင့် ကားလေးများ စတင် ဖြတ်သန်းခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော အင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားသည်။ မန္တလေး - လားရှိုး-မူဆယ်လမ်းမကြီးသည် မြန်မာနိုင်ငံ၏ အဓိကနယ်စပ် ကုန်သွယ်လမ်းမကြီးဖြစ်၍ လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရန်၊ ကုန်စည်စီးဆင်းမှုလျင်မြန်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးကျော်လင်း ဂုတ်တွင်းတံတား၌ ယာယီဘေလီတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း ဆန်အခက်အခဲမရှိစေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**ဟိုပန် ဩဂုတ် ၁၉**

လားရှိုး-ကွမ်းလုံ-ဟိုပန်သွားလာရေးလမ်းကြောင်းများ ပြတ်တောက်သွားမှုကြောင့် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်ရှိ ဒေသခံပြည်သူများ ဆန်အခက်အခဲမရှိစေရေးအတွက် တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူ၏ စီစဉ်မှုဖြင့် ဩဂုတ် ၁၈ ရက်မှစ၍ ဆန်အမျိုးအစား နှစ်မျိုး၊ တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၊ ၃၅၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက် ဖြစ်စဉ်များကြောင့် လားရှိုး-ကွမ်းလုံ-ဟိုပန်လမ်းကြောင်းပေါ်ရှိ တံတား သုံးစင်းပျက်စီးခဲ့ပြီး ကုန်စည်စီးဆင်းမှု ခေတ္တပြတ်တောက်သွားခဲ့ရာ ဟိုပန်မြို့နယ်တွင် ဆန်နှင့် အခြေခံစားသောက်ကုန်များ ကုန်ဈေးနှုန်းမြင့်တက်မှု ဖြစ်ပေါ်ခဲ့သည်။

အဆိုပါဖြစ်စဉ်များအပေါ် ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့မှ ဆန်နှင့် အခြေခံစားသောက်ကုန်များ ကုန်ဈေးနှုန်းမြင့်တက်မှုမရှိစေရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လတ်တလောဆန်အခက်အခဲမရှိစေရန် တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ၏ နေအိမ်တွင် နေ့စဉ် နံနက် ၈ နာရီမှစ၍ လိုအပ်သလောက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဒစ်ဂျစ်တယ်နည်းပညာ၊ ဘေးကင်းသောအင်တာနက် အသုံးပြုမှုနှင့် ကျင်လည်မှုစီမံကိန်း မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

ဒစ်ဂျစ်တယ်နည်းပညာ၊ ဘေးကင်းသော အင်တာနက်အသုံးပြုမှုနှင့် ကျင်လည်မှုစီမံကိန်းမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

**ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်စွာအသုံးပြုနိုင်ရန်**

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မြန်မာနိုင်ငံတွင် ကျောင်းသားကျောင်းသူ လူငယ်များ၊ ပြည်သူများသည် Internet နှင့် Social media များကို အသုံးပြုနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒစ်ဂျစ်တယ်နည်းပညာသည် အရေးကြီးပါကြောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများကို Digital Literacy၊ Online Safety နှင့် Resilience တို့နှင့် ပတ်သက်သည်များကို သင်ကြားပေးနိုင်မည် ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ယခုစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြင့် ပညာရေးမှတစ်ဆင့် အနာဂတ်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေမည့် ဒစ်ဂျစ်တယ်နည်းပညာကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် ရည်ရွယ်ပါကြောင်း။

**စီမံကိန်းအကောင်အထည်ဖော်ရာတွင်ပံ့ပိုးကူညီ**

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားအဆင့်ပညာရေးမဟာဗျူဟာစီမံကိန်း ရေးဆွဲချမှတ်၍ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် နယ်ပယ်အသီးသီးတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ဒစ်ဂျစ်တယ်နှင့် အင်တာနက်ကျွမ်းကျင်မှုပညာရပ်ကို တတ်မြောက်ထားရန် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံရှိ ကျောင်းသားလူငယ်များကို နည်းပညာတတ်ကျွမ်းမှုများ အားဖြည့်ပေးနိုင်ရန် အစီအစဉ်ကောင်းဖြစ်သည့် ယခုစီမံကိန်းသည် အမျိုးသားပညာရေးမဟာဗျူဟာအတွက်သာမက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အထောက်အကူပြုသည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခုစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဒစ်ဂျစ်တယ်နည်းပညာ၊ ဘေးကင်းသော အင်တာနက်အသုံးပြုမှုနှင့် ကျင်လည်မှုစီမံကိန်းမိတ်ဆက်ပွဲတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

ထို့နောက် နော်ဝေသံရုံးမှ Minister Counsellor/ Deputy Chief of Mission, Ms. Lisc Nordgaard က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ နော်ဝေသံရုံးမှ Minister Counsellor / Deputy Chief of Mission, Ms. Lisc Nordgaard နှင့် တာဝန်ရှိသူများက စီမံကိန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် Telenor Group ၏ Senior Vice President Sustainability, Ms. Elisabeth Biering၊ တယ်လီနောမြန်မာ၏ စီးပွားရေးဆိုင်ရာ အရာရှိချုပ် ဒေါ်ယဉ်ယဉ်ဌေး၊ Plan International (နော်ဝေ) ၏ National Director, Ms. Kari Helene Partapuoli နှင့် Plan International (မြန်မာ)၏ Country Director, Mr. Kelland Stevenson တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**ဝိုင်းဝန်းဆွေးနွေး**

ယင်းနောက် Plan International (မြန်မာ)၏ စီမံကိန်းဒါရိုက်တာ ဒေါ်လင်းလင်းအောင်၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ) ဒေါက်တာတင်မောင်ဝင်း၊ တယ်လီနောမြန်မာမှ ဦးမင်းသူ၊ တယ်လီနောလူငယ်ဖိုရမ် ကိုယ်စားလှယ် ကိုရာထူးပရာဆက်၊ MIDO မှ ဦးဝေမျိုးထွဋ်နှင့် KMD မှ ဦးတိုတိုလွင်တို့က "ဒစ်ဂျစ်တယ် မြန်မာနိုင်ငံအတွက် လက်တွဲပူးပေါင်းခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာ ကျင်လည်စွာ အသုံးပြုမှုအတွက် အခြေခံအုတ်မြစ် တည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် ဝိုင်းဝန်းဆွေးနွေးကြသည်။

**အပြန်အလှန်အကျိုးပြု**

ယနေ့အခမ်းအနားကို ပညာရေးဝန်ကြီးဌာန၊ တယ်လီနောမြန်မာနှင့် Plan International တို့ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ လူငယ်များ ဒစ်ဂျစ်တယ်ဆိုင်ရာ သတင်းအချက်အလက်များ ရယူရာတွင် လုံခြုံမှုရှိစေရန်၊ သတင်းအချက်အလက်များရရှိရန်နှင့် အွန်လိုင်းအသုံးပြုရာတွင် သုံးစွဲသူအချင်းချင်းအပြန်အလှန် အကျိုးပြုနိုင်ပြီး မညီမျှမှုများ လျှော့ချနိုင်ရန်ရည်ရွယ်၍ ဘက်စုံဘေးကင်းလုံခြုံသော စာသင်ကျောင်းများ စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု သင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြန်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု သင်တန်းအမှတ်စဉ်(၃) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ် သင်တန်းကျောင်း (ဒက္ခိဏ)၌ ကျင်းပသည်။

**အွန်လိုင်းမီဒီယာများပိုမိုအသုံးပြုလာ**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မီဒီယာသည် နည်းပညာပြောင်းလဲခြင်းနှင့်အတူ အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိကြောင်း၊ လူအများသည် သတင်းအချက်အလက်ရှာဖွေသိရှိရန်အတွက် သမားရိုးကျမီဒီယာများထက် လူမှုမီဒီယာများ အပါအဝင် အွန်လိုင်းမီဒီယာများကို ပိုမိုအသုံးပြုလာနေကြပါကြောင်း။

**လူမှုမီဒီယာထိုးဖောက်မှု**

မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသော်လည်း မိုဘိုင်းဆင်းကတ်သုံးစွဲမှုသည် သန်း ၆၀ ကျော်ရှိပြီး လူမှုမီဒီယာများ သုံးစွဲသူသန်း ၂၀ ကျော်ရှိသည်ဟုလည်း သိရှိရကြောင်း၊ လူမှုမီဒီယာ ထိုးဖောက်မှုမှာ အထူးအားကောင်းလျက်ရှိပြီး သမားရိုးကျမီဒီယာများ၏ အခန်းကဏ္ဍသည် တဖြည်းဖြည်းကျဆင်းလျက် ရှိပါကြောင်း။

ထိုသို့ ပြည်သူအများက လူမှုမီဒီယာများကို အသုံးများလျက်ရှိသော်လည်း လူမှုမီဒီယာများတွင် တွေ့ရှိရသည့် သတင်းအချက်အလက်များ အားလုံးသည် အမှန်ဟုတစ်ဖက်သတ် မယုံကြည်နိုင်ပါကြောင်း၊ ကောလာဟလများ၊ သတင်းမှားများ၊ သတင်းအတုများ၊ မသမာသော ရည်ရွယ်ချက်ဖြင့် လုပ်ကြံဖန်တီးလိုက်သည့်သတင်းများ၊ အမုန်းစကားများစသည်တို့ဖြင့် ပြည့်နှက်နေပါကြောင်း။

**စနစ်တကျဆန်းစစ်လေ့လာ**

လူမှုမီဒီယာများတွင် တွေ့ရှိရသည့် သတင်းအချက်အလက်များ၊ ယင်းတို့ကို ဖန်တီးလိုက်သည့် သတင်းအရင်းအမြစ်များနှင့် မီဒီယာများကိုစနစ်တကျဆန်းစစ်လေ့လာပြီး ခွဲခြားသိရှိကာ ချင့်ချိန်လက်ခံခြင်းသည်သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှုပင် ဖြစ်ပါကြောင်း ပြောကြားသည်။



**ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

ထို့ကြောင့် လူမှုမီဒီယာအသုံးပြုသူအားလုံး မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှုကို လေ့လာသင်ယူရန် လိုအပ်လာကြောင်း၊ ယခုသင်တန်းမှရရှိလာသည့် ဗဟုသုတများကို လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချပြီး အခြားသူများကို လက်ဆင့်ကမ်းဖြန့်ဝေနိုင်ရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းကို ဩဂုတ် ၁၉ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ၃၇ ဦး တက်ရောက်လျက်ရှိသည်။

**သတင်းစဉ်**

# မန္တလေးမြို့၌ အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် ဆေးပစ္စည်းဆိုင်ရာ လူထုအသိပညာပေးပြပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု ဦးစီးဌာနက ကြီးမှူးကျင်းပမည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် ဆေးပစ္စည်းဆိုင်ရာ လူထုအသိပညာပေးပြပွဲ အကြိုသတင်းစာ ရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြခန်း ၁၂၇ ခန်းကျော် ပြသမည်**

အဆိုပါ အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် ဆေးပစ္စည်းဆိုင်ရာ လူထုအသိပညာပေးပြပွဲကို ဩဂုတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် မန္တလေးမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု ဦးစီးဌာနနှင့် အခြားသော နီးနွယ်ဌာနများမှ ပြခန်းပေါင်း ၃၂ ခန်း၊ အခြား ကုမ္ပဏီများမှ ပြခန်းပေါင်း ၉၅ ခန်းခန့် စုစုပေါင်း ပြခန်း ၁၂၇ ခန်းကျော်ကို ခင်းကျင်းပြသမည် ဖြစ်သည်။ အဆိုပါ ပြပွဲကျင်းပရသည့် ရည်ရွယ်ချက်မှာ ခေတ်နှင့်လျော်ညီသော ပညာပေးအစီအစဉ်သစ်များဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းကြောင့် ပြည်သူလူထု အသိပညာများ ပိုမိုတိုးတက်လာစေရန်၊ စားသုံးသူ အခွင့်အရေးနှင့် လုံခြုံရေးအတွက် ပိုမိုအားကောင်းလာစေပြီး ဆောင်ရန်၊ ရှောင်ရန်များကို ပြည်သူလူထုထံ ပိုမိုပျံ့နှံ့စေရန်၊ စားသုံးသူများ၏ အသိပညာ တိုးတက်လာခြင်းမှတစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူး၊ ရောင်းဝယ်ဖောက်ကားသူများလည်း FDA ၏ အသိအမှတ်ပြုခြင်းဆိုင်ရာများကို ပိုမိုအလေးထား ဆောင်ရွက်စေရန် ကျင်းပခြင်းဖြစ်ပြီး အများပြည်သူများနှင့် ကျောင်းသားကျောင်းသူများ အလွယ်တကူ လာရောက်လေ့လာနိုင်စေရန် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွင် စီစဉ်ပြသပေးခြင်းဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်က ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။



**အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် ဆေးပစ္စည်းဆိုင်ရာ လူထုအသိပညာပေးပြပွဲ အကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။**

**အသိပညာပေးခြင်းများဆောင်ရွက်**

အဆိုပါ ပြပွဲတွင် ပြည်သူလူထုအား အစားအသောက်၊ ဆေးဝါးနှင့် အလှကုန် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲများ၊ အများပြည်သူ ဝယ်ယူသုံးစွဲနေသော အလှကုန်ပစ္စည်းများ၊ အစားအသောက်များတွင် ဘေးဥပဒ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများ ပါဝင်မှု ရှိ၊ မရှိ စစ်ဆေးပေးခြင်း၊ မျက်စိစမ်းသပ်ပေးခြင်း၊ ဆီးချိုသွေးချို တိုင်းတာပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးမည့်အပြင် FDA အသိအမှတ်ပြုထားသော ကုန်ပစ္စည်းများအား ပြသပေးခြင်း၊ FDA မှ စားသောက်ရန်၊ သုံးစွဲရန်မသင့် ကြေညာထားသော ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စတုတ္ထအကြိမ်မြောက်ကျင်းပခြင်းဖြစ်**

ယခု မန္တလေးမြို့၌ ကျင်းပမည့် လူထုအသိပညာပေးပြပွဲသည် စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ်နှင့် ဒုတိယအကြိမ်ကို ရန်ကုန်မြို့တွင်လည်းကောင်း၊ တတိယအကြိမ်ကို နေပြည်တော်တွင် လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်း-ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဇင်ဦး(မြန်မာ့အလင်း)**

# ကျားကျားကြိုက်ကြိုက် ဇာတ်မြူးရုပ်ရှင်ကို ဩဂုတ် ၂၉ တွင် ရုံတင်ပြသမည်

**ရန်ကုန် ဩဂုတ် ၁၉**


ရုပ်ရှင်အနုပညာသည်များ၏ နောက်ကွယ်မှ အလှဖန်တီးပေးနေသည့် မိတ်ကပ်ပညာရှင်များ၏ သရုပ်ဆောင်မှုများဖြင့် ရိုက်ကူးထားသည့် ကျားကျားကြိုကြိုက် Comedy ဇာတ်မြူးရုပ်ရှင်ကို ဩဂုတ် ၂၉ ရက်တွင် တစ်နိုင်ငံလုံး ရုံတင်ပြသမည် ဖြစ်ကြောင်း ယမန်နေ့ညက ရန်ကုန်မြို့ Junction City JCGV ရုပ်ရှင်ရုံတွင် ပြသသည့် ရုပ်ရှင်အထူးပြပွဲမှ သိရသည်။

ကျားကျားကြိုကြိုက် ရုပ်ရှင်ကို Half & Half ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထားပြီး ဇာတ်ညွှန်း ဒီဒီထက်အောင်၊ ဇာတ်လမ်းနှင့်ဒါရိုက်တာ ပြည်ဟိန်းသီဟ၊ ဝါရင့်သရုပ်ဆောင်များဖြစ်သည့် အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မြင့်မြတ်၊ ကေညီနှင့် မိတ်ကပ်ပညာရှင်များဖြစ်ကြသည့် ခင်စန်းဝင်း၊ သုသု၊ လင်းလင်း၊ ထက် (pop soul)၊ တက္ကသိုလ် ဂွမ်းပုံ၊ ဧည့်သည်သရုပ်ဆောင် ထက်ထက်ထွန်း၊ ရွှေရင်အေး၊ အုန်းသီး၊ ချက်ကြီး၊ ဖိုးသဲ၊ စိန်သီး၊ စိုပြေ၊ ဟားတစ်သိုက်အဖွဲ့၊ မိတ်ကပ် အန်တီမင်း၏ ချစ်သမီးများ ပါဝင်သရုပ်ဆောင်ထားကာ ရယ်မောပျော်ရွှင်ဖွယ် အပျော်ခရီးသွားရုပ်ရှင်ဇာတ်ကားတစ်ကားအဖြစ် ရိုက်ကူးထားသည်။

"ကျွန်တော်နဲ့ မြင့်မြတ်နဲ့ တစ်ခါမှ ဒီလိုဟာသကား တွဲမရိုက်ဖူးဘူး၊ သူကလည်း ဟာသကို ကျွမ်းကျင်နားလည်တဲ့ မင်းသားတစ်ယောက်ဖြစ်လို့ သူနဲ့ရိုက်ချင်လို့ လက်ခံတာဖြစ်ပါတယ်။ ဒီလို မိတ်ကပ်ပညာရှင်တွေအစုံနဲ့ ရိုက်တာမရှိသေးဘူး။ သူတို့က ကျွန်တော်တို့နောက်ကွယ်ကနေ ပံ့ပိုးပေးနေကျဖြစ်ပြီး ဒီတစ်ခါ တွဲရိုက်ပေးရမှာဆိုတော့ ရင်ခုန်ဖို့ကောင်းတယ်။ သူတို့က ဒီလောကထဲမှာ နေနေတာဆိုတော့ မစိမ်းပါဘူး။ သူတို့သရုပ်ဆောင်တာက အပြင်မှာ တကယ်လုပ်နေတာနဲ့တူတယ်။ ဒီကားက ပေါ့ပေါ့ပါးပါးနဲ့ ရယ်ရမယ့်ကားပါ" ဟု အကယ်ဒမီ မင်းမော်ကွန်းက ပြောသည်။

"အကောင်းဆုံးတော့ လုပ်ထားတာပဲ။ ရိုက်ကူးရေးအတွေ့အကြုံအသစ်ဆိုတော့ လိုအပ်ချက်တွေ ရှိပါတယ်။ ဒါရိုက်တာ ကိုပြည်ဟိန်းသီဟက သေချာသင်ပေးထားတာဆိုတော့ အဆင်ပြေပါတယ်။ ဒီကားထဲမှာ အပြင်က မိတ်ကပ်ပညာရှင်အနေနဲ့ပဲ မြင်ရမှာပါ၊ ပေလီလမ်းနဲ့ဆင်တူတဲ့ မော်ဘီဘက်က ပဲခူးရိုးမထဲမှာ အသွားအပြန် ကားတွေနဲ့သွားရိုက်ရတာ ပင်ပန်းပြီး ဘဝအတွက် ပထမကားလည်းဖြစ်လို့ အမှတ်တရပါပဲ။ အတတ်နိုင်ဆုံး ကြိုးစားထားပါတယ်။ အခုခေတ်က ကားကောင်းတွေမှ ပေါက်တာ ဆိုတော့ ထုတ်လုပ်သူကိုလည်း ပေါက်စေချင်ပါတယ်။ ကိုယ်တွေလည်း နောက်ထပ် ရိုက်ချင်ပါတယ်။ မိန်းမလျာတွေရဲ့ ကာရိုက်တာ အတိုင်းကိုပဲ ရိုက်ထားတာပါ။ ပရိသတ်ကြီး ကြည့်ပြီးလိုအပ်ချက်တွေရှိရင်လည်း ဝေဖန်ပေးပါ။ ပရိသတ် ကြည့်မိရင်လည်း ရယ်စရာတွေနဲ့ အမောတွေပြေစေမှာပါ၊ ချစ်တဲ့မျက်လုံးလေးတွေနဲ့ ကြည့်ပေးပါ။ အကောင်းဆုံး အကြံပေးပြီးတော့ အားပေးပါ" ဟု မိတ်ကပ်သုသုက ပြောသည်။

**သန့်ဇင်ဝင်း**




● *ကျောဖုံးမှ*

ပထမပိုင်းပြီးခါနီး နာကျင်အချိန်ပိုအထိ ၁၀ မိနစ်ကျော်အတွင်း ငါးဂိုးပေးလိုက်ရပြီး ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲတွေ့ဆုံစဉ်က တစ်ဂိုးစီ သရေကျခဲ့သော်လည်း ဂိုးများဆက်တိုက်ပေးလိုက်ရသောကြောင့် ဒုတိယပိုင်းတွင် ချေပဂိုးပြန်ရရန် အခက်တွေ့ခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားအသင်းအတွက် အနိုင်ဂိုးများကို ၃၆၊ ၄၅ မိနစ်တွင် ဘက်ခမ်ပူထရာ၊ ၃၈၊ ၄၁၊ ၄၅+၂ မိနစ်တွင် ဆူပါရီဒီတို့က သွင်းယူခဲ့သည်။

**ရဲရင့်ရှိုင်း**

# သဘာဝဘေးအန္တရာယ်ရင်ဆိုင်နေရသော ပြည်သူများကိုကူညီရန် ရေဆန်လေဆန်ကာတွန်းပြပွဲ - ၂၀၁၉ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

**နိုင်ငံတစ်ဝန်းသဘာဝဘေးအန္တရာယ် ရင်ဆိုင်နေရသော ပြည်သူများအား ကူညီနိုင်ရန် မြန်မာနိုင်ငံကာတွန်းဆရာများအသင်းမှ ကြီးမှူးကျင်းပသောရေဆန် လေဆန်ကာတွန်းပြပွဲ -၂၀၁၉ ကို ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံရှေ့တွင် နောက်ဆုံးနေ့အဖြစ် ကျင်းပခဲ့ကြောင်း သိရသည်။** (အောက်ပုံ)



"ဒီနေရာလေးမှာလူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူမျိုးပေါင်းစုံလာကြတဲ့နေရာ။ ဒီထက်ပိုပြောရရင် ကမ္ဘာလှည့်ခရီးသည်တွေတောင် ကျွန်တော်တို့တွေ့နေရတယ်။ ဘာသာစကားရယ်၊ စကားတွေထက်ကျော်လို့ရတာက ဂီတရယ်၊ ကာတွန်းရယ်၊ ပန်းချီရယ်ရှိတဲ့အထဲက ကျွန်တော်တို့ကာတွန်းနဲ့ဆိုရင် ကမ္ဘာကို စကားပြောလို့ရတဲ့ နေရာတစ်ခုကနေ ရှင်းပြစရာမလိုဘဲ ကာတွန်းလေးတွေ ကြည့်ပြီး ဒီတိုင်းပြည်မှာ ဘာဖြစ်နေတယ်ဆိုတဲ့အချက်ကိုသူတို့ သိနိုင်တာပေါ့" ဟု ရန်ကုန်မြို့လယ်ကောင်တွင် ကာတွန်းပြပွဲကျင်းပဖြစ်ပုံနှင့်ပတ်သက်၍ မြန်မာနိုင်ငံကာတွန်းဆရာများအသင်းအတွင်းရေးမှူး မောင်မောင်ဖောင်တိန်က ပြောသည်။

ရန်ကုန်မြို့ရေဆန်လေဆန် ကာတွန်းပြပွဲ - ၂၀၁၉တွင် သတင်းကာတွန်းနှင့် အယ်ဒီတာခေါင်းကြီးပိုင်းကို ပြန်လည်သုံးသပ်သည့် ကာတွန်းများ၊ ပြည်သူများ သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသည့်ကာတွန်းများစသည်ဖြင့် ကာတွန်းဆရာပေါင်း ၁၄၂ ဦးတို့က တီရှပ်များပေါ်တွင် ရေးဆွဲရောင်းချပေးလျက်ရှိသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် တစ်ကွက်ကာတွန်းပြကွက်များကိုလည်း ပြသထားပြီးပြပွဲမှ ရရှိလာသောအလှူငွေများကို ကာတွန်းဆရာများအားလုံးတိုင်ပင်ကာ လှူဒါန်းမှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကာတွန်းဆရာများအနေဖြင့် ပြည်သူလူထုနှင့် တစ်သားတည်းရှိကြောင်း ရပ်တည်ပြသရန်၊ ကာတွန်းပညာရပ်သည် လက်ရှိဖြစ်ပေါ်နေသောအခြေအနေ အရပ်ရပ်ကိုကမ္ဘာသို့ အချိန်နှင့်တစ်ပြေးညီမီးမောင်းထိုးပြသနိုင်သည်ကို ပြသရန်၊ မြန်မာ့စိတ်ရင်းဖြစ်သော ပရဟိတစိတ်နှင့် စည်းလုံးမှုများကို ထင်ရှားအောင်ပြသရန် ရည်ရွယ်ချက်များဖြင့် ရေဆန်လေဆန်ကာတွန်းပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရေဆန်လေဆန် ကာတွန်းပြပွဲကို ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်တိုင်တိုင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့နှင့် မန္တလေးမြို့ ကျုံးအနီးတွင်လည်း ကာတွန်းဆရာပေါင်း ၂၀ ကျော်တို့ပါဝင်ရေးဆွဲကာ တစ်ပြိုင်တည်းပြသလျက်ရှိကြောင်း မြန်မာနိုင်ငံကာတွန်းဆရာများအသင်းမှ သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**



ဩဂုတ် ၁၉ ရက်က တက္ကသိုလ်အားကစားခန်းမ၌ ကျင်းပခဲ့သည့် မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်နှင့် တောင်ကြီးတက္ကသိုလ်သေနတ်ပစ်နှင့်မြားပစ် ဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံသေနတ်ပစ်အားကစား သင်တန်းအမှတ်စဉ်(၁)သင်တန်းဆင်းပွဲအပြီး မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဦးကျော်မိုးဝင်းနှင့်အမှုဆောင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

အေကေလင်း

○ *ကျောဖုံးမှ*

ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်း၊ ရောဝတီ အသင်းဥက္ကဋ္ဌ ဦးမင်းလှိုင်၊ ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီအမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**ညီမြတ်သော်တာ**

# မန္တလေး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ (ဇုန်အဆင့်) အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်

**မန္တလေး ဩဂုတ် ၁၉**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ (ဇုန်အဆင့်) အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ၏ အမျိုးသားအသင်းဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီခွဲတွင် မန္တလေးတက္ကသိုလ် အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ မန္တလေးဒေသ(ပညာရေး)အသင်းက ကျောက်ဆည်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးဒေသ(ပညာရေး )အသင်းက ကျောက်ဆည်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ထို့နောက် တိုင်းဒေသကြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးသစ်နှင့် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနဝန်ကြီး ဦးစိုင်းပန်းဆိုင်တို့က ပထမဗိုလ်စွဲကြသည့် မန္တလေးဒေသ(ပညာရေး)အမျိုးသားအသင်းနှင့်အမျိုးသမီး အသင်းတို့အား ပထမတံခွန်စိုက်ဆုဖလားနှင့်ဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**အောင်စံမောင်**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### ဘိုင်ယန်မြူးနစ်အသင်း ကော်တင်ဟိုကို အငှားခေါ်ယူ

ဘိုင်ယန်မြူးနစ်အသင်းသည် ဘာစီလိုနာအသင်းမှ ဖီးလစ်ပီ ကော်တင်ဟိုကို အမြဲတမ်းဝယ်ယူခွင့်နှင့်အတူ တစ်ရာသီအငှားဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် အသက် ၂၇ နှစ်အရွယ် ဘရာဇီးကစားသမားအတွက် အငှားပြောင်းရွှေ့ကြေး ပေါင် ၇ ဒသမ ၇၈ သန်း၊ အမြဲတမ်းခေါ်ယူမည်ဆိုပါက ပေါင် ၁၀၉ ဒသမ ၈၄ သန်းပေးချေရမည်ဟု ဘာစီလိုနာအသင်းက ပြောကြားလိုက်ကြောင်း ဖော်ပြထားသည်။

### ဒိုင်ဘာလာကို ခေါ်ယူရန် ဂျူဗင်တပ်စ်အသင်းနှင့် ဆွေးနွေး

ပြင်သစ်ချန်ပီယံပီအက်စ်ဂျီသည် အသက် ၂၅ နှစ်အရွယ် အာဂျင်တီးနားတိုက်စစ်ကစားသမား ပါဘလို ဒိုင်ဘာလာကို ပေါင် ၇၃ သန်းဖြင့် ခေါ်ယူရန် ဂျူဗင်တပ်စ်နှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

### ဆန်းချက်ဇ်နှင့် ဗီဒယ်တို့ကို အင်တာမီလန်အသင်း ခေါ်ယူလို

အင်တာမီလန်အသင်းသည် မန်ယူအသင်းမှ ချီလီတိုက်စစ်ကစားသမား ဆန်းချက်ဇ် (၃၀နှစ်) ကို အငှားခေါ်ယူလိုနေပြီး ဘာစီလိုနာအသင်းမှ ချီလီကွင်းလယ်ကစားသမား ဗီဒယ် (၃၂နှစ်) ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း အီတလီအခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

### ဘိုင်လီကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမည်

မန်ယူအသင်းသည် အသက် ၂၅ နှစ်အရွယ် အိုင်ဗရီကို့စ် ခံစစ်ကစားသမား အဲရစ် ဘိုင်လီကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်သွားဖွယ်ရှိကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၂၀-၈-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၄၀ - "နေဝင်ချိန်ခရီးလမ်း..... အေးချမ်းစွာမွေ့ မြတ်ဂုဏ်ပြည့်"
၈း၃၅ - "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး"
၉း၃၅ - မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
၁၂း၃၀ - ရေကြီးခြင်းသတိပေးချက် ရလျှင်ဆောင်ရွက်ရန် အချက်များ

**ညပိုင်း**

၁၆း၂၅ - အသက်အန္တရာယ်ကင်းစေဖို့ ယာဉ်မောင်းနှင်စဉ် ဖုန်းသုံးစွဲမှုရှောင်ရှားစို့
၁၆း၃၅ - ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ((၁၁)ဘာသာ) (အပိုင်း-၁)
၁၇း၀၅ - People Talk "သတိထားကာကွယ် တုပ်ကွေးအန္တရာယ်"
၁၇း၃၀ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
၁၇း၅၅ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (ရေဘေးအန္တရာယ်)
၁၈း၂၀ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော်-ဇော်ပိုင်)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (၂)(ပေါင်ယုု၊ထိုက်ယုနှင့် ပေါင်ချိုင်းတို့ မင်္ဂလာဂုဏ်ရည်ခန်းမဆောင်တွင် ပထမဆုံးတွေ့ဆုံခြင်း) (၂)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - စီးပွားရေးစကားဝိုင်း "မြှင့်တင်စီးပွား မြန်ပြည်တစ်လွှား" (ပထမပိုင်း)
- အနုပညာခန်းရိပ်သာ "ဒါရိုက်တာ အောင်မြင့်မြတ်နှင့်တွေ့ဆုံခြင်း" (ကင်မရာမန်းဘဝဖြတ်သန်းမှု)
- "အသက်နှင့်သစ္စာ"

# လှိုင်းဘွဲ၊ မိုးမိတ်နှင့် တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၉**
တပ်မတော်နှင့် ထီလုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် ည ၁၁ နာရီတွင် လှိုင်းဘွဲမြို့နယ် ဒုသည်းကုန်းကျေးရွာအနီး ထီလုံတာပေါင်လမ်းတွင် အခီး(ခ) အကျော် မောင်းနှင်ပြီး မငွေကြည် လိုက်ပါလာသည့် Airwave အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ၊ မြန်မာငွေကျပ် ၈၄၅၆၀၀၊ ယာဉ်ရှေ့ခန်းအတွင်းမှ ကာဘိုင်တစ်လက်၊ ယင်းကျည် ၂၅ တောင့်၊ ယင်းကျည်အိမ် သုံးခု၊ လက်လုပ်ဂက်စ် သေနတ်တစ်လက်၊ သစ်သားသေနတ်ဒင်တစ်ခု၊ လက်ပစ်ဗုံး သုံးလုံး၊ ၉ မမကျည် ၁၀ တောင့်၊ ခါးပတ်ကြီးတစ်ခု၊ ကျည်ဘောက်အိတ် လေးခုနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။(**ယာပုံ**)

အလားတူ ဩဂုတ် ၁၈ ရက် ည ၉ နာရီက တပ်မတော်နှင့် မိုးမိတ်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာလမ်းဆုံတွင် တင်အောင်လင်းနှင့် မောင်စိန်တို့ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကို ရပ်တန့်ရှာဖွေရာ တင်အောင်လင်း၏ ဆိုင်ကယ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၆၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာ အုပ်စု ရေပူကျေးရွာအနီး ရွှေညောင်-ရပ်စောက် ကားလမ်းတွင် အောင်နိုင်ဝင်း မောင်းနှင်ပြီး ချိုချိုမာ(ခ)ချိုမာ လိုက်ပါလာသည့်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



## ပေါင်းတည်မြို့၌ လင်မယားချင်း စကားများရန်ဖြစ်ရာမှ ဇနီးဖြစ်သူသေဆုံး

**ပေါင်းတည် ဩဂုတ် ၁၉**
ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မဲခေါင်းအုပ်စု သရက်ကုန်းကျေးရွာ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲခန့်က လင်မယားချင်း စကားများရန်ဖြစ်ရာ ခါးထိုးမှုဖြစ်ပွား၍ ဇနီးဖြစ်သူ သေဆုံးသွားကြောင်း သိရသည်။

သရက်ကုန်းကျေးရွာနေသူ မောင်မောင်မျိုးသည် ဇနီးဖြစ်သူ ချိုချိုစန်းနှင့် စကားများရန်ဖြစ်ရာမှ မောင်မောင်မျိုးက ဇနီးအား ခါးဖြင့်ထိုးမှုဖြစ်ပွားပြီး ချိုချိုစန်း မှာ ရရှိဒဏ်ရာဖြင့် အခင်းဖြစ်သည့်နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူ မောင်မောင်မျိုးအား ပေါင်းတည်မြို့နယ် မှတ်တိုင်နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်ဝင်းဇော်**
**(မင်းသားကြီး)**

## မင်းလှမြို့နယ်၌ မှုခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ အသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၁၉**
မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အပါလွင် ဦးစီးအဖွဲ့နှင့် အမှတ်(၂)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မကွေး)မှ ရဲအုပ်အောင်ကျော်ဌေးနှင့် ရဲအုပ်သောင်းလွင် တို့ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် မင်းလှမြို့နယ် ကုန်းကြီးကျေးရွာ အုပ်စု ကုန်းကြီးကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရွှေထိုက်၏နေအိမ်၌ ဒေသခံပြည်သူ ၁၂၀ ခန့်နှင့် တွေ့ဆုံ၍ သက်ငယ်မုဒိမ်းမှု၊ မှုခင်းများဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီတွင် မင်းလှမြို့ တောင်ရပ်ကွက် အောင်မွာရုံဘုရားဝင်း၌ ဒေသခံပြည်သူ ၆၀ ခန့်နှင့် တွေ့ဆုံ၍ အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရသည်။ **မောင်လှမော်**



ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ခလောက်ချိုက်နယ်မြေရဲစခန်းမှ ရဲအုပ်လှဌေး နှင့်အဖွဲ့ ဩဂုတ် ၁၈ ရက်က တမံကြီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာပြည်သူများအား ကျေးရွာရုံးတွင် မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောဆွေးနွေးစဉ်။
သန်းဝင်း(သန်လျင်)

## ဆိပ်ကမ်းမြို့နယ်၌ သက်ငယ်မုဒိမ်းအပါအဝင် မှုခင်းကျဆင်းရေး အသိပညာပေး

**ရန်ကုန် ဩဂုတ် ၁၉**
ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက် လမ်းမတော် ကုန်တင်ကုန်ချ အလုပ်သမားရုံး၌ ဆိပ်ကမ်းမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး ခင်မောင်ထွန်းနှင့်အဖွဲ့သည် ကုန်တင်ကုန်ချ လုပ်သားကြီးများနှင့် ရပ်ကွက်နေပြည်သူများအား ယမန်နေ့က မှုခင်းအသိပညာပေးဟောပြောသည်။


ဟောပြောပွဲတွင် မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး အသိပညာပေးဟောပြောပြီး သက်ငယ်မုဒိမ်းနှင့် ပတ်သက်သော အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့သည်။ ထို့အပြင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သုံးစွဲပါက ဖြစ်ပေါ်လာမည့် ရောဂါလက္ခဏာများ၊ လူမှုပတ်ဝန်းကျင်တွင် ဖြစ်ပေါ်လာမည့် အခက်အခဲများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအား ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။


ဟောပြောပွဲသို့ ဆိပ်ကမ်း ကုန်တင်ကုန်ချ လုပ်သားများနှင့် ပြည်သူ ၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရ သည်။

**မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**



မှုခင်းအသိပညာပေးဟောပြောပွဲတွင် လက်ကမ်းစာစောင်များ ဝေငှစဉ်။



# အင်ဒိုနီးရှားနိုင်ငံ ပါပူအာ၌ အဓိကရုဏ်းဖြစ်ပွားပြီး ဆန္ဒပြသူများက ပါလီမန်အဆောက်အအုံကို မီးရှို့

**ဂျကာတာ ဩဂုတ် ၁၉**

အင်ဒိုနီးရှားနိုင်ငံ ပါပူအာ၌ ဩဂုတ် ၁၉ ရက်က ဆန္ဒပြသူ ထောင်ချီပါဝင်သည့် အဓိကရုဏ်းဖြစ်ပွားခဲ့ပြီး ဒေသပါလီမန် အဆောက်အအုံတစ်ခု မီးရှို့ခံခဲ့ရကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်ပိုင်းက လွတ်လပ်ရေးကို လိုလားသည့် ကျောင်းသား လှုပ်ရှားမှုတွင် ပါဝင်သူများအား ဖမ်းဆီးထိန်းသိမ်းခဲ့မှုကို ဆန့်ကျင်သည့်အနေဖြင့် ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသူ ထောင်ပေါင်းများစွာတို့သည် အနောက် ပါပူအာပြည်နယ် မြို့တော် မာနိုကွာရီရှိ လမ်းများပေါ်သို့ ချီတက်စုဝေးခဲ့ကြပြီး ထိုသို့ချီတက်စုဝေးမှုက ပြည်သူ ၁၃၀၀၀၀ ရှိသည့် မာနိုကွာရီမြို့ကို အနှောင့်အယှက်ဖြစ်စေခဲ့သည်။ ဆန္ဒပြသူအချို့သည် ဈေးဆိုင်များနှင့် မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးခဲ့ကြပြီး လမ်းညွှန်ဆိုင်းဘုတ်များကို လှဲချခဲ့ကာ အစိုးရအဆောက်အအုံများကို ကျောက်တုံးများဖြင့် ပစ်ပေါက်ခဲ့ကြသည်။

ပါလီမန်အဆောက်အအုံကို ဆန္ဒပြသူများက မီးရှို့ခဲ့ကြကြောင်း အနောက် ပါပူအာပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မိုဟာမက် လာကိုတာနီက က ကွန်ပတ်စ် ရုပ်မြင်သံကြားသို့ ပြောကြားခဲ့သည်

မြို့စွန်နေရာ၊ ဈေးများ၊ ဆိပ်ကမ်းများနှင့် ဈေးဆိုင်များအားလုံး ထိခိုက်မှုများရှိခဲ့ပြီး လုပ်ငန်းဆောင်တာများအားလုံး အနှောင့်အယှက်ဖြစ်ခဲ့ကြောင်း ၎င်းကပြောသည်။

ဆန္ဒပြသူများက ပစ်ပေါက်သည့် ကျောက်ခဲထိမှန်မှုကြောင့် ရဲအရာရှိသုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့ကဆိုသည်။ လတ်တလောတွင် ဆန္ဒပြသူများထဲမှ ထိခိုက်ဒဏ်ရာရသူ ရှိ မရှိ မသိရသေးပေ။ အဓိကရုဏ်းဖြစ်ပွားသည့်နေ့၌ အာဏာပိုင်များက ဒေသရှိကျောင်းများကို တစ်ရက်လုံးပိတ်ထားခဲ့သည်။

ဩစတြေးလျမြောက်ပိုင်း လွတ်လပ်သော ပါပူအာနယူးဂီနီနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် ပါပူအာ၌ ဆယ်စုနှစ်တစ်ခုကြာအောင် အင်ဒိုနီးရှား၏ အုပ်ချုပ်မှုကို ဆန့်ကျင်သည့် ပုန်ကန်ထကြွမှု ဖြစ်ပွားခဲ့သည်။

**အေအက်ဖ်ပီ**



ဆန္ဒပြသူများက ဈေးဆိုင်များကို မီးရှို့ခဲ့မှုကြောင့် ထွက်ပေါ်လာသော မီးခိုးများကို တွေ့ရစဉ်။

# ဝန်ကြီးချုပ်ဟောင်း နာဂျစ်၏အမှုကြားနာမှုကို မလေးရှားတရားရုံးမှ ရွှေ့ဆိုင်း

**ကွာလာလမ်ပူ ဩဂုတ် ၁၉**

မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်ကို နိုင်ငံပိုင် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ (1MDB)မှ ရန်ပုံငွေများ အလွဲသုံးစားမှုဖြင့် တရားစွဲဆိုထားရာ ၎င်း၏အမှုကြားနာမှုကို မလေးရှား တရားရုံးက ဩဂုတ် ၁၉ ရက်တွင် ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

တရားသူကြီးသည် အစိုးရရှေ့နေများနှင့် နာဂျစ်ဘက်မှ ခုခံကာကွယ်ပေးသူရှေ့နေအဖွဲ့တို့ထံမှ လျှောက်လဲချက်များကို ကြားနာပြီးသည့်နောက် အကြောင်းပြချက်အချို့ကြောင့် ကြားနာမှုကို စတင်ရန် မဖြစ်နိုင်သည့်အတွက် ရွှေ့ဆိုင်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

နိုင်ငံပိုင် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ (1MDB)၏ လက်အောက်ခံ အက်စ်အာရ်စီအင်တာနေရှင်နယ်ကုမ္ပဏီ အမှုတွင်လည်း နာဂျစ်၏ပါဝင်ပတ်သက်မှုများရှိနေသည်။ အက်စ်အာရ်စီ အင်တာနေရှင်နယ်အမှုနှင့်စပ်လျဉ်းပြီး ခုခံကာကွယ်မှုများ ပြုလုပ်သွားရန် အချက်အလက်များစွာလိုအပ်ကြောင်း၊ လုံလောက်သည့် အချိန်မရှိကြောင်းလည်း ရှေ့နေများက ပြောသည်။

နာဂျစ်၏ (1MDB) ကြားနာစစ်ဆေးမှုကို ဩဂုတ် ၁၉ ရက်နှင့် နိုဝင်ဘာ ၁၄ ရက်တို့တွင် ပြုလုပ်သွားရန် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် တရားသူကြီးသည် ယင်းအမှုကြားနာစစ်ဆေးမှုကို ဩဂုတ် ၂၆ ရက်ဟု သတ်မှတ်ခဲ့သည်။ နာဂျစ်သည် အကျင့်ပျက်ခြစားမှု၊ ငွေကြေးခဝါချမှု၊ အာဏာ အလွဲသုံးစားလုပ်မှု အစရှိသည်တို့အတွက် တရားစွဲဆိုခံထားရသည်။ ၎င်း၏ဇနီးဖြစ်သူ ရိုစ်မန်ဆောနှင့် မယားပါသားဖြစ်သူ ရီဇာရှာရစ် အဗ္ဗယ်အဇစ်တို့သည်လည်း အကျင့်ပျက်ခြစားမှု၊ ငွေကြေးခဝါချမှုတို့အတွက် တရားရင်ဆိုင်နေရသည်။

**ဆင်ဟွာ**



မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်

# ဂရင်းလန်းကျွန်းကို ဝယ်ယူရန် စိတ်ဝင်စားကြောင်း ထရမ့်ဖော်ပြ

**ဝါရှင်တန် ဩဂုတ် ၁၉**

ဂရင်းလန်းကျွန်းကို ဝယ်ယူရန် စိတ်ဝင်စားနေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၁၈ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

သို့သော်လည်း အဆိုပါကျွန်းကို ဝယ်ယူရေးမှာ အမေရိကန်အစိုးရအဖွဲ့၏ ဦးစားပေးကိစ္စမဟုတ်ကြောင်း ထရမ့်က ပြောသည်။

ဂရင်းလန်းကို ဝယ်ယူရေးမှာ အစိုးရအဖွဲ့အတွင်း ပြောဆိုနေသည့် အကြောင်းအရာတစ်ခု ဖြစ်ကြောင်း ထရမ့်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ရေခဲပြင်များဖုံးလွှမ်းနေသည့် ဒိန်းမတ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိတ်အပိုင်းကို စိတ်ဝင်စားလျက်ရှိပြီး အကယ်၍ အမေရိကန်က ယင်းနယ်နိမိတ်ကို ဝယ်ယူမည်ဆိုပါက ဖြစ်နိုင်ခြေရှိမရှိ အကြံပေးပုဂ္ဂိုလ်များနှင့် တိုင်ပင်လျက်ရှိကြောင်း ဝေါလ်စထရိဂျာနယ်က ပြီးခဲ့သည့် ရက်သတ္တပတ်က ဖော်ပြခဲ့သည်။

ဂရင်းလန်းကျွန်းကို အမေရိကန်ပိုင်နက်အဖြစ် ဝယ်ယူရန် စဉ်းစားနေခြင်းရှိမရှိ မေးမြန်းခဲ့ရာတွင် သမ္မတထရမ့်က ယင်းကိစ္စနှင့်ပတ်သက်၍ လုပ်ဆောင်ရမည့် အရာများရှိနေကြောင်း ထရမ့်က ပြန်လည်ဖြေကြားခဲ့သည်။ ယင်းကိစ္စမှာ ကြီးမားသည့် နယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်တစ်ခုဖြစ်ကြောင်း ၎င်းကပြောသည်။

ဂရင်းလန်းကျွန်းကို ပိုင်ဆိုင်ထားရသည့်အတွက် ဒိန်းမတ်နိုင်ငံသည် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၇၀၀ နီးပါး ဆုံးရှုံးနေရသည်ဖြစ်ရာ ဆိုးဆိုးရွားရွား ထိခိုက်နစ်နာမှုရှိနေကြောင်းနှင့် မဟာဗျူဟာအရဆိုလျှင် အဆိုပါနယ်နိမိတ်သည် အမေရိကန်အတွက် ကောင်းမွန်သင့်လျော်ကြောင်း သမ္မတထရမ့်က ပြောကြားခဲ့သည်။

ဂရင်းလန်း နိုင်ငံခြားရေးဝန်ကြီးဌာနက လုပ်ငန်းဆိုင်ရာ ဆွေးနွေးရန် အသင့်ဖြစ်ကြောင်း၊ သို့ရာတွင် ဂရင်းလန်းကျွန်းသည် ရောင်းချရန်မဟုတ်ကြောင်း ပြီးခဲ့သည့် ရက်သတ္တပတ်က ပြောကြားခဲ့သည်။

**စွမ်းအင် ကြွယ်ဝသည့် နယ်နိမိတ်ဖြစ်**

ဂရင်းလန်းကျွန်းသည် အဖိုးတန် သယံဇာတအရင်းအမြစ်များဖြစ်သည့် သတ္တုများ၊ သန့်စင်သည့် ရေနှင့် ရေခဲ၊ ရေထွက်ပစ္စည်းများ၊ ပင်လယ်စာနှင့် ပြန်ပြည့်မြဲစွမ်းအင် ကြွယ်ဝသည့် နယ်နိမိတ်ဖြစ်သည်။

**အေအက်ဖ်ပီ**

# အမေရိကန်နှင့် တင်းမာမှုများ မြင့်တက်နေချိန် အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျပန်သို့ သွားရောက်မည်

**တီဟီရန် ဩဂုတ် ၁၉**

အမေရိကန်နှင့် တင်းမာမှုများမြင့်တက်နေချိန် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာအစ်သည် ယခုလအတွင်း ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ဩဂုတ်လနှောင်းပိုင်းတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး အာရှသို့ခရီးထွက်နိုင်ရေး အပြီးသတ်ညှိနှိုင်းမှုများ ပြုလုပ်နေသည်ဟု သံတမန် သတင်းအရင်းအမြစ်များက ပြောသည်။

အီရန်အစိုးရသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုတို့နှင့် တွေ့ဆုံနိုင်ရေး ခွင့်တောင်းထားသည်။ ပါရှန်းပင်လယ်ကွေ့ အခြေအနေတင်းမာမှုများအပေါ် အီရန်၏အမြင်သဘောဆောင်သည့် အသေးစိတ်အချက်အလက်များကို ရှင်းပြသွားရန် မစ္စတာ ဇာအစ်က ခန့်မှန်းထားသည်။

ဟော်မုဇ်ရေလက်ကြားတစ်လျှောက် ပင်လယ်ရေကြောင်း သွားလာမှုလုံခြုံ စိတ်ချရရေး အပြည်ပြည်ဆိုင်ရာမဟာမိတ်အဖွဲ့ ဖွဲ့စည်းရာတွင် အမေရိကန်က ဂျပန်နိုင်ငံကိုပါ ပါဝင်စေလိုသည်။ အီရန်က အဆိုပါအဆိုပြုချက်သည် ဒေသတွင်းတင်းမာမှုများကို မြင့်တက်လာစေနိုင်သည့် ရန်လိုသည့် အပြုအမူဟု ပြောသည်။

အကယ်၍ ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့် ချုပ်ဆိုခဲ့သည့် ၂၀၁၅ ခုနှစ် နျူကလီးယားစာချုပ်မှ စီးပွားရေး အကျိုးအမြတ်များ အီရန်မရရှိခဲ့ပါက လာမည့်လအစောပိုင်းတွင် အီရန်သည် ယူရေနီယံသန့်စင်မှုလှုပ်ရှားမှုများကို လုပ်ဆောင်သွားမည်ဟု သတိပေးထားသည်။

အကယ်၍ အီရန်ကသာ ယူရေနီယံ သန့်စင်မှုများဆက်လက်လုပ်ဆောင်ခဲ့လျှင် ဂျပန်က မည်သို့တုံ့ပြန်နိုင်ဖွယ်ရှိသည်ကို မစ္စတာဇာအစ်က လာရောက်လေ့လာခြင်းဖြစ်သည်ဟု သံတမန် လေ့လာသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၂၀ ရွေးကောက်ပွဲတွင် မိုက်ပန့်စ်နှင့် အတူ လက်တွဲ၍ ရွေးကောက်ပွဲဝင်မည်ဟု ထရမ့်ပြော

**ဝါရှင်တန် ဩဂုတ် ၁၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မိုက်ပန့်စ်နှင့် အတူယှဉ်ပြိုင်သွားမည်ဟု အတည်ပြုပြောကြားခဲ့သည်။ သမ္မတ ထရမ့်သည် နောက်တစ်ကြိမ် ပြန်လည်ရွေးကောက်ခံရရေး ယှဉ်ပြိုင်ရာတွင် ဒုတိယသမ္မတ မိုက်ပန့်စ်ကို ၎င်းနှင့်အတူပါဝင်ယှဉ်ပြိုင်ရန် ရွေးချယ်ထားသည်။

ဩဂုတ် ၁၈ ရက် နယူးဂျာဆီ ပြည်နယ်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထရမ့်က ၂၀၂၀ သမ္မတ ရွေးကောက်ပွဲတွင် နောက်တစ်ကြိမ်ပြန်လည်ရွေးကောက်ခံရန် ယုံကြည်ချက်ရှိသည်ဟု ပြောကြားခဲ့သည်။ ၎င်းနှင့်အတူ ရွေးကောက်ပွဲဝင်ရန် အမည်စာရင်း များစွာတက်လာသော်လည်း မိုက်ပန့်စ်နှင့်သာ အတူလက်တွဲလိုကြောင်း ပြောကြားခဲ့သည်။

မိုက်ပန့်စ်မှာ ကွန်ဆာဗေးတစ် ခရစ်ယာန်များကြားတွင် ရေပန်းစားသည့်အတွက်လည်း မိုက်ပန့်စ်ကို ၎င်းအနားတွင် ဆက်လက်ထားလိုခြင်းဖြစ်သည်။ သမ္မတ ထရမ့်သည် ၎င်းအောင်မြင်အောင်လုပ်ဆောင်ခဲ့မှုများကို ပြောပြပြီး သီတင်းပတ်အားလပ်ရက် မတိုင်မီအထိ မဲဆွယ်စည်းရုံးမှုပြုလုပ်သွားသည်။

**အင်န်အိတ်ချ်ကေ**

# ဗြိတိန်တွင် ဥရောပသမဂ္ဂမှ ဥပဒေအဆုံးသတ်ရေး ဘရီးဇစ်ဝန်ကြီး လက်မှတ်ရေးထိုး

**လန်ဒန် ဩဂုတ် ၁၉**

ဘရီးဇစ်ဝန်ကြီး စတက်ဖင်ဘာကလေသည် ဗြိတိန်နိုင်ငံ၌ ဥရောပသမဂ္ဂ၏ တရားဥပဒေသက်ရောက်မှု အောက်တိုဘာ ၃၁ ရက်တွင် အဆုံးသတ်နိုင်မည့် အမိန့်တစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်ဟု ဗြိတိန်အစိုးရက ဩဂုတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။

၁၉၇၂ ခုနှစ် ဗြိတိန် ဥရောပသမဂ္ဂအဖွဲ့သို့ စတင်ဝင်ရောက်စဉ်က ပြဋ္ဌာန်းခဲ့သည့် ပါလီမန်အက်ဥပဒေကို ရုပ်သိမ်းရန် ဥပဒေတစ်ရပ်ကို ဘာကလေက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

၁၉၇၂ ခုနှစ် ဥရောပအသိုက်အဝန်း အက်ဥပဒေအရ ဥရောပသမဂ္ဂမှ ဥပဒေများ ဗြိတိန်ဥပဒေအတွင်းသို့ တိုက်ရိုက်စီးဆင်းဝင်ရောက်သွားသည်။ ၁၉၇၂ အက်ဥပဒေကို ရုပ်သိမ်းပြီး ဥရောပသမဂ္ဂ မှ နုတ်ထွက်ခွင့်ဥပဒေကို ပြဋ္ဌာန်းသွားမည် ဖြစ်သည်။ ၁၉၇၂ အက်ဥပဒေကို ရုပ်သိမ်းမှုသည် အောက်တိုဘာ ၃၁ ရက် ဥရောပသမဂ္ဂမှ ဗြိတိန်တရားဝင်နုတ်ထွက်သည့်အချိန်တွင် စတင်သက်ရောက်မည်ဖြစ်သည်။

**ဆင်ဟွာ**



ဘရီးဇစ်ဝန်ကြီး စတက်ဖင်ဘာကလေ

# ဂျီဘရော်လ်တာမှ လွတ်မြောက်ထွက်ခွာသွားသော အီရန်ရေနံတင်သင်္ဘော

ကလျာမိုးမြင့်

• • • • • • •



ဂျီဘရော်လ်တာ အာဏာပိုင်များက ပြန်လွှတ်ပေးလိုက်သည့် အီရန်ရေနံတင်သင်္ဘော အက်ဒရီယန်ဒါရာဝမ်းကို တွေ့ရစဉ်။

ဗြိတိန်နဲ့ အီရန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး တင်းမာမှုကို အစပြုခဲ့တဲ့ မီးပွားတစ်ခုလို့ဆိုရမယ့် အီရန် ရေနံတင်သင်္ဘောဟာဆိုရင် ဩဂုတ် ၁၈ ရက်ညပိုင်းမှာတော့ ဂျီဘရော်လ်တာကနေ ထွက်ခွာသွားခဲ့ပြီဖြစ်ပါတယ်။

ဗြိတိန်ရဲ့နယ်နိမိတ်ဖြစ်တဲ့ ဂျီဘရော်လ်တာမှာ အီရန် ရေနံတင်သင်္ဘောကို ဥရောပသမဂ္ဂရဲ့အရေးယူပိတ်ဆို့မှုတွေ ချိုးဖောက်တယ်ဆိုတဲ့ အကြောင်းနဲ့ ဖမ်းဆီးထိန်းသိမ်းထားခဲ့တာ ရက်သတ္တခြောက်ပတ်တိတိ ကြာမြင့်ခဲ့ပြီးတဲ့နောက်မှာတော့ သင်္ဘောကို ဂျီဘရော်လ်တာတရားရုံးက ပြန်လွှတ်ပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။

**အမည်သစ်ပေး**

ရေနံတင်သင်္ဘော ဂရေ့စ်ဝမ်းဟာ ဗြိတိန်နယ်နိမိတ်ကနေ ထွက်ခွာရွေ့လျားလျက်ရှိပြီး ဩဂုတ် ၁၉ ရက်မှာတော့ အရှေ့ဘက်ကိုကွေ့သွားပြီး ဂရိနိုင်ငံ ကာလာမာတာဆီ ဦးတည်ခုတ်မောင်းသွားတယ်လို့ ရေကြောင်းသွားလာမှုလေ့လာစောင့်ကြည့်အဖွဲ့က ဖော်ပြခဲ့ပါတယ်။ ဂရေ့စ်ဝမ်းဆိုတဲ့ အမည်ကနေ အခုအခါ အီရန်က အက်ဒရီယန် ဒါရာဝမ်းလို့ အမည် သစ်ပေးထားတဲ့ အဲဒီရေနံတင်သင်္ဘောကို ဆက်လက်ဖမ်းဆီး ထိန်းသိမ်းထားဖို့ အမေရိကန်ရဲ့ တောင်းဆိုချက်ကို ဂျီဘရော်လ်တာ အာဏာပိုင်တွေက ငြင်းဆန်လိုက်ပြီး နာရီအနည်းငယ်အကြာမှာ သင်္ဘောထွက်ခွာသွားပြီဆိုတဲ့ သတင်းတွေ ထွက်ပေါ်လာတာပါ။

**ပိတ်ဆို့မှုကိုချိုးဖောက်**

ရေနံစည်ပေါင်း ၂ ဒသမ ၁ သန်း အပြည့်တင်ဆောင်ထားတဲ့ အက်ဒရီယန် ဒါရာဝမ်း သင်္ဘောပေါ်က ကုန်စည်တန်ဖိုးဟာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ သန်း ၁၄၀ ( ယူရိုငွေ ၁၁၅ သန်း ) တန်ဖိုးရှိတယ်လို့ သိရပါတယ်။ အစက အဲဒီရေနံတင်သင်္ဘောကို ဥရောပသမဂ္ဂရဲ့အရေးယူပိတ်ဆို့မှုတွေ ချိုးဖောက်ပြီး ရေနံတွေ ဆီးရီးယားနိုင်ငံဆီ ပို့ဆောင်ဖို့ တင်ဆောင်လာတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ဗြိတိန်တော်ဝင်ရေတပ်ဖွဲ့က ဂျီဘရော်လ်တာကမ်းခြေမှာ ဇူလိုင် ၄ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့တာ ဖြစ်ပါတယ်။

အဲဒီလိုဖမ်းဆီးလိုက်တာကို တုံ့ပြန်တဲ့အနေနဲ့ ဗြိတိန်အလံလွှင့်ထူထားတဲ့ စတီနာ အင်ပီရို ရေနံတင်သင်္ဘောတစ်စင်းကို ပင်လယ်ကွေ့အတွင်းမှာ အီရန်က ပြန်ပြီးဖမ်းဆီးထိန်းသိမ်းလိုက်ရာက နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးမှာ ပဋိပက္ခတစ်ခုပေါ်ပေါက်စေခဲ့ပါတယ်။ ဒီအခါမှာ ဗြိတိန်ဘက်က ဘာလုပ်သလဲဆိုတော့ ဒုတိယမြောက် စစ်သင်္ဘောတစ်စင်းကို ပင်လယ်ကွေ့ဒေသဆီစေလွှတ်ပြီး ကုန်တင်သင်္ဘောတွေ ကူးသန်းသွားလာမှုကို လိုက်ပါစောင့်ကြပ် ကာကွယ်စောင့်ရှောက်စေခဲ့ပါတယ်။

**ကတိကဝတ်ပါတဲ့စာတစ်စောင်**

ရေနံတွေ ဆီးရီးယားကိုပို့ဆောင်ဖို့ သင်္ဘောပေါ်တင်ဆောင်လာခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်ကို အီရန်ဘက်က ငြင်းဆန်ခဲ့ပါတယ်။ အီရန်အနေနဲ့ ဥရောပသမဂ္ဂက ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုသက်ရောက်တဲ့ ဆီးရီးယားနိုင်ငံသို့မဟုတ် တခြားဘယ်နေရာမှာမဆို သင်္ဘောနဲ့ရေနံတွေ ပို့ဆောင်မှုကို မလုပ်တော့ဘူးဆိုတဲ့ ကတိကဝတ်ပါရှိတဲ့စာတစ်စောင်ကို ဂျီဘရော်လ်တာသို့ ပေးပို့ခဲ့ပြီးနောက်မှာ ၎င်းကို ဖမ်းဆီးထိန်းသိမ်းထားမှု အဆုံးသတ်ပြီး ပြန်လွတ်လာတာ ဖြစ်ဖွယ်ရှိတယ်လို့ စောင့်ကြည့်အဖွဲ့တွေက သုံးသပ်နေကြပါတယ်။

**မကျေအေးနိုင်သူ**

ဒီကိစ္စမှာ အီရန်နဲ့ ဗြိတိန်တို့ ကျေအေးကောင်း ကျေအေးသွားတယ်လို့ ထင်မြင်ယူဆရပေမယ့် မကျေအေးနိုင်တဲ့ နောက်တစ်ဖက်ကတော့ ဝါရှင်တန်ဖြစ်ပါတယ်။ ဝါရှင်တန်ရှိ ဖက်ဒရယ်တရားရုံးက အမေရိကန်က အီရန်အပေါ်ချမှတ်ထားတဲ့ ပိတ်ဆို့မှုတွေကို ချိုးဖောက်ခဲ့ပြီး ရေနံတွေတင်ဆောင်လာတဲ့ အီရန်ရေနံတင်သင်္ဘောကို ဖမ်းဝရမ်းထုတ်လာပြန်ပါတယ်။

အီရန်ရေနံတင်သင်္ဘောကို အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က လည်ပတ်ဆောင်ရွက်နေတဲ့ ကုမ္ပဏီတွေပါဝင်တဲ့ ကွန်ရက်တစ်ခုကတစ်ဆင့် ထိန်းချုပ်ထားတာဖြစ်တယ်လို့ အမေရိကန်က တပ်အပ်ပြောနေပါတယ်။ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ဆိုတာဟာလည်း တခြားမဟုတ်ပါဘူး။ အမေရိကန်က အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ထားပြီး အရေးယူပိတ်ဆို့မှုတွေ အဓိကပစ်မှတ်ထား လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းပါပဲ။

**တောင်းဆိုချက်ကိုငြင်းဆန်**

ဘယ်လိုပဲဖြစ်ဖြစ်အမေရိကန်ရဲ့ ဒီကိစ္စက ဥရောပသမဂ္ဂရဲ့ ဥပဒေဘောင်အတွင်းမှာရှိနေတာမို့လို့ သင်္ဘောကိုဖမ်းဆီးထားဖို့ အမေရိကန်ရဲ့တောင်းဆိုချက်ကို မလိုက်နာနိုင်ဘူးလို့ ဂျီဘရော်လ်တာအာဏာပိုင်တွေက ဩဂုတ် ၁၈ ရက်မှာ ငြင်းဆန်လိုက်ပါတယ်။ အီရန်အပေါ်မှာ ဥရောပသမဂ္ဂက ချမှတ်တဲ့ အရေးယူပိတ်ဆို့မှုတွေဟာ အခြေခံအားဖြင့် အမေရိကန်နဲ့ကွဲလွဲတယ်။ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ကို အမေရိကန်က အကြမ်းဖက်အဖွဲ့အစည်းလို့ သတ်မှတ်ပေမယ့် ဥရောပသမဂ္ဂ၊ ဗြိတိန်နဲ့ ဂျီဘရော်လ်တာ ဥပဒေက မသတ်မှတ်ထားဘူးလို့ အာဏာပိုင်တွေက ပြတ်ပြတ်သားသားဆိုခဲ့ပါတယ်။

**အနှောင့်အယှက်မရှိ**

အမေရိကန်ရဲ့တောင်းဆိုချက်ကို ဂျီဘရော်လ်တာက သဘောမတူခဲ့ပေမယ့်လည်း ဖမ်းဆီးထိန်းသိမ်းထားရာကနေ ပြန်လွှတ်ပေးလိုက်တဲ့ ရေနံတင်သင်္ဘော ထွက်ခွာသွားချိန်မှာ တရားဝင်နှောင့်ယှက်တားဆီးတဲ့ ကိစ္စမျိုးတော့ ချက်ချင်းလက်ငင်းပေါ်ထွက်လာတာ မရှိခဲ့ပါဘူး။

အီရန်သမ္မတ ဟက်ဆန်ရိုဟာနီရဲ့ ရုံးအဖွဲ့အကြီးအကဲ မာမွန်ဗယ်ဇီကတော့ ရေနံတင်သင်္ဘောကို ပြန်လွှတ်ပေးလိုက်တာဟာ သံတမန်ဆက်ဆံရေးအောင်ပွဲတစ်ခု ဖြစ်တယ်လို့ Mehr သတင်းအေဂျင်စီသို့ ပြောကြားခဲ့ချိန် တခြားအာဏာပိုင်တွေက အီရန်အနေနဲ့ ရေနံတင်သင်္ဘောရဲ့ အနာဂတ်လမ်းကြောင်းနဲ့ပတ်သက်လို့ ဘာကတိကဝတ်မှ ပေးအပ်ခဲ့တာမရှိဘူးလို့ ဆိုနေပြီး ဆီးရီးယားဆီကို ရေနံပို့ဆောင်ဖို့လုပ်ခဲ့တယ်ဆိုတဲ့ ကိစ္စကတော့ လုံးဝမဟုတ်ဘူးလို့ ဘူးခံငြင်းဆန်လျက်ရှိပါတယ်။

**အထောက်အထားတွေရှိ**

ဒီကိစ္စကြောင့် အီရန်ဟာ ကိုယ့်ကိုယ်ကိုယ် နိုင်ငံရေးအရ ခုခံကာကွယ်တဲ့ဖော်ပြချက်တွေ လုပ်ဆောင်နေတယ်လို့ ဂျီဘရော်လ်တာက စွပ်စွဲခဲ့ပါတယ်။ ကတိကဝတ်အာမခံချက်တွေပါတဲ့ ရေးသားချက်ကို အခုရက်သတ္တပတ်အစောပိုင်းမှာ ပေးအပ်ခဲ့တာဖြစ်ပြီး ပြည်ပမှာရှိနေခဲ့တဲ့ သက်သေအထောက်အထားတွေအရ သင်္ဘောဟာ ဆီးရီးယားဆီသွားနေခဲ့တယ်ဆိုတာကို ပြသနေတယ်လို့ ဂျီဘရော်လ်တာက ဖော်ပြပါတယ်။

အီရန်အနေနဲ့ ထွက်ခွာသွားတဲ့ ရေနံတင်သင်္ဘောကို လိုက်ပါစောင့်ရှောက်ဖို့အတွက် အီရန်ရေတပ်ဖွဲ့သင်္ဘောအုပ်စုကို လိုအပ်လာရင် စေလွှတ်မယ်လို့ ဆိုပါတယ်။ အီရန်ရေတပ်အကြီးအကဲ ဟူစိန် ခန်ဇာဒီက ကိုယ့်ကိုထိလို့ကြောက်ပြီး ထွက်ပြေးတယ်ဆိုတဲ့ ခေတ်ကကုန်နေပြီ။ အကယ်၍ ထိပ်တန်းအာဏာပိုင်တွေကသာ ရေတပ်ကို အမိန့်ပေးလာခဲ့ရင် အက်ဒရီယန် ဒါရာဝမ်း ရေနံတင်သင်္ဘောကို လိုက်ပါစောင့်ကြပ်ကာကွယ်ဖို့ အဆင်သင့်ပဲလို့ ပြောကြားလိုက်ပါတယ်။

**အစားထိုးမယ်**

အက်ဒရီယန် ဒါရာ ဝမ်း သင်္ဘောအတွက် ရုံးစာလုပ်ငန်းတွေနဲ့ ပို့ဆောင်ထောက်ပံ့မှုကိစ္စရပ်တွေကို ကိုင်တွယ်ဆောင်ရွက်ဖို့ ငှားရမ်းထားတဲ့ ဂျီဘရော်လ်တာရှိ သင်္ဘောပို့ဆောင်ရေးအေဂျင်စီ Astralship က သင်္ဘောပေါ်မှာရှိတဲ့ သင်္ဘောသားတွေနေရာမှာ အိန္ဒိယနဲ့ ယူကရိန်းနိုင်ငံက သင်္ဘောသားသစ်တွေနဲ့ အစားထိုးသွားဖို့ရှိတယ်လို့ အေပီသတင်းသို့ ပြောကြားခဲ့ပါတယ်။

အစက ဂရေ့စ်ဝမ်းလို့အမည်ပေးထားခဲ့တဲ့ အီရန်သင်္ဘောဟာ ပနားမားအလံလွှင့်ထူပြီး ခုတ်မောင်းလာစဉ်မှာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပါတယ်။ ဩဂုတ် ၁၈ ရက်(တနင်္ဂနွေနေ့)မှာတော့ အနီရောင်၊ အစိမ်းရောင်နဲ့ အဖြူရောင်တွေ ပါဝင်နေတဲ့ အီရန်အလံတလွင့်လွင့်နဲ့ သင်္ဘောတစ်စင်းကို သတင်းဓာတ်ပုံတွေထဲမှာတွေ့မြင်နေရပြီး သင်္ဘောကိုယ်ထည်ပေါ်မှာ အဖြူရောင်စာလုံးနဲ့ ရေးထိုးထားတဲ့ နာမည်သစ်ကတော့ အက်ဒရီယန် ဒါရာဝမ်းဆိုတဲ့ အမည်ပဲဖြစ်ပါတယ်။ ။

**ကိုးကား- သည်ဂါဒီယန်**

## နိုင်ငံတကာသတင်းတိုထွာ

### ဘင်္ဂလားဒေ့ရှ်၌ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၇၀ အထိ ရှိလာ

**ဒါကာ ဩဂုတ် ၁၉**

ဘင်္ဂလားဒေ့ရှ်၌ တုပ်ကွေးဖြစ်ပွားသည့် ရာသီအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှုကြောင့် သေဆုံးရသူအရေအတွက် ၇၀ အထိရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ဩဂုတ် ၁၈ ရက်တွင် ဖော်ပြခဲ့သည်။

သို့သော်လည်း သွေးလွန်တုပ်ကွေးကြောင့် သေဆုံးရသူ ၇၀ အနက် ၄၀ ကိုသာ အစိုးရ၏ ရောဂါရှာဖွေရေး၊ထိန်းချုပ်ရေးနှင့် သုတေသနဆိုင်ရာအဖွဲ့ကြီးက အတည်ပြုခဲ့ကြောင်း ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ အထွေထွေညွှန်ကြားမှုအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး အေရှာအက်ခသာက ပြောကြားခဲ့သည်။ ယခုနှစ်၏ ပြီးခဲ့သည့် ဇန်နဝါရီ ၁ရက်မှ ဩဂုတ် ၁၈ရက်အထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသည့် လူနာ စုစုပေါင်း ၅၃၁၈၂ ဦးရှိခဲ့ကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ်က ဖြစ်ပွားသည့် အရေအတွက်မှာ ၁၀၁၄၈ ဦးရှိပြီး ၂၆ ဦးသေဆုံးခဲ့သည်။

**ဆင်ဟွာ**

## ကက်ရှ်မီးယားအရေးတွင် နိုင်ငံတကာက ပိုမိုပါဝင်လာစေရန် ပါကစ္စတန်တောင်းဆို

**ကရာချိ ဩဂုတ် ၁၉**

အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုဖြစ်နေသည့် ကက်ရှ်မီးယားဒေသအရေးဖြေရှင်းရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းက ပိုမိုပါဝင်လာကြရန် ပါကစ္စတန်ဝန်ကြီးချုပ် အင်မရန်ခမ်းက တိုက်တွန်းတောင်းဆိုခဲ့ကြောင်း သိရသည်။

**အလွတ်သဘော ဆွေးနွေး**

ကက်ရှ်မီးယားအရေးနှင့် ပတ်သက်၍ ပြီးခဲ့သည့် သောကြာနေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အလွတ်သဘော ဆွေးနွေးခဲ့မှုကို ပါကစ္စတန်ဝန်ကြီးချုပ်က ကြိုဆိုလိုက်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကမ္ဘာ့အမြင့်ဆုံးသံတမန်ရေးရာ ဆွေးနွေးမှုကို နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ်ပြုလုပ်ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် အင်မရန်ခမ်းက ဩဂုတ် ၁၇ ရက်တွင် လူမှုကွန်ရက်၌ ရေးသားဖော်ပြခဲ့သည်။

ယင်းဆွေးနွေးပွဲကို ပါကစ္စတန်၏တောင်းဆိုချက်အရ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အစည်းအဝေး၌ ဆုံးဖြတ်ချက်တစ်ခုခု ချခဲ့ခြင်းမရှိကြောင်း သိရသည်။

ကက်ရှ်မီးယားပြည်သူတို့၏ အခက်အခဲဒုက္ခများကို ကုစားပေးရန်နှင့် အငြင်းပွားမှုများပြေလည်စေရန် ကုလသမဂ္ဂအဖွဲ့ကြီး၌ တာဝန်ရှိကြောင်း မစ္စတာအင်မရန်ခမ်းက ထပ်လောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# စစ်တောင်းမြစ်ကူးတံတား ချဉ်းကပ်လမ်းဆောက်လုပ်ရန် ပါဝင်သောလယ်မြေများအတွက် မြေယာနှင့် သီးနှံလျော်ကြေးငွေပေးချေခြင်းအခမ်းအနား ကျင်းပ

**ရေတာရှည် ဩဂုတ် ၁၉**
ရေတာရှည်မြို့နယ် ရေတာရှည် - ကရင်ချောင်းလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား ချဉ်းကပ်လမ်းဖောက်လုပ်စဉ် ပါဝင်သွားသောမြေများအတွက် မြေယာနှင့်သီးနှံလျော်ကြေးငွေပေးချေခြင်းအခမ်းအနားကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး **(ယာပုံ)** ရေတာရှည်-ကရင်ချောင်းလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား ချဉ်းကပ်လမ်းဖောက်လုပ်စဉ် ပါဝင်သွားသောတောင်သူ ၆၆ ဦး၏ လယ်ယာမြေဖြစ်သည့် တောင်ငူမြို့နယ်မှ ၁၇ ဒသမ ၃၇ ကေနှင့် ရေတာရှည်မြို့နယ်မှ ၂၁ ဒသမ ၁၁ ကေကို တစ်ကေလျှင် မြေယာအတွက် ငွေကျပ် သိန်း ၃၀ နှုန်းဖြင့် လည်းကောင်း၊ သီးနှံလျော်ကြေးအဖြစ် တစ်တင်းလျှင်ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ၈၈၂၄ ဒသမ ၈၈၆၃၆ တင်းအတွက် သီးနှံကြေး၏ သုံးဆကိုလည်းကောင်း စုစုပေါင်းလျော်ကြေးငွေကျပ် ၁၆၅ ဒသမ ၅၃၉၅ သန်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တောင်ငူမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်း၊ တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်ထွန်းနှင့် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်တို့က လျော်ကြေးငွေပေးချေခဲ့ရာ အဆိုပါတောင်သူများက လက်ခံယူခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# အာဟာရကဏ္ဍပြုပြင်ပြောင်းလဲရေး သဘောတူညီမှုစာချုပ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**တောင်ကြီး ဩဂုတ် ၁၉**
တောင်ကြီးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက အာဟာရကဏ္ဍ ပြုပြင်ပြောင်းလဲရေး သဘောတူညီမှု စာချုပ်ဆိုင်ရာ ပြည်နယ်အဆင့်ညှိနှိုင်း ဆွေးနွေးပွဲ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က ရှမ်းပြည်နယ်တွင် ရေရှည်အာဟာရချို့တဲ့မှုကြောင့် ငါးနှစ်အောက် ကလေးများအရပ်ပုမှုသည် ၃၆ ဒသမ ၅ ရာခိုင်နှုန်းရှိနေပြီး တတိယအများဆုံး ဖြစ်နေကြောင်း၊ ရှမ်းပြည်နယ်တွင် အာဟာရချို့တဲ့မှု လျော့ကျရေးကို ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ရန်လိုနေပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှလည်း အခြားသော ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပြီး အထူး အလေးထားဆောင်ရွက်နေကြောင်း၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်သော အမျိုးသား အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်ကို စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာနှင့် ချိတ်ဆက်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း အာဟာရဓာတ်ချို့တဲ့မှု လျော့နည်းပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်သည် မြေဧရိယာအလွန်ကျယ်ပြန့်ပြီး မြို့နယ်များအလိုက် မတူကွဲပြားခြားနားသော အခြေအနေများ အမျိုးမျိုးရှိနိုင်သည့်အတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဟာရချို့တဲ့မှုကို ဖြစ်စေသော နောက်ခံအကြောင်းရင်းများ၊ တိုက်ရိုက်အကြောင်းရင်းများကို ဦးတည်ဖြေရှင်းသော လုပ်ငန်းများဖြစ်ရန်လိုအပ်ပြီး မြို့နယ်တွင် ရှိနေသော အရင်းအမြစ်များကို အထိရောက်ဆုံးအသုံးပြုရန်နှင့် အကျိုးဖြစ်ထွန်းမှုအများဆုံးဖြစ်စေသော လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် အရေးကြီးကြောင်း ပြောကြားသည်။



ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက အမှာစကားပြောကြားပြီး ဥရောပသမဂ္ဂအဖွဲ့အစည်း၏ Deputy head of cooperation ဖြစ်သူ Mr. Pedro က အမှာစကား ပြောကြားသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# မိုင်းဖြတ်မြို့နယ်၌ လူငယ်၏အနာဂတ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မိုင်းဖြတ် ဩဂုတ် ၁၉**
ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း မိုင်းဖြတ်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ပူးပေါင်းစီစဉ်ကျင်းပသည့် လူငယ်၏ အနာဂတ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၁၇ ရက်က မိုင်းဖြတ်ကျောင်းရှိ ရွှေလီဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကိုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးရှောလမွန်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်၏ အနာဂတ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကျင်းပရာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်က ပညာရေးဖြင့် လူငယ်ဘဝမြှင့်တင်ခြင်းကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က စည်းကမ်းရှိမှု လူငယ်ဘဝမြှင့်တင်ခြင်းကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်နိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးတေဇထက်အောင်က ကလေးသူငယ်ဆိုင်ရာ ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူများကသက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး (ပြန်/ဆက်)**

# ကရင်ပြည်နယ်ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**ဘားအံ ဩဂုတ် ၁၉**
ကရင်ပြည်နယ်အတွင်း ဩဂုတ်လဆန်းပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ တောင်ကျရေများစီးဆင်းခြင်းနှင့် မြစ်ရေ၊ ချောင်းရေများ မြင့်တက်လာခြင်းတို့ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ လှူဒါန်းရခြင်း ရည်ရွယ်ချက်အား ရွှေညဝါဆရာတော် အရှင်ပညာသီဟက ရှင်းလင်းမိန့်ကြားပြီး ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ရွှေညဝါလောကပါလ ဖောင်ဒေးရှင်းမှ အိမ်ထောင်စု ၃၀၀ အတွက် ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ အပါအဝင် ငွေကျပ်သိန်း ၁၀၀၊ မြန်မာ့လူမှုဘဝ တိုးတက်မြင့်မားရေးအသင်းမှ ငွေကျပ် ၁၀ သိန်း၊ Pledge to Myanmar (USA) မှ ငွေကျပ်သုံးသိန်း၊ ဦးဝင်းနိုင် မိသားစုမှ ငွေကျပ်သိန်း ၂၀၊ လိပ်သိုမြို့ လူမှု ကယ်ဆယ်ရေးအဖွဲ့မှ ငွေကျပ် ၂၈ သိန်း ကျော်ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံယူ၍ **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ပြည်နယ် ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လွိုင်ကော်မြို့၌ မသန်စွမ်းမှုဆိုင်ရာ ဆွေးနွေးပွဲနှင့် အသိပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**လွိုင်ကော် ဩဂုတ် ၁၉**
ကယားပြည်နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)တို့ ပူးပေါင်းကျင်းပသော မသန်စွမ်းမှုဆိုင်ရာ ဆွေးနွေးပွဲနှင့် အသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ရှိ ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက အမှာစကားပြောကြားပြီး ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ Program Manager ဒေါ်သင်းသင်းထက်က ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခြင်း၊ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ 'ဒို့လည်းပန်းတိုင်ရှိတယ်' ဗီဒီယိုအား ပြသခြင်း၊ မသန်စွမ်းမှုဆိုင်ရာ သတင်းအချက်အလက်ကောက်ယူခြင်းနှင့် သတင်းအချက်အလက်များ ကွင်းဆင်းလေ့လာ၍ ပြန်လည်မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါသင်တန်းကို ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလကို ဩဂုတ် ၁၉ ရက်မှ ၂၂ ရက်အထိ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**လွိုင်ကော်သား**

# ဒလမြို့နယ်၌ မိုးစပါးဖျက်ပိုးအန္တရာယ်မှ ကင်းထောက်ကာကွယ်ခြင်းသရုပ်ပြ

**ရန်ကုန် ဩဂုတ် ၁၉** - ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ယမန်နေ့က မိုးစပါးဖျက်ပိုးအန္တရာယ်မှ ကင်းထောက်ကာကွယ်ခြင်း သရုပ်ပြပွဲနှင့် မီးထောင်ခြောက်များ ပေးအပ်ပွဲကို ဘက်စုံအဆင့်မြင့် စိုက်ပျိုးရေး စံပြကျေးရွာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ်ဖြင့် စိုက်ပျိုးသည့် ညောင်ငုတ္တိုလ်ကျေးရွာအတွင်းရှိ တောင်သူ ဦးနိုင်လင်း၏ စံပြမိုးစပါးစိုက်ခင်း၌ ပြုလုပ်သည်။

အဆိုပါ သရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးသူက ဒေသခံတောင်သူကြီးများ၏ မိုးစပါးစိုက်ပျိုးကေများ၌ ကျရောက်တတ်သည့် ဖျက်ပိုးအန္တရာယ်ကြိုတင်ကင်းထောက်ကာကွယ်ပေးခြင်းဖြင့် မိုးစပါးအထွက်နှုန်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မျိုးစေ့ စစိုက်ပျိုးသည့်အချိန်မှ ဆန်စပါးကြိတ်ခွဲသည့် အချိန်ထိ လုပ်ငန်းစဉ်တစ်လျှောက်၌ ကျေးရွာအလိုက် တောင်သူများပါဝင်သည့် စေတနာ့ဝန်ထမ်း ပိုးမွှားကင်းထောက်အဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အသိပညာပေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သူသုံးဦးတို့ စိုက်ပျိုးသည့် မိုးစပါးစိုက်ပျိုးကေ ၃၀ တွင် မိုးစပါးဖျက်ပိုးအန္တရာယ်ကြိုတင် ကင်းထောက်ကာကွယ်ခြင်း သရုပ်ပြပွဲကို ကြည့်ရှုပြီး ကျေးရွာအတွက်လိုအပ်သည့် မီးထောင်ခြောက်အလုံး ၁၀၀ ကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အံ့ကြီးမောင် (ဒလ)**

## ဘိုကလေးမြို့နယ် အေရာကျေးရွာအုပ်စုအတွင်း မိကျောင်းအသိုက်တွေ့ရှိ၍ သစ်တောဦးစီးဌာနမှ ကွင်းဆင်းကြည့်ရှု

**ဘိုကလေး ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အေရာကျေးရွာအုပ်စု သမစိတ္တကျေးရွာတွင် မိကျောင်းအသိုက်တစ်ခု တွေ့ရှိသဖြင့် အသိုက်တည်နေရာသို့ ယမန်နေ့က မြို့နယ်သစ်တောဦးစီးဌာန တောအုပ် ဦးဘိုဘိုလွင်နှင့် ဝန်ထမ်းများ၊ ကျေးရွာတာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။ **(ယာပုံ)**



အဆိုပါ မိကျောင်းသိုက်ကို တာဝန်ရှိသူများက တိုင်းတာရာတွင် အလျား ၇ ပေ၊ အမြင့်လက်မ ၂၀ ဖြင့် အဝိုင်းပုံသဏ္ဍာန် တွေ့ရှိရကြောင်း၊ ကျေးရွာပတ်ဝန်းကျင်ရှိ ပြည်သူများအား သစ်တောဦးစီးဌာနမှ အသိပညာ ဟောပြောပွဲများ လုပ်ဆောင်ပေးခဲ့ကြောင်း၊ မိကျောင်းအသိုက်အား ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မိကျောင်းအန္တရာယ် သတိပြုစေရေး နှီးဆော်စာဆိုင်းဘုတ် စိုက်ထူခဲ့ကြောင်းနှင့် မိကျောင်းများမှာ ဧပြီလမှ ဇွန်လအထိ မိတ်လိုက်ကာ ဇွန်လမှ ဩဂုတ်လအထိ အသိုက်ပြုလုပ်လေ့ရှိကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**မိုးစက်(ဘိုကလေး)**

## မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း

**ဝမ်းတွင်း ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မြို့နယ်လုံးဆိုင်ရာ ပရဟိတကွန်ရက်အဖွဲ့ကြီးမှ ဆရာတော် ဦးဇောတိက ဦးဆောင်မှုဖြင့် မြို့မိမြို့ဖများ၊ ပရဟိတညီအစ်ကိုများ ပူးပေါင်းပြီး မွန်ပြည်နယ်အတွင်းရှိ သဘာဝဘေး ကျရောက်နေသူများအား ယနေ့နံနက်ပိုင်းက ဝမ်းတွင်းမြို့မှ ထွက်ခွာကာ သွားရောက်လှူဒါန်းကြောင်း သိရသည်။

လှူဒါန်းမှုနှင့် ပတ်သက်၍ မွန်ပြည်နယ်အတွင်း သဘာဝဘေးကျရောက်လျက်ရှိပြီး ယင်းဒေသရှိပြည်သူများအား တစ်ထောင့်တစ်နေရာမှ ကူညီနိုင်ရေးအတွက် ဆရာတော်၏ ဦးဆောင်မှုဖြင့် ဝမ်းတွင်းမြို့နယ်လုံးဆိုင်ရာ ပရဟိတအသင်းများက ပူးပေါင်းပြီး မြို့ပေါ်ရပ်ကွက်နှင့် အနီးနားရှိကျေးရွာများကို ငါးရက်အလှူခံကာ ရရှိလာသည့် အလှူငွေများ၊ ပစ္စည်းများကို သွားရောက်လှူဒါန်းခြင်းဖြစ်ကြောင်း မြို့နယ်လုံးဆိုင်ရာ ပရဟိတကွန်ရက်အဖွဲ့ကြီး၏ ဥက္ကဋ္ဌဖြစ်သူ ဦးမျိုး (ပစ်တိုင်းထောင်) ကပြောသည်။

**ဋ္ဌေးလှိုင် (ဝမ်းတွင်း)**

## ဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**မယ်စဲ့ ဩဂုတ် ၁၉**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ငလျင်ဘေးနှင့် အခြားသောဘေးအန္တရာယ်များ ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ ငလျင်ဘေးနှင့် အခြားသော ဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်စခန်း၌ ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

ပြောင်းလဲလာသောရာသီဥတုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်သည့် ရေဘေး၊ မီးဘေး၊ ငလျင်ဘေး၊ လေဘေး၊ မြေပြိုဘေးတို့ ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၅ ဦး စုဖွဲ့ထားရှိပြီး တပ်ဖွဲ့ဝင်များကိုယ်တိုင် ပါဝင်သည့် ရှာဖွေကယ်ဆယ်ရေး နည်းလမ်းများကို သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည် (ပြန်/ဆက်)**



## ကော့ကရိတ်မြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများပေးအပ်

**ကော့ကရိတ် ဩဂုတ် ၁၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံ မဲဆောက်မြို့(BMT)အသင်းမှ လှူဒါန်းသော ဆန်၊ ဆီ၊ ခေါက်ဆွဲ၊ ငါးသေတ္တာ၊ အဝတ်အထည်၊ ဆေး၊ မုန့်ပုံးများနှင့် အလှူငွေ ကျပ် ၄၁ သိန်းကျော်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အလှူရှင်များက ရေဘေးသင့်ပြည်သူများကိုယ်စား ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းထံ ဩဂုတ် ၁၈ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ ကျုံဒိုးမြို့ ခရစ်ကျောက်တန်းကျေးရွာသို့ သွားရောက်၍ ကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော်ထံ ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ဆန်နှင့် ဆီများကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ရေကြီးနေသော ကျေးရွာများဖြစ်သည့် ခရစ်ကျေးရွာ၊ ကော့ဟထော်ကျေးရွာနှင့် မွန်လိုင်ကျေးရွာတို့မှ အိမ်ထောင်စု ၉၀ အတွက် ဆန်၊ ဆီ၊ စားသောက်ကုန်၊ အဝတ်အထည်များနှင့် ထောက်ပံ့ငွေများကို ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့က သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့ကာ ခရစ်ကျေးရွာမှ ရေကြီးနစ်မြုပ်နေသည့် လယ်မြေများကိုလည်း လိုက်လံကြည့်ရှုခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ တိုင်းရင်းဆေးပညာဖြင့် အခမဲ့ ကွင်းဆင်းကုသ

**ကျိုင်းတုံ ဩဂုတ် ၁၉**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ခရိုင်/မြို့နယ် တိုင်းရင်းဆေးကုဌာနများနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒေသခံပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ ကွင်းဆင်းကုသခြင်းနှင့် အသိပညာပေး ဟောပြောခြင်းများကို ယမန်နေ့က မိုင်းဇင်းကျေးရွာအုပ်စု ယန်းလူးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်တိုင်းရင်းဆေးကုဌာနဦးစီးမှူး ဦးမင်းဟန်က တိုင်းရင်းဆေးပညာဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ တိုင်းရင်းဆေးရုံအုပ် ဦးမြင့်ခိုင်က ရာသီတုပ်ကွေးနှင့် ပတ်သက်၍ လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးရဲဝင်းထွန်းက စာဖတ်ရှိန်မြှင့်တင်ရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးများအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသော ဒေသခံပြည်သူ ၁၅၀ ကျော်အား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ ကုသပေးပြီး လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါး နှံရုံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

**ရဲထက်ဦး (ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၉-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၂၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၂၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၅၀/၈၉၀ ကျပ် | ၉၀၅/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၉၀၀ ကျပ် | ၉၂၀/၉၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၇၉၅ ကျပ် | ၈၂၅/၈၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၈၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၉ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၈ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၄၅ · ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၇ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၀ · ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၆ · ၀၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၂၉၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ · ၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၄ · ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၃၁၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၃၅၀၉ | ၄၂၀၅၆၅၀၀ |
| MTSH | ၄၀၀၀ | ၄၁၀၀ | ၂၆၀၆ | ၁၀၇၉၁၂၀၀ |
| MCB | ၈၄၀၀ | ၈၃၀၀ | ၆၀၉ | ၅၀၅၄၈၀၀ |
| FPB | ၂၆၀၀၀ | ၂၆၅၀၀ | ၁၅၂ | ၃၉၇၂၅၀၀ |
| TMH | ၂၉၅၀ | ၃၀၅၀ | ၂၇၂၀ | ၈၅၇၅၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဋ္ဌေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

၇၀။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်ခြင်း မပြုရ။

၇၁။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၇၂။ မည်သူမျှ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် ယာယီရုပ်ဆိုင်းခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းခံရသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ သက်တမ်းကုန်ဆုံးသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်း မပြုရ။

၇၃။ မည်သူမျှ အများပြည်သူဆိုင်ရာနေရာတွင် -

(က) ယာဉ်မောင်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ။

( ခ ) ယာဉ်မောင်းလိုင်စင်၌ ခွင့်ပြုထားခြင်းမရှိသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ သို့မဟုတ် မောင်းနှင်ခွင့် မပြုရ။

( ဂ ) အခြားသူ၏ ယာဉ်မောင်းလိုင်စင်ကို အသုံးပြု၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ။

(ဃ) မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အမြန်နှုန်းအောက် လျှော့၍ မောင်းနှင်ခြင်း မပြုရ။

( င ) မော်တော်ယာဉ်ကို ဘေးအန္တရာယ်ဖြစ်စေလောက်အောင် မဆင်မခြင် သို့မဟုတ် အရှိန်ပြင်းစွာ သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်း မပြုရ။

( စ ) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ။

(ဆ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်း (Dangerous Goods) ကို သတ်မှတ်ချက်များနှင့်မညီဘဲ မော်တော်ယာဉ်တွင် တင်ဆောင်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း မပြုရ။

( ဇ ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော်လည်းကောင်း၊ သတ်မှတ်ထားသော ပမာဏထက်ပို၍ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ။

(ဈ) အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်ကို စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်အဖြစ် အသုံး မပြုရ။

၇၄။ ခရီးသည်မှအပ မည်သူမျှ မော်တော်ယာဉ်ကို သူတစ်ပါးထိခိုက်မှု အာမခံမထားရှိဘဲ အများပြည်သူဆိုင်ရာနေရာတွင် အသုံးမပြုရ သို့မဟုတ် အသုံးပြုခွင့် မပေးရ။

၇၅။ မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူမည်သူမျှ ယင်းမော်တော်ယာဉ်ကို ယာဉ်မောင်းလိုင်စင် ရရှိမထားသူတစ်ဦးဦးအား မောင်းနှင်စေခြင်း မပြုရ သို့မဟုတ် မောင်းနှင်ရန် ခွင့်မပြုရ။

၇၆။ မည်သူမျှ မှတ်ပုံတင်ထားသော မော်တော်ယာဉ်တွင် -

(က) မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြားကို မထင်မရှားဖြစ်စေရန် တမင် မပြုလုပ်ရ။

( ခ ) ဦးစီးဌာနက ထုတ်ပေးထားသည့် မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားကို တပ်ဆင်အသုံး မပြုရ။

( ဂ ) မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြား တပ်ဆင်ထားခြင်းမရှိဘဲ အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်း မပြုရ။

(ဃ) ဦးစီးဌာနက အခြားမော်တော်ယာဉ်အတွက် ထုတ်ပေးသည့် စာတမ်းအမှတ်အသား သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြားကို ပြောင်းလဲအသုံးပြုခြင်း သို့မဟုတ် အသုံးပြုစေခြင်း မပြုရ။

၇၇။ မည်သူမျှ-

(က) မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်ကို သီးခြားခွင့်ပြုထားသောနေရာမှအပ အများပြည်သူဆိုင်ရာ နေရာအပါအဝင် မည်သည့်နေရာတွင်မျှ မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်း မပြုရ။

( ခ ) ဦးစီးဌာနက ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို မှတ်ပုံတင်ထားခြင်း မရှိသော မော်တော်ယာဉ်တွင် ပြောင်းလဲအသုံးပြုခြင်း သို့မဟုတ် အသုံးပြုစေခြင်း မပြုရ။

( ဂ ) ဥပဒေနှင့်အညီ အခွင့်အာဏာမရှိဘဲ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မော်တော်ယာဉ်၏ မူလအမျိုးအမည်၊ ရုပ်သဏ္ဌာန်ပျက်ပြားစေသည်အထိ ပြုပြင်ပြောင်းလဲခြင်း မော်တော်ယာဉ် စစ်ဆေးချက် သက်သေခံလက်မှတ်ပါ အနေအထားများကို ပြုပြင်ပြောင်းလဲခြင်း မပြုရ။

(ဃ) ဦးစီးဌာနကထုတ်ပေးသည့် ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၊ မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်စစ်ဆေးပြီးကြောင်း အထောက်အထား၊ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား၊ ယာယီမှတ်ပုံတင် သက်သေခံလက်မှတ်၊ ယာယီမှတ်ပုံတင် အမှတ်အသား၊ လုပ်ငန်းလိုင်စင်တို့နှင့် အခြားအထောက်အထားများကို လိမ်လည်အတုပြုထားသည့် စာတမ်းအမှတ်အသားဖြစ်ကြောင်း သိလျက်နှင့်လည်းကောင်း၊ ထိုသို့ဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျက်နှင့်လည်းကောင်း အစစ်အမှန်အနေဖြင့် အသုံးမပြုရ။

**အခန်း (၁၃)**

**ပြစ်ဒဏ်များ**

၇၈။ မည်သူမဆို ပုဒ်မ ၆၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၇၉။ မော်တော်ဆိုင်ကယ်မောင်းနှင်သူ မည်သူမဆို ပုဒ်မ ၆၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၈၀။ မော်တော်ယာဉ် လက်ဝယ်ရှိသူ မည်သူမဆိုပုဒ်မ ၆၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၈၁။ မည်သူမဆို ပုဒ်မ ၇၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၈၂။ မည်သူမဆို ပုဒ်မ ၇၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ၁၀ သိန်း ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၈၃။ မည်သူမဆို -

(က) ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီး တစ်နှစ်အတွင်း ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၄။ ခရီးသည်မှအပ မည်သူမဆို ပုဒ်မ ၇၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၅။ မည်သည့်မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူမဆို -

(က) ပုဒ်မ ၇၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( ခ ) ပုဒ်မခွဲ (က) ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီး တစ်နှစ်အတွင်း ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၆။ မည်သူမဆိုပုဒ်မ ၇၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၇။ မည်သူမဆို ပုဒ်မ ၇၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၈။ မည်သူမဆို နည်းဥပဒေများ၊ အမိန့်၊ စည်းမျဉ်းများနှင့် စည်းကမ်းချက်များတို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရမည့်တာဝန်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၈၉။ မည်သူမဆို ဤဥပဒေ သို့မဟုတ် နည်းဥပဒေများ၊ အမိန့်၊ စည်းမျဉ်းများနှင့် စည်းကမ်းချက်များတို့ပါ တားမြစ်ချက်တစ်ခုခုအရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

**အခန်း (၁၄)**

**အထွေထွေ**

၉၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာဖြင့် မည်သည့်မော်တော်ယာဉ် သို့မဟုတ် မော်တော်ယာဉ် အမျိုးအစားကိုမဆို အများပြည်သူအကျိုးအလို့ငှာ ဤဥပဒေပါ ပြဋ္ဌာန်းချက် အားလုံး သို့မဟုတ် တစ်ခုခုကို အကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက် မထားဘဲဖြစ်စေ ကင်းလွတ်ခွင့် ပြုနိုင်သည်။

၉၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အခြားပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များအား လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးရမည်။

၉၂။ ဦးစီးဌာနကထုတ်ပေးသည့် ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၊ မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်၊ မော်တော်ယာဉ် စစ်ဆေးပြီးကြောင်း အထောက်အထား၊ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား၊ ယာယီမှတ်ပုံတင် သက်သေခံလက်မှတ်၊ ယာယီမှတ်ပုံတင်အမှတ်အသား၊ လုပ်ငန်းလိုင်စင်တို့နှင့် အခြားအထောက်အထားများကို ဆင်တူယိုးမှားဖြစ်စေ၊ အတုအပဖြစ်စေ ပြုလုပ်လျှင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်း ခံရမည်။

၉၃။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူက ကောက်ခံရရှိသော သတ်မှတ်ယာဉ်စစ်ဆေးခမှ ဦးစီးဌာနသို့ ပေးသွင်းစေရမည့် အခကြေးငွေများအား သတ်မှတ်ကာလအတွင်း ပေးသွင်းရန် ပျက်ကွက်လျှင် အဆိုပါ အခကြေးငွေများကို အခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၉၄။ ပုဒ်မ ၈၀၊ ၈၁၊ ၈၂ နှင့် ၈၆ တို့အရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၉၅။ ဤဥပဒေ မပြဋ္ဌာန်းမီ ထုတ်ပေးထားသည့် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်း၊ မော်တော်ယာဉ် စစ်ဆေးချက် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့် လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာဉ်မောင်းလိုင်စင်မှတ်တမ်းနှင့် လုပ်ငန်းလိုင်စင်များသည် ဤဥပဒေအရ ထုတ်ပေးသော စာတမ်းအမှတ်အသားများဖြစ်သည်ဟု မှတ်ယူရမည်။

၉၆။ ရုပ်သိမ်းပြီးသော ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေအရဖြစ်စေ၊ မော်တော်ယာဉ်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၅။) အရဖြစ်စေ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၉၇။ ဤဥပဒေ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၉၈။ မော်တော်ယာဉ်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၅။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## ပင်လယ်ကမ်းစပ်ကျေးရွာများသို့ ကလိုရင်းရေသန့်စင်ဆေးများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်

**ချောင်းဆုံ ဩဂုတ် ၁၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပင်လယ်ကမ်းစပ်ဒေသရှိ ကွင်းရွာများနှင့် မြစ်ရေကြီးမှု၊ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့် ကျေးရွာအချို့တို့တွင် သောက်သုံးရေသန့်များ ရရှိစေရန်နှင့် ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ယူနီဆက်ပ်မှ ထောက်ပံ့ပစ္စည်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်းပြီး ဩဂုတ် ၁၇ ရက်က နတ်မှော်ကျေးရွာတွင် ကလိုရင်းရေသန့်စင်ဆေးများနှင့် လူအသုံးအဆောင်ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ပင်လယ်ကမ်းစပ်နှင့် မြစ်ရေကြီးမှုဖြစ်ပွားခဲ့သည့် သင်္ကောကျေးရွာ၊ နတ်မှော်ကျေးရွာ၊ ကမာကေး ကျေးရွာတို့ရှိ ရေတွင်းရေကန်များတွင် ကလိုရင်းရေသန့်စင်ဆေးခတ်ခြင်းများနှင့် ဆပ်ပြာမှုန့်၊ သွားတိုက်ဆေး၊ ဆပ်ပြာနှင့် အမျိုးသမီးအသုံးအဆောင်ပစ္စည်းများကို မြို့နယ်ဌာနဆိုင်ရာအဖွဲ့နှင့် ရပ်မိရပ်ဖများက အိမ်ထောင်စုအလိုက်သွားရောက်ပြီး ထောက်ပံ့ပစ္စည်းများပေးခဲ့ကာ ဆေးအသုံးပြုပုံနည်းလမ်းများအား မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးအရာရှိ ဦးဗညားက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်း**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ။)**
**၁၃၈၁ ခုနှစ်၊ လ ရက်**
**(၂၀၁၉ ခုနှစ်၊ လ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် စက်တပ်ယာဉ် တစ်ခုခုပေါ်၌ ဤဥပဒေပါ သိသာထင်ရှားသော အမှတ်အသားများနှင့် သိသာထင်ရှားသော အချက်ပြခြင်းများကို အသုံးပြုခြင်းအပါအဝင် နိုင်ငံတော်အတွင်း မည်သည့်နေရာ၌မဆို ဤဥပဒေတွင် ဖော်ပြထားသော အမှတ်အသားများ၊ အမည်နာမများ၊ အချက်ပြခြင်းများကို အသုံးပြုခြင်းနှင့် ယင်းတို့ကို အဆင်ဒီဇိုင်းအဖြစ်လည်းကောင်း၊ သက်သေခံကတ်ပြားများ၊ တူညီဝတ်စုံများတွင်လည်းကောင်း အသုံးပြုခြင်းနှင့် သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကြက်ခြေနီအမှတ်အသား** ဆိုသည်မှာ အဖြူရောင်အောက်ခံပေါ်ရှိ အလယ်နေရာတွင် အလျားနှင့် အနံအတိုင်းအတာ တူညီသော အောက်ပါ ကြက်ခြေနီအမှတ်အသားကို ဆိုသည်။



(ခ) **လခြမ်းနီအမှတ်အသား** ဆိုသည်မှာ အဖြူရောင်အောက်ခံပေါ်ရှိ အလယ်နေရာတွင် လခြမ်းနီ အမှတ်အသားပါရှိသော အောက်ပါ အမှတ်အသားကို ဆိုသည်။



(ဂ) **ခရစ္စတယ်နီအမှတ်အသား** ဆိုသည်မှာ အဖြူရောင်အောက်ခံပေါ်ရှိ အလယ်နေရာတွင် အနီရောင်ဘောင်ကွပ်ထားသော စတုရန်းပုံအမှတ်အသားသည် ယင်း၏ ထောင့်စွန်းပေါ်၌ ထောင်လျက်ရှိသည့် အောက်ပါ အမှတ်အသားကို ဆိုသည်။



(ဃ) **ကြက်ခြေဖြူအမှတ်အသား** ဆိုသည်မှာ အနီရောင်အောက်ခံပေါ်ရှိ အလယ်နေရာတွင် အလျားနှင့် အနံ အတိုင်းအတာ တူညီသော အောက်ပါအမှတ်အသားကို ဆိုသည်။



(င) **အကာအကွယ်ပေးသောအမှတ်အသား** ဆိုသည်မှာ ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှ အကာအကွယ်ရရန် အလို့ငှာ အရပ်မျက်နှာအသီးသီးမှ ထင်ထင်ရှားရှား မြင်တွေ့နိုင်စေရန် အရွယ်အစားကြီးမားစွာ ပြသထားသည့် ကြက်ခြေနီအမှတ်အသားကို ဆိုသည်။

(စ) **ဖော်ညွှန်းပြသသောအမှတ်အသား** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အရာဝတ္ထုတစ်ခုခုသည် ကြက်ခြေနီလှုပ်ရှားမှုနှင့် ပတ်သက် ဆက်နွယ်မှုရှိကြောင်း သိရှိစေရန် အရွယ်အစားသေးငယ်စွာ ပြသထားသည့် ကြက်ခြေနီအမှတ်အသားကို ဆိုသည်။

(ဆ) **သိသာထင်ရှားသော အမှတ်အသား** ဆိုသည်မှာ ဂျီနီဗာသဘောတူညီချက်များနှင့် နောက်ဆက်တွဲသဘောတူညီချက်များအရ ဆေးဘက်ဆိုင်ရာတပ်ဖွဲ့၊ ဆေးဘက်ဆိုင်ရာအဖွဲ့၊ ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်၊ ဆေးဘက်ဆိုင်ရာအဆောက်အအုံနှင့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် အသုံးပြုသည့် ကြက်ခြေနီအမှတ်အသား သို့မဟုတ် လခြမ်းနီအမှတ်အသား သို့မဟုတ် ခရစ္စတယ်နီအမှတ်အသားကို ဆိုသည်။

(ဇ) **သိသာထင်ရှားသော အချက်ပြခြင်းများ** ဆိုသည်မှာ ဂျီနီဗာ သဘောတူညီချက်များနှင့် နောက်ဆက်တွဲသဘောတူညီချက်များအရ အကာအကွယ်ရရန်အလို့ငှာ ဆေးဘက်ဆိုင်ရာတပ်ဖွဲ့များနှင့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ် ဖြစ်ကြောင်းဖော်ပြသည့် အပြာရောင်မီး အသုံးပြု၍ အချက်ပြခြင်း၊ ရေဒီယိုအသုံးပြု၍ အချက်ပြခြင်းနှင့် မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားသိသာစေနိုင်သည့် အီလက်ထရောနစ် နည်းလမ်းဖြင့် အချက်ပြခြင်း စသော ၁၉၄၉ ခုနှစ်၊ ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲ သဘောတူညီချက် အမှတ် ၁၊ နောက်ဆက်တွဲ(၁) အခန်း(၃)တွင် ဖော်ပြထားသည့် အချက်ပြခြင်းများကို ဆိုသည်။

(ဈ) **အသုံးပြုခွင့်ရှိသူ** ဆိုသည်မှာ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသား၊ ယင်းတို့၏အမည်နာမများနှင့် သိသာထင်ရှားသော အချက်ပြခြင်းများကို သတ်မှတ်ချက်များနှင့်အညီ အသုံးပြုရန် ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနနှင့် ကြက်ခြေနီအသင်းတို့က ခွင့်ပြုထားသူကို ဆိုသည်။

(ည) **ဂျီနီဗာသဘောတူညီချက်များ (Geneva Conventions)** ဆိုသည်မှာ ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သော အောက်ပါ သဘောတူညီချက်များကို ဆိုသည် -

(၁) စစ်မြေပြင်တွင် လက်နက်ကိုင်တပ်ဖွဲ့များမှ ဒဏ်ရာရသူများနှင့် နာမကျန်းသူများ၏ အခြေအနေ ပိုမိုကောင်းမွန်ရေးဆိုင်ရာ ပထမ ဂျီနီဗာသဘောတူညီချက်၊

(၂) ပင်လယ်ပြင်တွင် လက်နက်ကိုင်တပ်ဖွဲ့များမှ ဒဏ်ရာရသူများ၊ နာမကျန်းသူများနှင့် သင်္ဘောပျက်ရာတွင် ပါဝင်သူများ၏ အခြေအနေ ပိုမိုကောင်းမွန်ရေးဆိုင်ရာ ဒုတိယဂျီနီဗာသဘောတူညီချက်၊

(၃) စစ်သုံ့ပန်းများအပေါ် ပြုမူဆက်ဆံခြင်းဆိုင်ရာ တတိယ ဂျီနီဗာသဘောတူညီချက်၊

(၄) စစ်မက်ကာလအတွင်း အရပ်သားများအား အကာအကွယ်ပေးခြင်းဆိုင်ရာ စတုတ္ထဂျီနီဗာသဘောတူညီချက်။

(ဋ) **နောက်ဆက်တွဲသဘောတူညီချက်များ (Protocols)** ဆိုသည်မှာ ဂျီနီဗာသဘာတူညီချက်များ၏ နောက်ဆက်တွဲအဖြစ် ချုပ်ဆိုခဲ့သည့် အောက်ပါ သဘောတူညီချက်များကို ဆိုသည် -

(၁) နောက်ဆက်တွဲသဘောတူညီချက် အမှတ် ၁ - ၁၉၇၇ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သည့် နိုင်ငံတကာပါဝင်သော လက်နက်ကိုင် ပဋိပက္ခဒဏ်ခံရသူများအား အကာအကွယ်ပေးခြင်းဆိုင်ရာ နောက်ဆက်တွဲ သဘောတူညီချက်၊

(၂) နောက်ဆက်တွဲသဘောတူညီချက် အမှတ် ၂ - ၁၉၇၇ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သည့် နိုင်ငံတကာ အရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခဒဏ်ခံရသူများအား အကာအကွယ်ပေးခြင်းဆိုင်ရာ နောက်ဆက်တွဲ သဘောတူညီချက်၊

(၃) နောက်ဆက်တွဲသဘောတူညီချက် အမှတ် ၃ - ၂၀၀၅ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သည့် သိသာထင်ရှားသော ထပ်တိုးအမှတ်အသား သတ်မှတ်ပြဋ္ဌာန်းခြင်းနှင့် သက်ဆိုင်သော နောက်ဆက်တွဲသဘောတူညီချက်။

(ဌ) **ဆေးဘက်ဆိုင်ရာတပ်ဖွဲ့** ဆိုသည်မှာ ဆေးဘက်ဆိုင်ရာ တာဝန်ထမ်းဆောင်နေသော ကာကွယ်ရေးဝန်ကြီးဌာန၏ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ကို ဆိုသည်။

(ဍ) **ဆေးဘက်ဆိုင်ရာအဖွဲ့** ဆိုသည်မှာ ဆေးဘက်ဆိုင်ရာ တာဝန်ထမ်းဆောင်နေသော နယ်ဘက်အဖွဲ့ကို ဆိုသည်။

(ဎ) **ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်** ဆိုသည်မှာ ဆေးဘက်ဆိုင်ရာ တာဝန်ကို သီးသန့်ထမ်းဆောင်နေသော ဆရာဝန်၊ သူနာပြု၊ ဆေးဘက်ပညာသည်၊ ထမ်းစင်သယ်သူ၊ ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ် မောင်းနှင်သူ အပါအဝင် ဆေးဘက်ဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်သူ အားလုံးကို ဆိုသည်။

(ဏ) **ဆေးဘက်ဆိုင်ရာအဆောက်အအုံ** ဆိုသည်မှာ ဆေးဘက်ဆိုင်ရာ အကူအညီပေးရန် ပြုလုပ်ထားသော ယာယီ သို့မဟုတ် အမြဲတမ်း အဆောက်အအုံကို ဆိုသည်။

(တ) **ဆေးဘက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးယာဉ်** ဆိုသည်မှာ နယ်ဘက် အဖွဲ့အစည်းနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရှိ ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များ၊ လူနာများနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများကို သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်ကို ဆိုသည်။

(ထ) **အမည်နာမ** ဆိုသည်မှာ ကြက်ခြေနီ၊ လခြမ်းနီနှင့် ခရစ္စတယ်နီတို့ကို မည်သည့်ဘာသာစကားဖြင့်မဆို စာသားအသုံးပြုဖော်ပြခြင်းကို ဆိုသည်။

(ဒ) **ကြက်ခြေနီအခြေခံမူများ** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှု၏ အခြေခံမူ ခုနစ်ချက်ဖြစ်သော လူသားချင်း စာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်းတို့ကို ဆိုသည်။

(ဓ) **သစ္စာမဲ့သောလုပ်ရပ်** ဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာဥပဒေ၏ စည်းမျဉ်းများအရ ကာကွယ်စောင့်ရှောက်မှုကို ရရှိခွင့် ရှိသည့် အချက်ကို အသုံးချ၍ တစ်ဖက်သား၏ ယုံကြည်မှုကို လှည့်စားလုပ်ဆောင်သည့် လုပ်ရပ်ကို ဆိုသည်။

(န) **ညှိနှိုင်းရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကြက်ခြေနီအမှတ်အသားကို ဥပဒေနှင့်အညီ အသုံးပြုရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ကို ဆိုသည်။

(ပ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(ဖ) **ကြက်ခြေနီအသင်း** ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကြက်ခြေနီ အမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို လေးစားမှု ရှိစေရန်နှင့် မှန်ကန်စွာ အသုံးပြုစေရန်၊

(ခ) ကြက်ခြေနီ အမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို အလွဲသုံးမှု မဖြစ်စေရေးအတွက် တားဆီးကာကွယ်ရန်၊

(ဂ) ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို အသုံးပြုဆောင်ရွက်မှုများသည် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်စေရန်။

## အခန်း (၃)
## ကြက်ခြေနီအမှတ်အသားကို ဥပဒေနှင့်အညီ အသုံးပြုရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းခြင်း

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် အခြားသက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ကြက်ခြေနီအသင်းအထွေထွေအတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော ကြက်ခြေနီအမှတ်အသားကို ဥပဒေနှင့်အညီ အသုံးပြုရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ သင့်လျော်သည့် ပုဂ္ဂိုလ်များကို ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန်ပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ညှိနှိုင်းရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေကို အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ) ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုများ ပေါ်ပေါက်ပါက သက်ဆိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရန် ဦးဆောင်လမ်းညွှန်ခြင်း၊

(ဃ) ဤဥပဒေကို အကောင်အထည်ဖော် ကျင့်သုံးမှုအား သုံးသပ်ခြင်းနှင့် ထိရောက်မှုရှိစေရန် နည်းလမ်းချမှတ်ခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ညှိနှိုင်းရေးအဖွဲ့သည် လိုအပ်ပါက အထောက်အကူပြုနိုင်ရန်အတွက် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကြက်ခြေနီ အမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် အသုံးပြုခြင်း

၈။ ဂျီနီဗာသဘောတူညီချက်များနှင့် နောက်ဆက်တွဲ သဘောတူညီချက်များအရ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားသည့်အချိန်တွင် ဆေးဘက်ဆိုင်ရာတပ်ဖွဲ့၊ ဆေးဘက်ဆိုင်ရာအဖွဲ့၊ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်၊ ဆေးဘက်ဆိုင်ရာအဆောက်အအုံနှင့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များကို အကာအကွယ်ပေးထားကြောင်း သိရှိစေရန်အလို့ငှာ အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ကြက်ခြေနီအမှတ်အသားကို အရွယ်အစား ကြီးမားစွာ တပ်ဆင်အသုံးပြုရမည်။

၉။ ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် အသုံးပြုရာတွင် -

(က) ဆေးဘက်ဆိုင်ရာတပ်ဖွဲ့သည် ငြိမ်းချမ်းသည့်အချိန်နှင့် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားသည့်အချိန် နှစ်မျိုးလုံးတွင် မြေပြင်၊ ရေပြင်နှင့် ဝေဟင်တို့၌ ယင်း၏ ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်၊ ဆေးဘက်ဆိုင်ရာတပ်ဖွဲ့၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံနှင့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များတွင် ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ထင်ရှားစွာအသုံးပြုရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ချင်းတိုင်းရင်းသား ဖလမ်းမျိုးနွယ်စုများ

မောင်သာ(ရှေးဟောင်းသုတေသန)

**ချင်းတောင်တန်းဒေသများတွင် နေထိုင်ကြသည့် ချင်းတိုင်းရင်းသားများ၏ လူနေမှုဘဝများနှင့် ဓလေ့ထုံးတမ်းများကို လေ့လာနိုင်ရန် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့လွန်သင်တန်းသားအချို့နှင့်အတူ ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့မှ ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့အထိ တစ်မြို့ဝင်၊ တစ်မြို့ထွက် သွားရောက်ဖြစ်ခဲ့ပါသည်။ ခရီးစဉ်အတွင်း ချင်းပြည်နယ်၏မြို့တော်ဟောင်း ဖလမ်းမြို့သို့လည်း ရောက်ရှိခဲ့သည်။ ဖလမ်းသည် ချင်းပြည်နယ်၏ ခရိုင်မြို့တစ်ခုဖြစ်၍ ဖလမ်းခရိုင်တွင် ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်တို့ ပါဝင်သည်။**

**ခရိုင်သုံးခု၊ မြို့နယ် ကိုးမြို့နယ်ဖြင့် ဖွဲ့စည်းထားသည့် ချင်းပြည်နယ်အတွင်းရှိ ဖလမ်းမြို့နယ်တွင် ချင်းလူမျိုးစု ၁၁ စု သည် မိမိတို့အစုအလိုက် နေထိုင်ကြကာ ယင်းတို့ကို ဖလမ်းမျိုးနွယ်စုများဟု ခေါ်ဆိုခဲ့ကြသည်။**

### သားသမီးများ နားခိုရာ ဖလမ်း

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ လိုင်လွန်ရွာကို ထူထောင်ခဲ့သည့် ထွန်ခိုင်းသည် သားကြီး တိုင်ဆွန်းအား လက်ရှိ ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် ရက်ကန်းကျောင်း၏ အောက်ဘက်တွင် ရွာတစ်ရွာ ထူထောင်ပေးခဲ့ပြီး ယင်းရွာသည် တိုင်ဆွန်းကို အစွဲပြု၍ တာရွှန်းဟု အမည်တွင်ခဲ့သည်။

ထို့ကြောင့် မူလ ဖလမ်းမြို့သည် တာရွှန်းကျေးရွာဖြစ်ပြီး ယင်းနေရာသည် တိုက်ပွဲများဖြစ်ပွားချိန်တွင် လုံခြုံမှု မရှိခြင်းကြောင့် ၁၈၈၉ ခုနှစ်တွင် တာရွှန်းရွာ၏ အရှေ့ဘက်ရှိ ယခု ဖလမ်းမြို့နေရာသို့ ပြောင်းရွှေ့ခဲ့သည်။ ကျောက်ဆောင်ကမ်းပါးများနှင့် သစ်တောများရှိပြီး အောက်ဘက်၌ မဏိပူရမြစ် စီးဆင်းနေသည့် ယင်းနေရာတွင် တဲများထိုး၍ ရွာတည်ကာ Fa Hlam ဟု အမည်ပေးခဲ့သည်။ Fa သည် သားသမီးများ၊ Hlam သည် ခိုလှုံရာတဲဟု အဓိပ္ပာယ်ရှိသဖြင့် ဖလမ်းသည် 'သားသမီးများခိုလှုံသည့်တဲ' ဟု အဓိပ္ပာယ်ရှိသည်။

ဖလမ်းမြို့သည် ချင်းပြည်နယ်၏မြို့တော် ဟားခါးမှ မြောက်ဘက်သို့ ၄၃ မိုင် ကွာဝေး၍ ဟားခါးမြို့နှင့် ကလေးမြို့တို့မှ ကားများ၊ ဆိုင်ကယ်များဖြင့် အလွယ်တကူ သွားရောက်နိုင်သည်။ ဖလမ်းမြို့ကို တောင်စောင်းပေါ်တွင် တည်ထားသဖြင့် မြို့တွင်းလမ်းများမှာ ကျဉ်းမြောင်းကြသော်လည်း လှပသော တောင်ပေါ်ရှုခင်းများကို တွေ့မြင်ခံစားကြရသည်။ ထို့အတူ ချင်းပြည်နယ်ထွက် ဖလမ်းကော်ဖီကိုလည်း မြည်းစမ်းနိုင်ခဲ့ကြသည်။ ဖလမ်းမြို့နယ် ရိခေါဒါရ်မြို့ရှိ အသည်းနှလုံးပုံ 'ရိဒ်' ရေကန်သည် ချင်းပြည်နယ်၏ အမှတ်လက္ခဏာတစ်ရပ်အဖြစ် ထင်ရှားကာ ပြည်တွင်းပြည်ပ ခရီးသည်များ လာရောက်လေ့ရှိကြသည်။

ဖလမ်းမြို့မှ ၆၂ ဒသမ ၅ မိုင်ကွာဝေးပြီး အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် ထိစပ်နေသည့် ရိခေါဒါရ်မြို့တွင် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ထားသဖြင့် ရိခေါဒါရ်သည် စည်ကားဖွံ့ဖြိုးသောနယ်စပ်မြို့ ဖြစ်လာခဲ့သည်။ ရိခေါဒါရ်မြို့နှင့် အိန္ဒိယနိုင်ငံ နယ်စပ်၌ ပေ ၁၉၀ ရှည်သည့် နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားကို ၂၀၀၁ ခုနှစ်က တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးနောက် နှစ်နိုင်ငံအကြား အလွယ်တကူ သွားလာနိုင်ခဲ့ကြသည်။

ဖလမ်းသည် ၁၉၆၇ ခုနှစ် မတ် ၂၇ ရက်အထိ ချင်းဝိသေသတိုင်း၏ မြို့တော်ဖြစ်ခဲ့ကာ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၇၃ ခုနှစ်တွင် ဖလမ်းမြို့နယ်ကို ဖွဲ့စည်းခဲ့သည်။ လက်ရှိအချိန်တွင် ဖလမ်းမြို့နယ်အတွင်း မြို့နှစ်မြို့(ဖလမ်းနှင့် ရိခေါဒါရ်)၊ ရပ်ကွက် ခြောက်ခု၊ ကျေးရွာအုပ်စု ၈၆ အုပ်စု (ကျေးရွာ ၁၇၉ ရွာ) ပါဝင်လျက် ဖလမ်းမြို့နယ်၏ အရှေ့ဘက်တွင် ကလေးမြို့နယ်၊ အနောက်ဘက်တွင် ထန်တလန်မြို့နယ်နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်၊ တောင်ဘက်တွင် ဟားခါးမြို့နယ်နှင့် မြောက်ဘက်တွင် တီးတိန်မြို့နယ်တို့ တည်ရှိနေကြသည်။

ဖလမ်းမြို့နယ်သည် အရှေ့မှ အနောက်သို့ မိုင် ၄၀၊ တောင်မှ မြောက်သို့ ၂၅ မိုင် ရှည်လျားကာ ၉၈၈ ဒသမ ၉၀ စတုရန်းမိုင် ကျယ်ဝန်းသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၂၈၀ မြင့်သည့် ဖလမ်းမြို့နယ်၏တည်နေရာသည် မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၅၀ မိနစ်နှင့် ၂၃ ဒီဂရီ ၂၀ မိနစ်အကြားနှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀ မိနစ်နှင့် ၉၄ ဒီဂရီ ၈၀ မိနစ်အကြား ဖြစ်သည်။ မဏိပူရမြစ်သည် ဖလမ်းမြို့နယ်၏ မြောက်ပိုင်းမှ စီးဆင်းလာကာ ဖလမ်းမြို့၏မြောက်ဘက်တွင် အရှေ့ဘက်သို့ကွေ့၍ မြစ်သာမြစ်အတွင်းသို့ စီးဝင်သွားသည်။

ဖလမ်းမြို့နယ်အတွင်း၌ ပေ ၃၀၀၀ မှ ပေ ၈၀၀၀ အကြား မြင့်မားသည့်တောင်စွယ်တောင်တန်းများရှိကာ ယင်းတို့ကြားတွင် မတ်စောက်သောချိုင့်ဝှမ်းများသည် အင်္ဂလိပ်အက္ခရာ (V)ပုံစံ တည်ရှိနေကြသည်။

ဖလမ်းမြို့နယ်၏ အပူချိန်သည် အမြင့်ဆုံး ၃၂ ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံး ၂ ဒသမ ၈ ဒီဂရီ စင်တီဂရိတ် ဖြစ်သည်။ နှစ်စဉ် ပျမ်းမျှမိုးရွာရက် ၁၀၀ ဝန်းကျင်ရှိကာ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပျမ်းမျှမိုးရေချိန် ၄၂ ဒသမ ၃၁ လက်မ ရွာသွန်းခဲ့သည်။

၂၀၁၇ ခုနှစ် ဧပြီလတွင် ထုတ်ပြန်သည့် စာရင်းများအရ မြို့နယ်လူဦးရေ ၅၃၁၇၉ ဦးအနက် ချင်းလူမျိုးများက ၅၂၇၂၆ ဦး (၉၉ ဒသမ ၁၅ ရာခိုင်နှုန်း)ဖြစ်ကာ မြို့နယ်လူဦးရေ ၉၉ ရာခိုင်နှုန်းသည် ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။ မြို့နယ်အတွင်း၌ ခရစ်ယာန်ဘာသာရေးဆိုင်ရာ အဆောက်အအုံ ၄၆၉ လုံးနှင့် ဗုဒ္ဓဘာသာ စေတီပုထိုး ၁၇ ဆူ၊ ဘုန်းကြီးကျောင်း ၁၁ ကျောင်း၊ သီလရှင်ကျောင်း တစ်ကျောင်းနှင့် ဓမ္မာရုံ တစ်ရုံရှိကာ ဗုဒ္ဓဘာသာ ရဟန်း ၂၂ ပါး၊ သာမဏေ ၂၂ ပါး၊ သီလရှင် ၁၃ ပါး သီတင်းသုံး နေထိုင်ကြသည်။



ဖလမ်းမြို့နယ် ချင်းတိုင်းရင်းသားကျေးရွာတစ်ရွာမှ အဆောက်အအုံများနှင့် ဒေသခံ မိသားစုတစ်စု

ဖလမ်းမြို့နယ်တွင် စိုက်ပျိုးရေးသိပ္ပံ တစ်ခု၊ အထက်တန်းကျောင်း ငါးကျောင်း၊ အထက်တန်းကျောင်းခွဲ ကိုးကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၈ ကျောင်း၊ မူလတန်းကျောင်း ၁၅၆ ကျောင်း ဖွင့်လှစ်ကာ ဒေသခံကျောင်းသူကျောင်းသားများ၏ ပညာရေးကို ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ခုတင် ၂၀၀ ဆံ့ ခရိုင်ပြည်သူ့ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၅ ခု ဖွင့်လှစ်ကာ ဒေသနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပေသည်။

### ဖလမ်းမျိုးနွယ်စုများ

ဖလမ်းမြို့နယ်အတွင်း အစဉ်အဆက် နေထိုင်ကြသည့် ချင်းမျိုးနွယ်စုများသည် သပေါင်း၊ ငေါ်န်၊ ဇန်နီယပ်၊ တာရွှန်း၊ ဇာဟောင်၊ လိုင်ဇိုး၊ ဆိမ်၊ ခွါရ်ဆိမ်၊ လဲန်သဲ၊ ဟွာလ်ငိုနှင့် လုံးဟော့တို့ ဖြစ်ကြသည်။ ယင်းတို့ကို လိုင်လွန်မှ ဆင်းသက်လာသည့် မျိုးနွယ်စုများနှင့် အခြားဒေသများမှ ဖလမ်းသို့ ပြောင်းရွှေ့လာသည့် မျိုးနွယ်စုများဟု ပိုင်းခြားနိုင်သည်။

လိုင်လွန်(Lailun)သည် ဖလမ်းမြို့မှ အနောက်ဘက် ငါးမိုင်အကွာတွင်ရှိသည့် ဆွန်တလာရွာအနီးတွင် တည်ရှိသည့် ဂူဖြစ်သည်။ ချင်းပြည်နယ် သုတေသနစာတမ်းများအရ ၁၅ ရာစု အစောပိုင်းက ထွန်ခိုင်း(Thuan Khai) အပါအဝင် ညီအစ်ကို သုံးဦး သို့မဟုတ် ငါးဦး လိုင်လွန်ဒေသသို့ ရောက်ရှိကာ ချင်းမျိုးနွယ်စုများပြန့်ပွားခဲ့ကြောင်း ခန့်မှန်းခဲ့သည်။

လိုင်လွန်မှ ဆင်းသက်ခဲ့သည့် မျိုးနွယ်စုများသည် ဆိမ်(Sim)၊ လှော်န်ကျဲအို ခေါ် လိုင်ဇိုး(Hlawn Ceu or Laizo)၊ ဇာဟောင်(Zahau)၊ တာရွှန်း(Tlaishun)၊ ဇန်နီယပ်(Zangiat)နှင့် ခွါရ်ဆိမ်(Khualsim)တို့ ဖြစ်ကြပြီး လိုင်လွန်ပြင်ပမှ ရောက်ရှိခဲ့သည့် ချင်းမျိုးနွယ်စုများသည် ငေါ်န်(Ngawn)၊ ဟွာလ်ငို(Hualngo)၊ လဲန်သဲ(Lente)၊ သပေါင်း(Tapong)နှင့် လုံးဟော့(Lunghawh)တို့ ဖြစ်ကြသည်။

### ဆိမ်၊ လိုင်ဇိုးနှင့် ဇာဟောင်

ဆိမ်၊ လိုင်ဇိုးနှင့် ဇာဟောင် ချင်းမျိုးနွယ်စုများသည် အမည်များ ကွဲပြားနေသော်လည်း ပြောဆိုသည့် ဘာသာစကား၊ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုများမှာ အတူတူပင်ဖြစ်ကြသဖြင့် မျိုးနွယ်တစ်စုတည်းဟု ဆိုနိုင်ပေသည်။

ဆိမ်ဟူသည့် ဝေါဟာရသည် 'ပူအိုက်သောဒေသ'ဟု အဓိပ္ပာယ်ရှိကာ မိမိတို့ ဦးစွာအခြေချခဲ့သည့်အရပ်ကို အစွဲပြုလျက် ဆိမ်မျိုးနွယ်စုဟု အမည်တွင်ခဲ့သည်။ လိုင်လွန်သို့ ဦးဆုံးရောက်ရှိခဲ့သည့် ထွန်ခိုင်း၏ သားအကြီးဆုံး ဟရမ်းလုန်သည် သားသုံးယောက် ထွန်းကားခဲ့ရာ အကြီးဆုံးဖြစ်သည့် ဟအိုဟူလ်ကို ဆိမ်မျိုးနွယ်စု၏ ဖခင်ကြီးဟု ယူဆကြသည်။

ဟအိုဟူလ်သည် မဏိပူရမြစ်အထက်ပိုင်းတွင် ဆန်းခေါ်မွန်ရွာကို တည်ထောင်အခြေချခဲ့သည်။ ဟအိုဟူလ်၏ သားအကြီးဆုံး ဆွန်တန်၏ သားကြီး ရွာငိုင်သည် ခွန်လီရွာကို တည်ခဲ့ပြီး သားစဉ်မြေးဆက်သည် ဖလမ်းမြို့နယ်အတွင်း မဏိပူရမြစ်ဝှမ်းတစ်လျှောက်၌ ကျေးရွာများတည်ထောင်နေထိုင်ခဲ့ကြသည်။

လိုင်ဇိုးသည် လိုင်လွန်သို့ ဦးဆုံးရောက်ရှိခဲ့သည့် ထွန်ခိုင်း၏ ညီအငယ်ဆုံးမှ ဆင်းသက်ခဲ့သည့် မျိုးနွယ်စုဖြစ်သည်။ လှော်န်ကျဲအိုသည် လိုင်ဇိုးရွာကို စတင်ထူထောင်ခဲ့သူ ဇာဟုပ်၏ သားအကြီးဆုံးဟု ယူဆမှုလည်း ရှိသည်။ လိုင်ဇိုးတို့သည် ဖလမ်းမြို့နယ် တောင်ဘက်ပိုင်းတွင် ကျေးရွာများထူထောင်ကာ ဆွေစဉ်မျိုးဆက် နေထိုင်ခဲ့ကြသည်။

ဇာဟောင်သည် ထွန်ခိုင်း၏ သားအကြီးဆုံး ဟရမ်းလုန်၏ သားဖြစ်ကာ လိုင်လွန်း၏ အနောက်ဘက်၊ တလာအိုဇောလ်တွင် အခြေချ၍ အင်အားကြီးမားလာခဲ့သည်။ ဇာဟောင်မျိုးဆက်များသည် တလာအိုဇောလ်မှ အနောက်မြောက်ဘက် နယ်မြေများအထိ ပျံ့နှံ့၍ ကျေးရွာများ ထူထောင်ခဲ့ကြရာ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးနှင့် ကလေးမြို့နယ်များအထိ ရောက်ရှိခဲ့ကြသည်။

### တာရွှန်း၊ ဇန်နီယပ်နှင့် ခွါရ်ဆိမ်

တာရွှန်းကို ထွန်ခိုင်း၏ သားတစ်ဦးဟု ယူဆကြသည်။ တာရွှန်းသည် လိုင်လွန်မှ ဆွန်ပီ(ယခု တာရွှန်းရွာဟောင်း)သို့ ပြောင်းရွှေ့၍ ရွာသစ်တည်ကာ အခြေချခဲ့သဖြင့် တာရွှန်းရွာဟု အမည်တွင်ခဲ့ပြီး ပေါက်ဖွားလာသည့် သားစဉ်မြေးဆက်ကို တာရွှန်းမျိုးနွယ်စုဟု ခေါ်ဆိုခဲ့ကြသည်။ တာရွှန်းတို့သည် တာရွှန်းစကားကို ပြောဆိုကြသကဲ့သို့ ဖလမ်း ချင်းစကားကိုလည်း ပြောဆိုကြသည်။

ထွန်ခိုင်း၏ညီဖြစ်သူ ဖိုးလုံသည် ဇန်နီယပ်မျိုးနွယ်စု၏ ဖခင်ကြီးဖြစ်၍ ဖိုးလုံ၏ အဘိုးနှင့် ဖိုးလုံ၏ သားတစ်ဦးသည် ဇန်နီယပ်ဟု အမည်ရှိခဲ့သည်။ ထွန်ခိုင်း၊ ဖိုးလုံနှင့် ထွန်းကျော်တို့သည် နယ်သစ်ရှာရန် မြေပြန့် ကလေးဒေသမှ ချင်းတောင်တန်းသို့ တက်ရောက်ခဲ့စဉ်က ယခု ဖလမ်းမြို့နယ် လိုကြောမ်ရွာအနီးရှိ သီးဗန်းရေအိုင်သို့ ရောက်ရှိချိန်တွင် ဆီးဖြူသီးများ စားခဲ့ကြသည်။ ထို့နောက် ဖိုးလုံသည် စမ်းချောင်းမှရေကို သောက်ခဲ့ရာ ချိုမြိန်သောအရသာကို ခံစားရပြီး နှစ်သက်သဘောကျသဖြင့် ညီအစ်ကိုများနှင့် ဆက်မလိုက်တော့ဘဲ ယင်းနေရာတွင် နေရစ်ခဲ့သည်။

ဖိုးလုံ၏မျိုးဆက်များသည် လိုကြောမ်ရွာအနီး၌ပင် ရွာများတည်ထောင်ခဲ့ရာ ဖလမ်းမြို့နယ် မဏိပူရမြစ်အရှေ့ဘက်မှ ကလေးမြို့နယ်အထိ ပျံ့နှံ့ရောက်ရှိခဲ့သည်။ ဇန်နီယပ်တို့သည် မိမိတို့ ဒေသန္တရ ဘာသာစကားကိုလည်း ပြောဆိုကြသည်။

ခွါရ်ဆိမ်တို့၏ ဖခင်ကြီးဖြစ်သူ ရာလ်ထန်းသည် ဖိုးလုံနှင့် ထွန်းကျော်တို့နှင့် ညီအစ်ကို တော်စပ်ကာ မြေပြန့်မှ တောင်ပေါ်သို့ တက်ခဲ့ကြစဉ် အနောက်တောင်ဘက်သို့ ရောက်ရှိလာခဲ့သည်ဟု ယူဆကြသည်။ အချို့က ရာလ်ထန်း၏ ဖခင်နှင့်အဘိုးသည် ယခု စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မင်းကင်းနှင့် ဆားလင်းကြီးဒေသတစ်ဝိုက်တွင် ရွာတည်ထောင်၍ နေထိုင်ခဲ့ကြောင်း၊ ရာလ်ထန်းသည် ယင်းနေရာမှ တောင်ပေါ်သို့တက်ပြီး ဆိမ်ပီးကျေးရွာကို ထူထောင်ခဲ့ကြောင်း ယူဆ၍ လိုင်လွန်မျိုးနွယ်စုနှင့် မသက်ဆိုင်ဟု ဆိုကြသည်။

ဖလမ်းဒေသတွင်နေထိုင်သည့် ချင်းလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးများတွင် ခွါရ်ဆိမ်တို့သည် အစောဆုံးဖြစ်သည်ဟု ဖတ်ရှုရပေသည်။

### ငေါ်န်၊ ဟွာလ်ငို၊ လဲန်သဲ၊ သပေါင်းနှင့် လုံးဟော

ငေါ်န်တို့သည် တီးတိန်နယ်မှ တစ်စု၊ ကလေးနယ်ဘက်မှ တစ်စု ဖလမ်းမြို့နယ်သို့ ရောက်လာခဲ့ကြသူများဖြစ်ပြီး ငေါ်န်မျိုးနွယ်စု၏ ဖခင်ကြီးကို ငဲ့ငါန်ဟု ယူဆကြသည်။

ဟွာလ်ငိုတို့သည် ချင်လုံမှတစ်ဆင့် ခမ်းတီး၊ ခမ်းပတ်၊ ကလေးနယ်များကို ဖြတ်ကျော်၍ ဖလမ်းမြို့၏ အနောက်ဘက် ၁၀ မိုင်အကွာရှိ ဇိုတလန်ရွာတွင် နေထိုင်ခဲ့ကြကာ ဇိုတလန်ရွာအမည်ကို အစွဲပြုလျက် ဟွာလ်ငိုတို့ကို မီးဇိုဟုလည်း ခေါ်ခဲ့ကြသည်။ ဟွာလ်ငိုတို့သည် မိမိတို့ ဒေသန္တရ ဘာသာစကားကို ပြောဆိုကြသကဲ့သို့ မိမိတို့စကားနှင့် ၅၀ ရာခိုင်နှုန်း တူညီသည့် ဖလမ်းချင်းစကားကိုလည်း ပြောဆိုကြသည်။

ဖလမ်းမြို့၏ အနောက်တောင်ဘက် ၁၀ မိုင်အကွာရှိ လဲန်သဲကျေးရွာကို အစွဲပြုလျက် လူမျိုးစုအမည် လဲန်သဲဟု အမည်တွင်သော လူမျိုးစု၏ ဖခင်ကြီးသည် တွန်ပုန်းဖြစ်၍ ယခုအချိန်အထိ မျိုးဆက် ၁၅ ဆက်ရှိပြီဟု ဖလမ်းမျိုးနွယ်စု သုတေသနစာတမ်းတွင် ဖော်ပြထားသည်။ လဲန်သဲတို့သည် မိမိတို့၏ သီးသန့်ဘာသာစကားကို သုံးစွဲကြသည်။

သပေါင်းအမည်ရှိ ချင်းတိုင်းရင်းသားကြီးမှ ဆင်းသက်ခဲ့သဖြင့် သပေါင်းမျိုးနွယ်စုဟု အမည်တွင်သည့် ချင်းတိုင်းရင်းသားများသည်လည်း ဖလမ်းဒေသသို့ အစောဆုံး ရောက်ရှိလာခဲ့သူများတွင် ပါဝင်ခဲ့သည်။

လုံးဟော့မျိုးနွယ်စုသည်လည်း မိမိတို့ဘိုးဘွားများ ဦးဆုံးနေထိုင်ခဲ့သည့် ရွာအမည်ကို အစွဲပြုလျက် ဖလမ်းမျိုးနွယ်စုများတွင် ပါဝင်ခဲ့ကာ ယခုအခါ အိန္ဒိယပြည် မီဇိုရမ်ပြည်နယ်နှင့် လုံးဟော့ကျေးရွာတို့တွင် အများဆုံး နေထိုင်ကြသည်။

### ယနေ့ ဖလမ်းမျိုးနွယ်စုများ

ဖလမ်းမျိုးနွယ်စုများသည် တောင်ယာစိုက်ပျိုးခြင်း၊ အမဲလိုက်ခြင်းတို့ဖြင့် အသက်မွေးခဲ့ကြသည်။ မျိုးရိုးစဉ်ဆက် နတ်ကိုးကွယ်မှုကို ယုံကြည်သက်ဝင် ကျင့်သုံးခဲ့ပြီး ၁၉၀၀ ပြည့်နှစ် နောက်ပိုင်းတွင် ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာကြသည်။ ယင်းတို့သည် ခေတ်ပညာ သင်ယူတတ်မြောက်မှုကို အားပေးခဲ့သဖြင့် ပညာတတ်များ၊ လုပ်ငန်းရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ များစွာ ထွက်ပေါ်ခဲ့သလို ပြည်ပနိုင်ငံများသို့ သွားရောက်အခြေချသူများလည်း ရှိခဲ့ပေသည်။

ဘာသာစကား အနည်းငယ် ကွဲပြားကာ မျိုးနွယ်စုများ ကွဲပြားခဲ့သော်လည်း ဖလမ်းမျိုးနွယ်စုများသည် ချင်းတိုင်းရင်းသားများပင် ဖြစ်ကြကာ ချင်းတိုင်းရင်းသားများ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို လက်ခံကျင့်သုံးလျက်ရှိကြသည်။ တိုင်းရင်းသား လူမျိုးတစ်မျိုး၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အခြားတိုင်းရင်းသားများက သိရှိနားလည်ခြင်းဖြင့် တိုင်းရင်းသားများကြား ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မည်ဖြစ်၍ ချင်းတိုင်းရင်းသား ဖလမ်းမျိုးနွယ်စုများ အပါအဝင် တိုင်းရင်းသားအသီးသီး၏ နောက်ခံသမိုင်းနှင့် ယဉ်ကျေးမှုထုံးတမ်းများကို ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြု ဖော်ထုတ်ကာ ထိန်းသိမ်းစောင့်ရှောက်ကြရမည်သာ ဖြစ်ပေသည်။ ။

**ကိုးကား**

**(၁) တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ(ချင်း)**

**(၂) ဖလမ်းမျိုးနွယ်စုများအကြောင်းစာတမ်း(ဦးဖွန်ကာရ်ထန်း)**

**(၃) ဖလမ်းမြို့နယ်ဆိုင်ရာ ဒေသအချက်အလက်များ**

**"ဖလမ်းမျိုးနွယ်စုများသည် တောင်ယာစိုက်ပျိုးခြင်း၊ အမဲလိုက်ခြင်းတို့ဖြင့် အသက်မွေးခဲ့ကြသည်။ မျိုးရိုးစဉ်ဆက် နတ် ကိုးကွယ်မှုကို ယုံကြည်သက်ဝင် ကျင့်သုံးခဲ့ပြီး ၁၉၀၀ ပြည့်နှစ် နောက်ပိုင်းတွင် ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာကြသည်။ ယင်းတို့သည် ခေတ်ပညာ သင်ယူတတ်မြောက်မှုကို အားပေးခဲ့သဖြင့် ပညာတတ်များ၊ လုပ်ငန်းရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ များစွာ ထွက်ပေါ်ခဲ့သလို ပြည်ပနိုင်ငံများသို့ သွားရောက်အခြေချသူများလည်း ရှိခဲ့ပေသည်။ ဘာသာစကား အနည်းငယ်ကွဲပြားကာ မျိုးနွယ်စုများ ကွဲပြားခဲ့သော်လည်း ဖလမ်းမျိုးနွယ်စုများသည် ချင်းတိုင်းရင်းသားများပင် ဖြစ်ကြကာ ချင်းတိုင်းရင်းသားများ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို လက်ခံကျင့်သုံးလျက်ရှိကြသည်"**

# လုပ်သားအင်အားစစ်တမ်းကောက်ယူမှုကို နည်းပညာအသုံးပြု၍ကောက်ယူရန် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေး

**နေပြည်တော် ဩဂုတ် ၁၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ၂၀၁၉ ခုနှစ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်) CAPI စနစ်ဖြင့် စစ်တမ်းကောက်ယူမှုသင်တန်းကို ယနေ့ နံနက် ၉နာရီက နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"အခုနှစ်က လုပ်သားအင်အားစစ်တမ်းကောက်ယူမှုက အရင်နှစ်တွေကထက်ပိုပြီး ထူးခြားမှုရှိပါတယ်။ စစ်တမ်းကောက်ယူခဲ့တာ ခြောက်ကြိမ်ပြီးမြောက်ခဲ့ပါပြီ။ အခုတစ်ကြိမ်မှာတော့ Tablet တွေအသုံးပြုပြီး စစ်တမ်းကောက်ယူသွားမှာ ဖြစ်ပါတယ်။ နည်းပညာအကူအညီကို ရယူထားတဲ့အတွက် ပိုမိုတိကျပြီး မှတ်သားမှုပုံစံတွေ စနစ်တကျဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ စာရင်းအချက်အလက်တွေ မှန်မှန်ကန်ကန်ရရှိမှသာ ကျွန်တော်တို့နိုင်ငံအတွက် အရေးကြီးတဲ့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးနဲ့ လုပ်သားအင်အားတွေကို သိနိုင်မယ်။ ဒါမှလည်း နိုင်ငံအတွက် ကုန်ထုတ်စွမ်းအားကို တွက်ချက်လို့ရမယ်"ဟု အမှာစကားတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ထည့်သွင်းပြောကြားသည်။

**ရှေ့ပြေးနမူနာစစ်တမ်းကောက်ယူခြင်း**

CAPI စနစ်ဖြင့် ကောက်ယူမှုကို ကမ္ဘာ့ဘဏ်၏ပံ့ပိုးမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်တန်းသို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ လုပ်သားအင်အားစာရင်း ကောက်ယူရေးတွင် ပါဝင်ဆောင်ရွက်ကြမည့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အမှုထမ်း၊ အရာထမ်းများ တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလ နှစ်ပတ်သင်ကြားမည်ဖြစ်ပြီး လုပ်သားအင်အားစစ်တမ်းအတွက် ပြည်သူလူထုအား မေးခွန်းများ မေးမြန်းနိုင်ရန် မေးခွန်းလွှာများအား ရှင်းလင်းပြသခြင်း၊ CAPI စနစ်အား ဝန်ထမ်းများအား ရှင်းလင်းဆွေးနွေး



သင်ကြားခြင်း၊ Tablet များ အသုံးပြု၍ မေးခွန်းများတွင် လက်တွေ့ဖြည့်သွင်းခြင်း၊ ရှေ့ပြေးလုပ်သားအင်အားစာရင်း ကောက်ယူခြင်း၊ ကြီးကြပ်ရေးမှူးများ၏ အခန်းကဏ္ဍများနှင့် အချက်အလက် စစ်ဆေးအတည်ပြုချက်များ ရယူစေခြင်းနှင့် ရှေ့ပြေးနမူနာစစ်တမ်းကောက်ယူခြင်းမှ အတွေ့အကြုံများကို ရှင်းလင်းခြင်းနှင့် အဖြေရှာခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**လိုအပ်တဲ့အချက်အလက်တွေ ဖြည့်ဆည်း**

"ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက လုပ်သားအင်အားစာရင်း ကောက်ယူကြမယ့် အမှုထမ်း၊ အရာထမ်းတွေအားလုံး လူမှုဆက်ဆံရေးကောင်းမွန်ပြီး စာရင်းကောက်ယူခြင်းတာဝန်ကို တိတိကျကျ ထမ်းဆောင်ပေးကြဖို့ လိုအပ်ပါတယ်။ သင်တန်းပြီးဆုံးသွားလို့ တာဝန်ထမ်းဆောင်ကြပြီဆိုရင်လည်း အခက်အခဲတွေကို အဆင့်ဆင့်တင်ပြပါ။ ကွင်းဆင်းတဲ့ဌာနက အဖွဲ့ဝင်တွေအားလုံး လူထုက ယုံကြည်မှုရှိတဲ့ဌာနတွေဖြစ်လာအောင် ပြောဆိုစည်းရုံးပြီး တိုင်းပြည်အတွက် လိုအပ်တဲ့အချက်အလက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ မျှော်လင့်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

## မန္တလေးမြို့၌ ကျင်းပမည့် ပွဲများ

**စာပေရေးရာဆွေးနွေးပွဲ(ကာတွန်း)**

စာပေရေးရာဆွေးနွေးပွဲ(ကာတွန်း) ကို မန္တလေးမြို့ ၂၁လမ်းနှင့် ၂၂လမ်းကြားရှိ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီ တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့ငှက်ဓာတ်ပုံပြပွဲ**

မြန်မာ့သဘာဝ ငှက်အလှဓာတ်ပုံများကို ကြည့်ရှုခံစားဖို့ မြန်မာ့ငှက်ဓာတ်ပုံပြပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် ဩဂုတ် ၂၄ ရက် မှ ၂၅ ရက်ထိ နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၆ နာရီ အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**စီးပွားရေးဆိုင်ရာ ဟောပြောပွဲ၊ စွန့်ဦးတီထွင်ပြိုင်ပွဲနှင့်ကုန်စည်ပြပွဲ**

မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသော စီးပွားရေးဆိုင်ရာဟောပြောပွဲ၊ စွန့်ဦးတီထွင်ပြိုင်ပွဲနှင့်ကုန်စည်ပြပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံတွင် ဩဂုတ် ၂၄ ရက် မှ ၂၅ ရက်အထိ နံနက် ၈ နာရီ မှ ညနေ ၄ နာရီ အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Miss Universe Mandalay 2019 ပြိုင်ပွဲ**

Miss Universe Mandalay 2019 ပြိုင်ပွဲကို မန္တလေးမြို့ရှိ ရွှေပြည်သာဟိုတယ်၌ ဩဂုတ် ၃၁ ရက် ညနေ ၅ နာရီ တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## စာအုပ်မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်) ရေးသားပြုစုသော အလင်းစကားဖွဲ့သီမျက်ဝန်းဆီမှ စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M3 Food Center ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ မနုဿကျော်ဝင်းနှင့် စာရေးဆရာမ ဂျူး(**ယာပုံ**)တို့က မုဒိတာစကားများပြောကြားပြီး စာရေးသူ ဒေါက်တာနီလာသိန်းက စာအုပ်မိတ်ဆက်နှင့် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဂီတမှူး တယောဦးတင်ငွေအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ၊ စာရေးဆရာ၊ ကာတွန်းဆရာ၊ အဆိုတော်များ၊ အနုပညာချစ်မြတ်နိုးသူများက တေးသံသာများဖြင့် ဖျော်ဖြေခဲ့ကြသည်။

**ဆောင်းပါးပေါင်း ၂၂ ပုဒ် ပါဝင်**

အဆိုပါ"အလင်းစကားဖွဲ့သီ..."စာအုပ်တွင် မျက်စိရောဂါ ပညာပေးဆောင်းပါးများကို သုတနှင့်ရသအပြင် ဓမ္မပါနွယ်၍ ရေးသားတင်ပြထားသော ဆောင်းပါးပေါင်း ၂၂ ပုဒ် ပါဝင်သည်။

ဆရာစောမင်းဝေ၏ ပန်းချီလက်ရာများနှင့်အတူ မျက်လုံးအကြည့်တွေရဲ့အကြောင်း၊ သစ္စာဖြင့် ဆေးကုသည်၊ အနုပညာစိတ်ထား...သမားတို့နှလုံးသား၊ အနာမရှိတဲ့လက်အဆိပ်မတက်သလို၊ ဟန်းဖုန်းလေးတွေ ကိုင်တဲ့အခါ၊ မျက်တောင် ပုတ်ခတ်ပုတ်ခတ်ဖြစ်နေတယ်၊ ပွင့်သောပန်းတိုင်းလန်းပါစေ၊ ငို၍ရယ်၍ မထွက်သောမျက်ရည်၊ မျက်စဉ်းတစ်စက်ရယ်ကြောင့်၊ ခရမ်းလွန်ရောင်ခြည်အောက်မှ စိန်ခေါ်မှုများ၊ ဝေးဝေးနေပါ



အိုဇရာ၊ နုပျိုသည်မှ အိုမင်းရင့်ရော်တဲ့အထိ၊ အလင်းကမ္ဘာသစ်က ကြိုနေမယ် စသည့် ဆောင်းပါးများကို ကာတွန်းပုံလေးများဖြင့် စိတ်ဝင်စားဖွယ် တင်ပြထားသည်။

**ဝယ်ယူရရှိနိုင်**

အဆိုပါစာအုပ်ကို ဆုပြည့်စုံထွန်းစာပေမှ ထုတ်ဝေပြီး လင်းရောင်သစ်စာပေ ဖုန်း ၀၉၄၂၅၁၅၀၀၅၀ နှင့်ဆုပြည့်စုံထွန်းစာပေ ဖုန်း ၀၁ ၃၈၃၆၆၄ တို့မှ ဖြန့်ချိမည်ဖြစ်ကြောင်းနှင့် City mart ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး တန်ဖိုးမှာ ငွေကျပ် ၃၅၀၀ ဖြစ်သည်။

**သတင်းစဉ်**





## ဂုတ်တွင်းတံတားလုံခြုံရေး ရဲကင်း၌ ကျဆုံးရဲတပ်ဖွဲ့ဝင်များ၏ ကျန်ရစ်သူမိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်

**ကျောက်မဲ ဩဂုတ် ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကျောက်မဲခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးသိန်းဝင်းထွဋ်နှင့် ဝန်ထမ်းများသည် ဩဂုတ် ၁၅ ရက်က ဂုတ်တွင်းတံတားရဲကင်း၌ တိုက်ပွဲဖြစ်မှုကြောင့် ကျဆုံးသွားသော ကျောက်မဲမြို့နယ်မှ ရဲတပ်ဖွဲ့ဝင် သုံးဦး၏ ကျန်ရစ်သူမိသားစုများကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီတွင် ကျောက်မဲမြို့မရဲစခန်း၌ တစ်ဦးလျှင် ငွေကျပ် သုံးသိန်းစီ ထောက်ပံ့ရာ မိသားစုဝင်များကိုယ်စား ကျောက်မဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြသန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ) ခရိုင်(ပြန်/ဆက်)**



**ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ဝက်ဝံဈေးတွင် ပုံမှန်အတိုင်း ဈေးရောင်းဈေးဝယ်သူများနှင့် စည်ကားလျက်ရှိသည်ကို ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။**

စိုင်း(သီပေါ)

# ကျိုက်မရောမြို့နယ် ရေဘေးပြန်လည်ထူထောင်ရေးအတွက် အလှူငွေများလှူဒါန်း

**ကျိုက်မရော ဩဂုတ် ၁၉**
မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်း ဆောင်ရွက်ရမည့် ရေဘေးပြန်လည်ထူထောင်ရေး လုပ်ငန်းများအနက် ကျောင်းအခြေပြုလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရေးအတွက် စာရေးခုံနှင့် စာသင်ခုံအသစ်များ ဝယ်ယူနိုင်ရန် ထောက်ပံ့ငွေ ကျပ်သိန်း ၆၀ ကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကိုယ်ပိုင်အထက်တန်းကျောင်းများအသင်းနှင့် မိတ္ထီလာမြို့ ကိုယ်ပိုင်အထက်တန်းကျောင်းမှ စေတနာရှင်များ စုပေါင်း၍ ဩဂုတ် ၁၈ ရက်က လှူဒါန်းခဲ့သည်။

စာရေးခုံနှင့် ထိုင်ခုံ အစုံ ၁၀၀ ဝယ်ယူရန်အတွက် အလှူငွေ ကျပ်သိန်း ၆၀ ကို အလှူရှင်များက ကျိုက်မရောမြို့နယ် ရေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်နှင့် မြို့နယ် သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌထံသို့ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

နေပြည်တော် လယ်ဝေးမြို့နယ်မှ စေတနာရှင်တစ်ဦးကလည်း ကျိုက်မရောမြို့နယ်အတွင်းမှ ကျောင်းများ ပြန်လည်ထူထောင်ရေးအတွက် စာသင်ခုံအသစ်များ ဝယ်ယူရန် ရေကြီးမှုအဆိုးဆုံး ကျေးရွာများဖြစ်သည့် ဦးလေးကျေးရွာ စာသင်ကျောင်းအတွက် ကျပ် ၂၅ သိန်းနှင့် ငပြေမကျေးရွာ အထက်တန်းကျောင်းခွဲအတွက် ကျပ် ၂၅ သိန်းတို့ကို ရေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံးသို့ လှူဒါန်းခဲ့ကြောင်းသိရသည်။

လက်ရှိအခြေအနေတွင် ကျိုက်မရောမြို့နယ်၌ ရေသည် စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းသွားပြီဖြစ်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုများကို များစွာ လိုအပ်လျက်ရှိကြောင်းနှင့် လှူဒါန်းလိုသော စေတနာရှင်များ၊ အလှူရှင်များအနေဖြင့် ကယ်ဆယ်ရေးထက် ပြန်လည်ထူထောင်ရေးအတွက် ရည်ရွယ်၍ လှူဒါန်းမည်ဆိုပါက ပို၍ အကျိုးရှိမည်ဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက အကြံပြု ပြောကြားထားသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လူထုတွေ့ဆုံပွဲ ထားဝယ်၌ပြုလုပ်


ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လူထုတွေ့ဆုံပွဲ ကျင်းပနေစဉ်

**ထားဝယ် ဩဂုတ် ၁၉**
PTTEPI ကုမ္ပဏီ၏ ကမ်းလွန်လုပ်ကွက်အမှတ် M9 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း (ပထမအကြိမ်) လူထုတွေ့ဆုံပွဲကို ထားဝယ်မြို့ ထားဝယ်ဟိုတယ်၌ ဩဂုတ် ၁၉ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE)ကိုယ်စားလှယ် ဦးနေအောင်က မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော PTTEPI ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက် M9 တွင် ၂၀၂၀ ပြည့်နှစ် ပထမသုံးလပတ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ တွင်းတူးရန် စီစဉ်လျက်ရှိကြောင်း၊ လုပ်ငန်းများကို မလုပ်ဆောင်မီ နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအား ရှင်းလင်းတင်ပြခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီက လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြမည်ဖြစ်၍ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက သဘောထားမှတ်ချက်များ၊ အကြံပြုချက်များ ပေးစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကုမ္ပဏီ၏ လုပ်ငန်းလုပ်ဆောင်နေသော ဗီဒီယိုဖိုင်ကို ပြသပြီး ကုမ္ပဏီမှ တူးဖော်ရေး အင်ဂျင်နီယာ ဦးဝဏ္ဏဝင်းက လုပ်ကွက် M9 တွင် ဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း၊ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များ၊ တွင်းတူးဖော်ခြင်းအကြောင်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ရှင်းလင်းပွဲတက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းကာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲသို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PTTEPI ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ထားဝယ်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ရေလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုးနှင့်ဆောင်း သီးနှံစိုက်ပျိုးစရိတ် ချေးငွေများကြောင့် ဇန်းမော်ခရိုင်မှတောင်သူများ အဆင်ပြေ

**ဇန်းမော် ဩဂုတ် ၁၉**
ကချင်ပြည်နယ် ဇန်းမော်ခရိုင်အတွင်းရှိ ဇန်းမော်၊ မိုးမောက်နှင့် မန်စီမြို့နယ်တို့မှ တောင်သူများအား ဇန်းမော်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေနှင့် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို ချေးပေးလျက်ရှိရာ အဆိုပါ ချေးငွေများကြောင့် ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ရာတွင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မိုးချေးငွေ ထုတ်ချေးပေးသည့်ကာလမှာ မေလမှ စက်တင်ဘာ လကုန်အထိနှင့် ဆောင်းချေးငွေ ထုတ်ချေးပေးသည့်ကာလမှာ အောက်တိုဘာမှ ဒီဇင်ဘာ လကုန်အထိဖြစ်ကြောင်း၊ ဇန်းမော်ခရိုင်အတွက် မိုးသီးနှံ ချေးငွေများကို ဩဂုတ် ၁၆ ရက်က နောက်ဆုံး ထုတ်ချေးပေးနိုင်ခဲ့ကြောင်း မြို့နယ်ဘဏ်မန်နေဂျာထံမှ သိရသည်။

ချေးငွေများ ထုတ်ပေးရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိပြီးသော တောင်သူများအား ချေးငွေအတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ရှစ်ရာခိုင်နှုန်းဖြစ်သည်။ စပါးစိုက်ပျိုးသည့် လယ်တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှင့် အခြားသီးနှံအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် တောင်သူတစ်ဦးလျှင် အနည်းဆုံး တစ်ဧကမှ အများဆုံး ၁၀ ဧကအထိ ထုတ်ချေးပေးသည်။

မိုးမောက်မြို့နယ် မန်နောင်ကျေးရွာမှ တောင်သူ ဦးဆန်းမြင့်က "လယ်ယာ ငါးဧက ရှိပါတယ်၊ ချေးငွေကလယ်ယာမှာ မြေဩဇာဖိုးတွေ၊ မျိုးစပါးဖိုးတွေနဲ့ ဒီဇယ်ဆီဖိုး အစစအရာရာအတွက် သုံးဖို့ပေါ့၊ တစ်ခါတလေ စက်ချို့ယွင်းတဲ့အချိန်ဆို ပိုက်ဆံက တော်တော်လေး အသုံးလိုတာပေါ့၊ အဲဒီလို အခက်အခဲလေးတွေကြောင့် ချေးငွေရတဲ့အတွက် အဆင်ပြေတယ်"ဟု ပြောသည်။

ဇန်းမော်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ထုတ်ချေးပေးခဲ့သော မြို့နယ်အလိုက် စိုက်ပျိုးစရိတ်ချေးငွေ ပမာဏမှာ ဇန်းမော်မြို့နယ်အတွက် ကျပ် ၁၅၃၆၇ သိန်းကျော်၊ မိုးမောက်မြို့နယ်အတွက် ကျပ် ၃၅၆၅ သိန်းကျော်၊ မန်စီမြို့နယ်၌ ကျပ် ၄၀၈ သိန်းကျော်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဆောင်းသီးနှံအတွက် မြို့နယ်အလိုက် ထုတ်ပေးခဲ့သည့် စိုက်ပျိုးစရိတ်ချေးငွေ ပမာဏမှာ ဇန်းမော်မြို့နယ်အတွက် ကျပ် ၁၁၆၈၉ သိန်းနှင့် မိုးမောက်မြို့နယ်အတွက် ကျပ် ၉၃၁ သိန်း ဖြစ်သည်။

ဇန်းမော်ခရိုင်၌ တောင်သူများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပို၍ ရရှိလာသည်နှင့်အမျှ ဇန်းမော်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ငွေစုစာရင်းဖွင့်လှစ်၍ နှစ်စဉ် ချေးငွေထုတ်ယူကြသည့် တောင်သူများလည်း ပိုမိုများပြားလာပြီး တောင်သူလယ်သမားများအနေဖြင့် အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေ ရရှိခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာ အထောက်အကူဖြစ်ကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

**ခရိုင်(ပြန်/ဆက်)**


မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေ လာရောက်ထုတ်ယူနေကြသည့် တောင်သူများ

# မကွေးမြို့တွင် စွမ်းအားမြှင့်မီးဖိုများ အခမဲ့ဖြန့်ဝေရေး စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**မကွေး ဩဂုတ် ၁၉**
အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Climate Change Center(CCC)တို့၏ အစီအစဉ်ဖြင့် တောင်အာရှနှင့် အရှေ့တောင်အာရှ ဖွံ့ဖြိုးဆဲနိုင်ငံများ(မြန်မာနိုင်ငံ)တွင် စွမ်းအားမြှင့်မီးဖိုများ အခမဲ့ဖြန့်ဝေရေး စီမံကိန်းဆိုင်ရာ ကနဦးအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက်က မကွေးမြို့ စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများ စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင် သစ်တောများ ပြန်လည်ထူထောင်ရန် လိုအပ်ကြောင်း၊ ထင်းလောင်စာသုံးစွဲမှု လျှော့ချနိုင်ရေးနှင့် သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ရေးကို အထောက်အကူဖြစ်စေရန်အတွက် UN-CDM Project တစ်ခုကို UNFCCC နှင့်ချိတ်ဆက်၍ ပထမဦးဆုံး အကောင်အထည်ဖော်ရန် ရည်ရွယ်၍ စွမ်းအားမြှင့်မီးဖိုဖြန့်ဝေရေး စီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စွမ်းအားမြှင့်မီးဖိုများဖြန့်ဝေမည့် အစီအစဉ်အသေးစိတ်ကို တာဝန်ခံတောအုပ်ကြီးက ရှင်းလင်းတင်ပြကာ ဆွေးနွေးပွဲတက်ရောက်သူများက အကြံပြု မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါစီမံကိန်း၏ အဓိကဆောင်ရွက်မည့် လုပ်ငန်းများမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို လူထုအသိပညာပေး ဟောပြောခြင်း၊ အိမ်ထောင်စု ၁၈၀၀၀ ခန့်အား စွမ်းအားမြှင့်မီးဖိုများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ကာဗွန်ထုတ်လုပ်မှု လျှော့ချနိုင်မည့်ပမာဏကို ဆန်းစစ်ခြင်းတို့ ဖြစ်သည်။ စီမံကိန်းကို အကောင်အထည်ဖော်ခြင်းအားဖြင့် ဒေသတွင်း မီးဖိုထုတ်လုပ်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်လာစေခြင်း၊ ထင်းစုဆောင်းရန် အချိန်နှင့် ငွေကုန်ကျမှု သက်သာစေခြင်း၊ ကျန်းမာရေးဆိုင်ရာပြဿနာများကို လျှော့ချနိုင်ခြင်းနှင့် အပူပိုင်းဒေသများကို ပိုမိုစိမ်းလန်းစိုပြည်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# လဲချားမြို့နယ်မှ ဌာနဆိုင်ရာများ စုပေါင်း၍ ကျေးရွာအရောက်ဝန်ဆောင်မှုများ ဆောင်ရွက်ပေး

**လဲချား ဩဂုတ် ၁၉**
ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများ စုပေါင်း၍ မြို့နှင့်အလှမ်းဝေးသော ဝမ်ယိမ်းကျေးရွာအုပ်စု ပန်တန်ကျေးရွာမှ ပြည်သူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဩဂုတ် ၁၈ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က အမှာစကားပြောကြားပြီး တောင်သူ ၅၅ ဦးအတွက် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို ပေးအပ်ခဲ့သည်။ ထို့အပြင် မြို့နယ်လဝကဦးစီးဌာနက မွေးစာရင်းမလုပ်ရသေးသူများအား မွေးစာရင်းလုပ်ပေးခြင်း၊ အိမ်ထောင်စုဇယားအတွင်း ထည့်သွင်းပေးခြင်းနှင့် ကျန်းမာရေးဦးစီးဌာနက ပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်နှစ်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြန်/ဆက် ဝန်ထမ်းများကလည်း ဝမ်ကတ်ကျေးရွာ အလကခွဲမှ ကလေးများအတွက် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပပေးခြင်း၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများ ဟောပြောခြင်း၊ နံရံကပ်စာစောင်များ ပြသခြင်းနှင့် ကလေးများအား ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကာ သွားတိုက်ဆေးများ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေး လုပ်ငန်းကော်မတီဝင်များသည် ပန်မန်တိုင်းကျေးရွာ စာသင်ကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


ပြည်သူတစ်ဦးအား ကျန်းမာရေးဝန်ထမ်းများက ဆေးဝါးကုသပေးနေစဉ်။

# ဆရာကြီးဦးသာအေး အထိမ်းအမှတ် စာကြည့်တိုက်

ရေနံ့သာ မောင်ကျော်ညွန့်

၅-၈-၂၀၁၉ ရက်နေ့ (တနင်္လာနေ့) မနက် ၉ နာရီတိတိမှာ ကျင်းပတဲ့ ရေနံချောင်းမြို့နယ် ချန်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ဆရာကြီးဦးသာအေး အထိမ်းအမှတ် စာကြည့်တိုက်ဖွင့်ပွဲကို တက်ရောက်အားပေးခဲ့ပါတယ်။

ဆရာကြီး ဦးသာအေး အထိမ်းအမှတ်စာကြည့်တိုက်ကို ဆရာကြီးဦးသာအေးရဲ့ သမီး၊ သားတွေဖြစ်ကြတဲ့ ဒေါ်စိန်စိန်၊ ဦးခင်သန်းမောင်၊ ဦးခင်သန်းအောင်တို့က ငွေကျပ်သိန်းပေါင်း ၁၃၀ ကျော် အကုန်အကျခံပြီး ဆောက်လုပ်လှူဒါန်းတာပါ။ ဆရာကြီးဦးသာအေးဆိုတာက ကျွန်တော်တို့ ချန်ကန်ကျေးရွာသားစစ်စစ်ဖြစ်ပြီး ကျွန်တော်တို့ရဲ့ ကျောက်တံလက်လှည့် ငယ်ဆရာကြီးတစ်ဦးပဲ ဖြစ်ပါတယ်။

ချန်ကန်ကျေးရွာဆိုတာက ရေနံချောင်းမြို့နယ်ထဲမှာ ရှိပါတယ်။ ရေနံချောင်းမြို့နယ်ရဲ့အရှေ့မြောက် ယွန်းယွန်းမှာရှိတာပါ။ ရေနံချောင်းမြို့နယ်ရဲ့အရှေ့မြောက် အဖျား၊ ကျောက်ပန်းတောင်းမြို့နယ်ရဲ့ အနောက်တောင်ဘက်အဖျားနဲ့ ချောက်မြို့နယ်ရဲ့ အရှေ့တောင်ဘက်အဖျားတို့ ဆုံရာနယ်စပ်မှာ ရှိပါတယ်။ ချန်ကန်ကျေးရွာရဲ့အရှေ့မြောက်ဘက်က ကျောက်ပန်းတောင်းမြို့နယ်၊ အနောက်မြောက်ဘက်က ချောက်မြို့နယ်ပါ။

**ချန်ကန်ကျေးရွာသားစစ်စစ်**

ချန်ကန်ကျေးရွာသားစစ်စစ် ဆရာကြီးဦးသာအေးက ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ချန်ကန်ရွာ အခြေခံပညာအထက်တန်းကျောင်းခွဲဖြစ်လာမယ့် ချန်ကန်ရွာ အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်းရဲ့ ကျောင်းအုပ်ဆရာကြီးတစ်ဦးပဲ ဖြစ်ပါတယ်။ ချန်ကန်ရွာ အခြေခံပညာမူလတန်းကျောင်းကို ၁၉၅၂ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပြီး ဖွင့်စကာလရဲ့ကျောင်းအုပ်ဆရာကြီးက ဦးဘောင်ကြီးဖြစ်ပါတယ်။ ဆရာကြီး ဦးဘောင်ကြီးလက်ထက်မှာ ဆရာကြီးဦးသာအေးဖြစ်လာမယ့် ဦးသာအေးက မူလတန်းပြဆရာကလေး ဖြစ်ပါတယ်။ ဆရာကြီးဦးဘောင်ကြီး သက်ပြည့်အငြိမ်းစားယူတော့ ဆရာကလေး ဦးသာအေးကနေ ဆရာကြီး ဦးသာအေးအဖြစ် ကျောင်းအုပ်ဆရာကြီး ဖြစ်ခဲ့ရပါတယ်။

မူလတန်းပြဆရာကလေး ဦးသာအေးက ကျွန်တော့်ရဲ့ကျောက်တံလက်လှည့် ငယ်ဆရာပါ။ ကျွန်တော် ဒုတိယတန်းအောင်လို့ တတိယတန်းတက်ရတဲ့ နှစ်မှာပဲ ဆရာကြီး ဦးဘောင်ကြီး အငြိမ်းစားယူပြီး ဆရာကလေး ဦးသာအေးက ကျောင်းအုပ်ဆရာကြီး ဖြစ်လာတာပါ။ အဲဒီအချိန်အခါတုန်းက ဆရာ ဆရာမအင်အားရှားပါးလွန်းလှပါတယ်။ ဆရာကြီးဦးသာအေးခမျာ တစ်ဦးတည်းနဲ့ သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း အတန်းအားလုံးကို သင်ကြားပေးနေရရှာပါတယ်။

ဆရာကြီး ဦးသာအေးတစ်ဦးတည်းနဲ့ အတန်းအားလုံးကို သင်ကြားပေးနေရလင့်ကစား ဆရာကြီး ဦးသာအေး ကျောင်းထွက်တွေရဲ့သင်ယူတတ်မြောက်မှု ပညာအရည်အသွေးက မနိမ့်ကျခဲ့ပါဘူး။ ဆရာ ဆရာမအင်အားတောင့်တင်းတဲ့မြို့ပေါ်က ကျောင်းထွက်တွေရဲ့သင်ယူတတ်မြောက်မှု အရည်အသွေးနဲ့ တန်းတူမက ပိုတောင် ပိုနိုင်ပါတယ်။ ဘာလဲဆိုတော့ ထိုစဉ်က စတုတ္ထတန်း အတန်းတင်စာမေးပွဲကို ခရိုင်အဆင့် စာစစ်ဘုတ်အဖွဲ့က စစ်ဆေးတာပါ။ မြို့ပေါ်မှာရှိတဲ့ စာစစ်ဌာနကိုသွားပြီး ဖြေဆိုကြရပါတယ်။ ကိုယ့်ကျောင်းမှာတင် ဖြေဆိုရတာ မဟုတ်ပါဘူး။ စတုတ္ထတန်း အတန်းတင်စာမေးပွဲအောင်စာရင်းကိုလည်း ခရိုင်အဆင့် စာစစ်ဘုတ်အဖွဲ့ကပဲ ထုတ်ပြန်ပေးပါတယ်။

**ညွှန်းဆိုပြနိုင်တဲ့ သက်သေ**

စတုတ္ထတန်းအောင်စာရင်းထုတ်ပြန်တိုင်း အဆင့်(၁)ကနေ အဆင့်(၁၀) အတွင်းမှာ အောင်မြင်ခဲ့သူတွေကိုကြည့်ရင် ဆရာကြီး ဦးသာအေးရဲ့ တပည့်တွေ နေရာရနေတာက နှစ်စဉ်နှစ်တိုင်းပါပဲ။ ဆရာကြီး ဦးသာအေးရဲ့သင်ကြားမှုစွမ်းရည် ဘယ်လောက်အထိ မြင့်မားတယ်ဆိုတာကို ညွှန်းဆိုပြနိုင်တဲ့ သက်သေပါပဲ။ နောက်ပိုင်းကာလအတော်ကြာမှ ပေါ်လာတဲ့အတန်းတွဲစနစ်တို့ စဉ်ဆက်မပြတ်အကဲဖြတ်ပြီး အတန်းတင်ပေးရေးစနစ်တို့ဆိုတာ ကျွန်တော့်ဆရာကြီး ဦးသာအေးတို့လက်ထက်ကတည်းကရှိနေပြီးသားတွေပါ။ အတန်းတွဲစနစ်နဲ့သင်၊ အမြဲမပြတ်အကဲဖြတ်ပြီး အတန်းတင်ပေးတဲ့စနစ်နဲ့ အတန်းတင်ပေးနေခဲ့ရရှာတဲ့ ဆရာကြီး ဦးသာအေးပါ။

ဆရာကြီးဦးသာအေးက အတန်းတွဲသင်ကြားပေးတဲ့အပြင် ဘာသာရပ်ချင်းကိုလည်း နှီးနွှယ်ဆက်စပ် တွဲဖက်သင်ကြားပေးနိုင်တဲ့စွမ်းရည်က အပြည့်အဝပါပဲ။

မြန်မာစာဘာသာရပ်ကို သင်ရင်းက မြန်မာ့ပထဝီ၊ မြန်မာ့သမိုင်းတွေကိုပါ ချိတ်ဆက်သင်ကြားပေးနိုင်သလို သင်္ချာဘာသာရပ်ကို သင်ရင်းကလည်း လူမှုရေး၊ စီးပွားရေး၊ ကြီးပွားရေးအခြေခံကောင်းတွေကိုပါ ဆက်စပ်သင်ကြားပေးနိုင်ခဲ့ပါတယ်။ ကျောင်းသင်ခန်းစာတွေကို ဘဝအတွက်သင်ခန်းစာအဖြစ် သက်ရောက်အောင်သင်ကြားပေးနိုင်ခဲ့တဲ့ ဆရာကြီး ဦးသာအေးပဲ ဖြစ်ပါတယ်။ အဲဒါအပြင် ပေါင်းသင်းဆက်ဆံရေး၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းရေး၊ တစ်ကိုယ်ရေကျန်းမာရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ အသက်မွေးဝမ်းကျောင်းနိုင်ရေး စတဲ့အခြေခံကောင်းတွေကိုလည်း သင်ကြားလေ့ကျင့်ပေးပါတယ်။ ဒီနေ့ခေတ်စားနေတဲ့ ဘက်စုံပညာဖွံ့ဖြိုးရေး၊ ဗလငါးတန်ဖွံ့ဖြိုးရေး ရည်မှန်းချက်တွေကို ဆရာကြီး ဦးသာအေးက ထိုခေတ်ထိုကာလနဲ့အညီ သင်ကြားလေ့ကျင့်မွေးမြူပေးနိုင်ခဲ့ပါတယ်။

**မကြာခဏ ပြောဆိုသုံးမလေ့ရှိ**

မကြာခဏပြောဆိုသုံးမလေ့ရှိတဲ့ ဆရာကြီး ဦးသာအေးရဲ့စကားတွေကလည်း အများကြီးပါပဲ။ "ဂဏန်းမသင်၊ လာဘ်မမြင်၊ ကူးလျှင် ရှုံးမည်မှတ်"၊ "မြန်မာလူမျိုးဖြစ်ပြီး မြန်မာစာကို မှန်ကန်အောင်မရေးနိုင်ရင် ရှက်စရာအကောင်းဆုံးပဲ"၊ "ပထဝီသိမှ ကိုယ့်ဒေသ၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်ခရိုင်၊ ကိုယ့်တိုင်း၊ ကိုယ့်နိုင်ငံကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတဲ့စိတ်ဓာတ် ကိန်းအောင်းနေမယ်"၊ "ရာဇဝင်မသိဘဲနဲ့ သမိုင်းမသိနိုင်ဘူး။ သမိုင်းမသိဘဲနဲ့ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံရဲ့ ဇာတိပုညဂုဏ်မာနတွေကို ဘယ့်နှယ်သိနိုင်ပါမလဲ"၊ "သိပ္ပံပညာရပ်ဆိုင်ရာတွေကို သိမှခေတ်နဲ့အညီ ခေတ်မီနေမှာပေါ့" စတဲ့ဘာသာရပ်ဆိုင်ရာတွေနဲ့ ဆက်စပ်ပြောပြတဲ့ အဆုံးအမစကားတွေပါ။

"ထိုင်နေတဲ့သူထက် မတ်တတ်ရပ်နေတဲ့သူက ပိုပြီးမြင်ကွင်းကျယ်ကျယ်မြင်နိုင်တယ်။ မတ်တတ်ရပ်နေတဲ့သူထက် ရပ်မနေဘဲ လျှောက်လှမ်းနေတဲ့သူက အမြင်ကျယ်ကျယ်သိမြင်နိုင်တဲ့အပြင် ခရီးလည်းရောက်တယ်။ မြင်ကွင်းကျယ်ကျယ်မြင်နိုင်ရအောင်လို့ ထိုင်မနေနဲ့။ မတ်တတ်ရပ်။ ရပ်နေရုံနဲ့ မပြီးသေးဘူး။ ဆက်လျှောက်ဆက်လျှောက်တော့ ခရီးပေါက် ခရီးရောက်သလိုပါပဲ။ စာမဖတ်ဘဲ မနေကြနဲ့။ စာဖတ်ကြ၊ ဖတ်ပြီးတာနဲ့ ဆက်စပ် စဉ်းစား။ စဉ်းစားဆင်ခြင်ရင်းက အမှားအမှန်အကောင်းအဆိုး၊ အကျိုးအပြစ်တွေကို တွေ့မြင်လာလိမ့်မယ်။ ဆောင်စရာတွေကိုသိမယ်။ ရှောင်စရာတွေကိုသိမယ်။ ဆောင်စရာတွေကိုဆောင်၊ ရှောင်စရာတွေကို ရှောင်မယ်ဆိုရင် အမှားကင်းပြီး အချင်းလှတဲ့သူတွေ ဖြစ်လာမယ်။ ဒါကြောင့် စာဖတ် မပျင်းကြနဲ့၊ စာဖတ်ကြ" ဟု ဆရာကြီး ဦးသာအေးက ကျွန်တော်တို့ မူလတန်းကျောင်းသားကျောင်းသူတွေကို စာဖတ်မပျင်းဖို့၊ စာဖတ်ဖို့ တိုက်တွန်းတာကလည်း မကြာခဏပါပဲ။ ဆရာကြီး ဦးသာအေးက ကျွန်တော်တို့ကို စာဖတ်ဖို့ တိုက်တွန်းရုံတိုက်တွန်းတာ မဟုတ်ပါဘူး။ စာဖတ်ချင်စိတ် ရင့်သန်လာအောင် စာဖတ်ချင်စိတ်ကို မွေးမြူပေးပါတယ်။ မြို့ပေါ်ကို လစာထုတ်သွားတိုင်း ရွှေသွေး၊ တေဇ၊ ရှေ့ဆောင်စတဲ့ ရုပ်ပြစာအုပ်ကလေးတွေကို ဆရာကြီးရဲ့ လစာထဲက ဝယ်လာတဲ့အပြင် မြို့ပေါ်မှာရှိတဲ့ အသိမိတ်ဆွေတွေဆီကလည်း ကျွန်တော်တို့ကလေးတွေ သဘောကျနှစ်သက်စေမယ့် စာအုပ်စာစောင်တွေကို အလှူခံပြီး ယူလာပါတယ်။ လစာထုတ်က ပြန်လာတိုင်း ဆရာကြီး ဦးသာအေးရဲ့ လက်ထဲမှာ ကျွန်တော်တို့အတွက် စာအုပ်ခြင်းက အမြဲတမ်းပါလာတာပါပဲ။

**စာဖတ်ချင်တဲ့အလေ့ ဖြစ်ခဲ့ရ**

ထိုစဉ်က တေဇရုပ်စုံမှာ လစဉ်မပျက် ဖော်ပြပေးနေတဲ့ ကာတွန်းဆရာကြီး ဦးအောင်ရှိန်ရဲ့ "ချစ်ချစ်" ရုပ်ပြဇာတ်လမ်းက ကျွန်တော်တို့ကလေးအားလုံးရဲ့ အသည်းစွဲပါပဲ။ တစ်လတစ်မျိုးမရိုးနိုင်တဲ့ "ချစ်ချစ်" ရုပ်ပြဇာတ်လမ်းကို ဖတ်ရင်း ပျော်ရွှင်ရသလို အသိလည်းတိုး၊ အလိမ္မာလည်း တိုးလာပါတယ်။ "ချစ်ချစ်" ရုပ်ပြဇာတ်လမ်းကို မဖတ်ရရင် မနေနိုင်အောင် ဖြစ်ခဲ့ရပါတယ်။ စာဖတ်ချင်စိတ် ထက်သန်လာတာပါ။ "ချစ်ချစ်"ရုပ်ပြဇာတ်လမ်းကို ဖတ်ရင်းနဲ့ပဲ အခြားအခြားသော ပုံပြင်၊ ကဗျာတွေကို ဖတ်ရင်းဖတ်ရင်းက စာဖတ်ချင်တဲ့အလေ့ ဖြစ်ခဲ့ရပါတယ်။

ဆရာကြီး ဦးသာအေး လစဉ်ဝယ်လာတဲ့ စာအုပ်တွေ မြို့ပေါ်ကစေတနာရှင်တွေဆီက ယူလာတဲ့စာအုပ်တွေက တစ်လထက်တစ်လ ပိုပြီးပိုပြီး များလာနေပါပြီ။ ဆရာကြီးရဲ့ကျောင်းမှာရှိတဲ့ ဗီရိုသေးသေးကလေးနဲ့ မဆံ့တော့ပါဘူး။ ဒါကိုသိနေတဲ့ ရွာဦးကျောင်းဆရာတော် ဦးအာစာရက ကျွန်းသေတ္တာကြီးတစ်လုံး စွန့်လှူပါတယ်။ ကျွန်းသေတ္တာကြီးက အကြီးကြီးပါ။ ဗီရိုနဲ့မဆံ့လို့ အပြင်ရောက်နေတဲ့ စာအုပ်စာစောင်တွေကို ကျွန်းသေတ္တာကြီးထဲထည့်ပြီး သိမ်းရပါတယ်။ တစ်စတစ်စ များပြားလာတဲ့ စာအုပ်စာစောင်တွေ မပျက်စီးစေရအောင်၊ မပျောက်ပျက်စေရအောင် ထိန်းသိမ်းဖို့ လိုလာပါပြီ။ အဲဒါကြောင့် ဆရာကြီး ဦးသာအေးက လေးတန်းကျောင်းသား ကျွန်တော့်ကို တာဝန်ပေးပါတယ်။ ကျွန်တော်က စာအုပ်စာစောင်တွေကို ထိန်းသိမ်းပေးရသလို ကျောင်းသား၊ ကျောင်းသူတွေ ဖတ်ချင်တဲ့ စာအုပ်စာစောင်တွေကိုလည်း ထုတ်ပေးရပါတယ်။ ဖတ်ဖို့အချိန်ကတော့ မနက်ခင်းပိုင်း ကျောင်းမတက်မီနဲ့ နေ့လယ်ပိုင်း ကျောင်းမတက်မီ အချိန်တွေပါပဲ။ ဖတ်ပြီးသားစာအုပ်တွေကို ဗီရိုထဲ၊ သေတ္တာထဲ ပြန်သိမ်းပေးခဲ့ရတာတွေကို ယနေ့ထိတိုင်အောင် မြင်ယောင်နေဆဲပါ။ ယနေ့တိုင် မမေ့နိုင်ပါပဲ။

**မြင်စေချင်လွန်းလှ**

ဆရာကြီး ဦးသာအေးက သူ့ရဲ့ မူလတန်းကျောင်းကလေးမှာ ကျောင်းစာကြည့်တိုက်အသေးစားကလေးကို ထူထောင်ပေးနိုင်ခဲ့ပါတယ်။ ယခုအခါမှာတော့ ဆရာကြီး ဦးသာအေး တာဝန်ယူသင်ကြား လေ့ကျင့်ပေးခဲ့တဲ့ ချန်ကန်ရွာ မူလတန်းကျောင်းကလေးက မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်းခွဲ၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းခွဲ အဆင့်အထိ တိုးမြှင့်လာခဲ့ပါပြီ။ ဆရာကြီးဦးသာအေး မျိုးစေ့ချပေးခဲ့တဲ့ ကျောင်းစာကြည့်တိုက် အသေးစားလေးအစား ရေနံချောင်းမြို့နယ် ချန်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှာ "ဆရာကြီး ဦးသာအေး အထိမ်းအမှတ်စာကြည့်တိုက်"ကြီးက ထည်ထည်ဝါဝါခံ့ခံ့ညားညား တင့်တင့်တယ်တယ် ပေါ်ထွန်းလို့လာပါပြီ။ ကျွန်တော် ဆရာကြီး ဦးသာအေးကို မြင်စေချင်လွန်းလှပါတယ်။ ။

**"ယခုအခါမှာတော့ ဆရာကြီးဦးသာအေး တာဝန်ယူသင်ကြား လေ့ကျင့်ပေးခဲ့တဲ့ ချန်ကန်ရွာ မူလတန်းကျောင်းကလေးက မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်းခွဲ၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းခွဲအဆင့်အထိ တိုးမြှင့်လာခဲ့ပါပြီ။ ဆရာကြီးဦးသာအေး မျိုးစေ့ချပေးခဲ့တဲ့ ကျောင်းစာကြည့်တိုက် အသေးစားလေးအစား ရေနံချောင်းမြို့နယ် ချန်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှာ "ဆရာကြီး ဦးသာအေး အထိမ်းအမှတ်စာကြည့်တိုက်" ကြီးက ထည်ထည်ဝါဝါခံ့ခံ့ညားညား တင့်တင့်တယ်တယ် ပေါ်ထွန်းလို့လာပါပြီ"**

## မူဆယ်-မန္တလေး ရထားလမ်း ဖောက်လုပ်ခြင်း လူထုနှင့် တွေ့ဆုံပွဲ ပုသိမ်ကြီးမြို့၌ ကျင်းပ

**ပုသိမ်ကြီး ဩဂုတ် ၁၉**

မူဆယ် - မန္တလေးရထားလမ်း ဖောက်လုပ်ခြင်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လူထုနှင့်တွေ့ဆုံပွဲကို ဩဂုတ် ၁၇ ရက်က ပုသိမ်ကြီးမြို့ စည်ပင်သာယာ ပန်းဥယျာဉ်အတွင်းရှိ မြို့နယ်ခန်းမ၌ ပြုလုပ်သည်။

အဆိုပါတွေ့ဆုံပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦးက အမှာစကားပြောကြားပြီး မြန်မာ့မီးရထား (အထက်မြန်မာပြည် အထွေထွေမန်နေဂျာ)ဦးမျိုးဝင်းက ရထားလမ်းဖောက်လုပ်မည့် လမ်းကြောင်းနှင့် ရထားအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် Ever Green Tech Environmental Services and Training Co.,Ltd. မှ ပညာရှင် ဒေါက်တာ ကျော်စွာတင့်၊ ဒေါက်တာတင်အောင်မြင့်၊ ဒေါက်တာဝင်းဆွေတို့က ရထားလမ်းဖောက်လုပ်ခြင်းအတွက် ထိခိုက်နစ်နာမှုများနှင့် ကာကွယ်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော ပြည်သူများက အကြံပြုဆွေးနွေးကြသည်။

အဆိုပါ ရထားလမ်းကို မန္တလေးမြို့ မြစ်ငယ်ဘူတာရုံ၌ တည်ဆောက်ရန် လျာထားကြောင်း၊ ရထားအမျိုးအစားမှာ လျှပ်စစ်ရထားဖြစ်ကြောင်း၊ သံလမ်းဝင်ရိုးခံနိုင်အား ၂၅ တန်ဖြစ်ကြောင်း၊ လမ်းအရှည်မှာ ခန့်မှန်း ၂၅၈ မိုင်ဖြစ်ကြောင်း၊ လမ်းပိုင်းတွင် တံတားစင်းရေ ၁၂၄ စင်း၊ ဥမင်လိုဏ်ခေါင်း ခန့်မှန်း ၆၀၊ ဘူတာပေါင်း ၃၆ ဘူတာဖြစ်ကြောင်း၊ အဆိုပါ မူဆယ်-လားရှိုး-မန္တလေး ရထားလမ်းသစ်ဆောက်လုပ်ရေးစီမံကိန်းအတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် နားလည်မှု စာချွန်လွှာကို မြန်မာ့မီးရထားနှင့် China Railway Eryuan Engineering Group Co.,Ltd. နှင့် လက်မှတ်ရေးထိုးထားကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# သာစည်မြို့နယ် တောင်ပေါ်ဒေသတွင် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်

**သာစည် ဩဂုတ် ၁၉**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် သွားလာရခက်ခဲသော တောင်ပေါ်ဒေသ သက္ကယ်ဒိတ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ယမန်နေ့က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်ကို လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမျိုးလင်းအောင်နှင့် ဦးလှိုင်မျိုးမြတ်ဆွေ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းလင်း၊ အထက(ခွဲ) ထနောင်းကန်(မ) ကျေးရွာ ကျောင်းအုပ်ကြီး ဦးဆန်းမြင့်ဦးနှင့် အထက(ခွဲ) သက္ကယ်ဒိတ်ကျေးရွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းနန္ဒာကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်း၏ လိုအပ်ချက်များကို ကျောင်းအုပ်ဆရာမကြီးက ရှင်းလင်းပြောကြားပြီး ကျေးရွာမှ တာဝန်ရှိသူများက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကျောင်းဖွံ့ဖြိုးရေးအတွက် အလှူရှင်များက အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

အဆိုပါကျောင်းကို ၁၉၇၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အဆင့်ဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ရာ ယခုပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖြစ်လာရာ ယင်းကျောင်း၌ သက္ကယ်ဒိတ်ကျေးရွာနှင့် ဖိုးသာနိုင်းကျေးရွာတို့မှ ကျောင်းသား ကျောင်းသား ၂၁၃ ဦး တက်ရောက် ပညာသင်ယူလျက်ရှိကြောင်း သိရသည်။**ထွန်းထွန်း(သာစည်)**





# ဗန်းမောက်မြို့နယ်ရှိ မံလုံချောင်းကူးတံတား ၅၀ ရာခိုင်နှုန်းခန့် ပြီးစီး

**ဗန်းမောက် ဩဂုတ် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် စီးမော်ကျေးရွာ မံလုံချောင်းကူး တံတားတည်ဆောက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါတံတားမှာ အလျားပေ ၂၀၀၊ အကျယ် ၁၈ ပေ ရှိကာ ဗန်းမောက်မြို့နှင့် ဗန်းမောက်တောင်ပိုင်းဒေသရှိကျေးရွာများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ဆက်သွယ်ပေးမည့် ချောင်းကူးတံတားကြီး ဖြစ်သည်။

ထိုတံတားကြီးကို ငွေကျပ်သိန်း ၃၆၀၀ အကုန်အကျခံကာ လမ်းတံတားအထူးအဖွဲ့(၂)က တာဝန်ယူဆောက်လုပ်နေပြီး တံတားကြီးအတွက် ကုန်ကျငွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့က အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါတံတားကြီး ပြီးစီးသွားပါက ဗန်းမောက်မြို့ တောင်ပိုင်းဒေသရှိ ကျေးရွာများမှ ပြည်သူများ ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်ပြီး ဝန်းသိုမြို့နယ်နှင့် ဗန်းမောက်မြို့နယ်တို့ ဆက်သွယ်မည့် မြို့နယ်ချင်းဆက်တံတားဖြစ်ကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ပျဉ်းမနားမြို့နယ်၌ ကျောင်းတွင်းဒီမိုကရေစီ စာဖတ်ဝိုင်းကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉** - ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းက မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းမှ ထုတ်ဝေသည့် "ကျောင်းတွင်းဒီမိုကရေစီ" စာအုပ်စာဖတ်ဝိုင်းကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။ စာဖတ်ဝိုင်းတွင် နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က စာဖတ်ဝိုင်းများပြုလုပ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပျဉ်းမနားမြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့မေ(စာရေးဆရာမ-မရွှေမြိုင်၊ ပျဉ်းမနား)က "ဒီမိုကရေစီ၏နောက်ခံကား" ခေါင်းစဉ်နှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များဖြစ်သော လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ငြိမ်း) ဦးမောင်မောင်တာ(စာရေးဆရာ-သဘာဝ)က "ကျောင်းတွင်း ကိုယ်ပိုင်အုပ်ချုပ်ရေးနည်းလမ်းများနှင့် နယ်နိမိတ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးမင်းဟိန်းခန့်က "စည်းကမ်းနှင့်အာဏာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါ်ထက်ဦးခင်က "ကျောင်းနှင့်လောကဓာတ်ခံ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြသည်။

ယင်းနောက် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များက မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းမှ ထုတ်ဝေသည့် "ကျောင်းတွင်း ဒီမိုကရေစီ" စာအုပ်မှ မိမိတို့ဖတ်သားထားသည့် အကြောင်းအရာများအား ပြန်လည်မျှဝေဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**




# သထုံ၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းဖွင့်

**သထုံ ဩဂုတ် ၁၉**
မွန်ပြည်နယ် သထုံမြို့ ငါးလုပ်ငန်း သင်တန်းကျောင်း(သထုံ)၌ ယနေ့နံနက်ပိုင်းက အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်း အမှတ်စဉ်(၉/၂၀၁၉) သင်တန်းဖွင့်ပွဲကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးစိုးမင်းက ပြည်နယ်အတွင်း အခြေခံဖြစ်သည့် ငါးမွေးမြူရေးကန်ဧက ၁၀၀၀ ကျော်ခန့် ရှိနေသော်လည်း ငါးမွေးမြူသူနည်းပါးနေသောကြောင့် ယခုကဲ့သို့ ပြည်သူများ စိတ်ပါဝင်စားလာအောင် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်းနှင့် ဆင့်ပွား၍ ငါးမွေးမြူရေးလုပ်ငန်းတိုးတက်လာစေရန်အတွက် စည်းရုံးဆောင်ရွက်ကြရန် ပြောကြားသည်။

သင်တန်းတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဝင်းဗိုလ် (ဦးစီးအရာရှိ) နှင့် သင်တန်းဆရာများက ငါးအကြောင်းသိကောင်းစရာ၊ ငါးကန်တူးဖော်ခြင်းနှင့် ကန်ပြင်ဆင်ခြင်း၊ ကန်အရည်အသွေးပြုပြင်ခြင်း၊ ငါးမှုန်၊ ငါးသန်၊ မျိုးငါးအစာကျွေးခြင်းနည်းစနစ်၊ ငါးမှုန်၊ ငါးသန်ပြုစုမွေးမြူခြင်း၊ ငါးမျိုးဗီဇမြှင့်တင်ခြင်း၊ ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း၊ ငါးရောဂါကာကွယ်ခြင်း၊ သဘာဝငါးသယံဇာတအကြောင်း စသည်တို့ကို ပို့ချသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မော်လမြိုင်၊ ကျိုက်ထို၊ မုဒုံ၊ ပေါင်မြို့များမှ ငါးမွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူများနှင့် စိုက်သိပ္ပံကျောင်းများ၊ မော်လမြိုင် တက္ကသိုလ်ကျောင်းမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၆ ဦး တက်ရောက်သင်ကြားနေကြောင်းနှင့် သင်တန်းကာလ ဩဂုတ် ၂၁ ရက်အထိ သုံးရက်တာအတွင်း နေထိုင်၊ စားသောက် စရိတ်ငြိမ်းဖြင့် အခမဲ့သင်ကြားပေးနေကြောင်း သိရသည်။ ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)အား မွန်ပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာအေးဇံက ၂၀၁၈ ခုနှစ် ဇူလိုင် ၉ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးသည့်နောက်ပိုင်း ယနေ့အချိန်အထိ ရေသယံဇာတထိန်းသိမ်းရေးသင်တန်း၊ ရေချို ရေငန်ပုစွန်မွေးမြူရေးသင်တန်း၊ ကကတစ်ငါးမွေးမြူရေးသင်တန်း၊ ငါးမွေးမြူရေးနှင့် ပတ်သက်သော ဘာသာရပ်များအား သင်ကြားပေးနေကြောင်း သိရ သည်။

**ခွန်(ဝင်းပ)**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အသား(ဝက်၊ အမဲ၊ဆိတ်)ထုတ်လုပ်ရောင်းချခွင့်အား ဈေးခုံအများစနစ်ဖြင့် လျှောက်ထားနိုင်ကြောင်း ကြော်ငြာခြင်း

၁။ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ (၂၀၁၉-၂၀၂၀)ခုဘဏ္ဍာရေးနှစ်အတွက် တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော အသား(ဝက်၊ အမဲ၊ ဆိတ်)ထုတ်လုပ်ရောင်းချခွင့်အား ဈေးခုံအများစနစ်ဖြင့် အောက်ဖော်ပြပါဈေးခုံနေရာ(၇၂)ခုအား ဈေးခုံအများစနစ်ဖြင့် လျှောက်ထားလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်-

| စဉ် | ဈေးခုံအမည် | အရေအတွက် |
|---|---|---|
| (က) | အသားထုတ်လုပ်ရောင်းချခွင့်(ဝက်)ဈေးခုံနေရာ | (၂၄)ခု |
| (ခ) | အသားထုတ်လုပ်ရောင်းချခွင့်(အမဲ)ဈေးခုံနေရာ | (၂၄)ခု |
| (ဂ) | အသားထုတ်လုပ်ရောင်းချခွင့်(ဆိတ်)ဈေးခုံနေရာ | (၂၄)ခု |
| | စုစုပေါင်း | (၇၂)ခု |

၂။ အသား(ဝက်၊ အမဲ၊ဆိတ်)ထုတ်လုပ်ရောင်းချခွင့်အား ဈေးခုံအများစနစ်ဖြင့် လုပ်ကိုင်လိုသူများသည် ၂၃-၈-၂၀၁၉ရက်မှ ၆-၉-၂၀၁၉ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနသို့ ဈေးခုံလုပ်ကိုင်ခွင့်လျှောက်လွှာများထုတ်ယူပြီး လာရောက်တင်သွင်းလျှောက်ထားနိုင်ကြောင်းနှင့် ဈေးခုံနယ်မြေ သတ်မှတ်ချက်များ၊ စည်းကမ်းချက်များအား လျှောက်လွှာနှင့်အတူ အခမဲ့လာရောက်ထုတ်ယူနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

၃။ အသေးစိတ်စုံစမ်းသိရှိလိုပါက တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၂၄၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးခုံများ နေရာချထားမှုကြီးကြပ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဆရာမကြီး ဒေါ်မြရီ (ပေါက်ခေါင်း)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလရပ်ကွက်၊ တိုက် ၆၈၊ အခန်း ၄ နေ ညွှန်ကြားရေးမှူးဦးဇော်မင်းထွဋ်(တ·ဆ·ရ-၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်လွင်တို့၏မိခင်သည် ၁၇-၈-၂၀၁၉ ရက် (စနေနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းကျော်စိုး(အင်ဂျင်နီယာချုပ်၊ စက်မှု၊ ဆည်/ရေ ဦးစီးဌာန)-ဒေါ်တင်မျိုးမြင့်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဆရာမကြီး ဒေါ်မြရီ (ပေါက်ခေါင်း)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလရပ်ကွက်၊ တိုက် ၆၈၊ အခန်း ၄ နေ ညွှန်ကြားရေးမှူးဦးဇော်မင်းထွဋ်(တ·ဆ·ရ-၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်လွင်တို့၏မိခင်သည် ၁၇-၈-၂၀၁၉ ရက် (စနေနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**စက်မှုတိုင်း(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### မြောင်းမြမြို့၊ တိုက်သစ် ပဋ္ဌာနတာရုံကျောင်းတိုက်၊ မဟာနာယက
### မှော်ဘီမြို့၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက် ဩဝါဒါစရိယဆရာတော်
### ဘဒ္ဒန္တဂုဏိသာရ
### (မွှာစရိယ၊ ပါဠိပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယ ရတ္တညျူမဟာနာယက၊ ဂန္ထကာရက ဗောဓိကျွမ်းပြုဆရာတော်)
### သက်တော် (၈၄)နှစ်၊ သိက္ခာတော်(၆၅)ဝါ

မြောင်းမြမြို့၊ တိုက်သစ်ပဋ္ဌာနတာရုံကျောင်းတိုက်၊ မဟာနာယက၊ မှော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းတိုက် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဂုဏိသာရ မဟာထေရ်မြတ်သည် (၁၃၈၁ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ရက်) ၁၈-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို (၁၃၈၁ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ရက်) ၂၂-၈-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် မှော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၌ သာဓုကီဠနပူဇာပွဲသဘင်ဆင်ယင်ကျင်းပ၍ မွန်းလွဲ ၂ နာရီတွင် ပင့်ဆောင်ပြီး ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများက နောက်ဆုံးပူဇော်လျက် ညနေ ၅နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေး မှ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနကော်မတီ**
**သာသနာ့ဝန်ဆောင်ကျောင်းတိုက်**
**မှော်ဘီမြို့**

## အမည်မှန်ဖြစ်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်နေ မောင်ခန့်စည်သူ၏ဖခင် ဦးဟာရှရော်ရှိတ်(ခ)ဦးသိန်းအောင်နှင့် မိခင် ဒေါ်ဘာနူရ် (ခ) မဦးကျော်တို့မှာ တစ်ဦးတည်း အမည်မှန်ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အထက(၁) သာယာဝတီ တက္ကသိုလ်ဝင်တန်းမှ မခိုင်နှင်းအေး၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ၇/သဝတ(နိုင်)၀၈၈၆၅၂ ဖြစ်ပါကြောင်း။

**ဦးသန်းဝင်း**

## မိခင်အမည်မှန်

ကချင်ပြည်နယ် နမ္မတီးမြို့ အထက (၁) တက္ကသိုလ်ဝင်တန်း(E)မှ မလုဂျား၏ ဖခင်အမည်မှန်မှာ ဦးဇော်နန် ၁/ကမန(နိုင်)၀၀၁၂၁၄ ဖြစ်ပါကြောင်း။ **ဦးဇော်နန်**

## အမည်ပြောင်း

ဦးမြတ်ခိုင်ဦး၏သမီး စစ်ကိုင်းမြို့၊ ပြုကံရပ်ကွက်နေ မဆုမြတ်ဝေ ၅/စကန(နိုင်)၃၀၈၀၅၂ အား ယနေ့မှစ၍ မညိမ်းသက်ခိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မညိမ်းသက်ခိုင်**

## ပျောက်ဆုံးကြောင်း

MTSH Co.,Ltd မှ အစုရှယ်ယာထည့်သွင်းထားသော ကျွန်မ ဒေါ်အိအိငြိမ်း ၁၂/တမန(နိုင်)၀၉၇၁၂၁၏ အစုရှယ်ယာသက်သေခံလက်မှတ် CID No.12183 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်းနံပါတ်-၀၉-၄၂၁၀၉၇၇၉၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပွင့်ဖြူမြို့နယ်၊ အထက(ရှောက်တော) တက္ကသိုလ်ဝင်တန်း(B)မှ မနှင်းဝေဖြိုး၏ဖခင် ဦးဇော်နှင့် ဦးအေးမင်းဇော် ၈/ပဖန(နိုင်)၀၉၄၄၂၀မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဇော်(ခ)ဦးအေးမင်းဇော်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရဲကိုမင်း ၅/ကနန(နိုင်)၁၁၀၄၆၀ ၏ ပတ်စ်ပို့ နံပါတ် MA-936279 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၅၃၉၂၉၀၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းပြားမြို့နယ်၊ မင်းဖူးကျေးရွာနေ မောင်စိုးမြင့်နိုင် (တက္ကသိုလ်ဝင်တန်းအောင်)နှင့် မင်းဖူး အထက တက္ကသိုလ်ဝင်တန်းမှ မောင်စောမြင့်ဌေး ၁၁/မပန(နိုင်)၁၅၃၆၆၄ တို့၏ဖခင် မောင်ဝချေ ၁၁/မပန(နိုင်)၀၂၅၂၉၄နှင့် ဦးc/မဲသန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာ (အထက) တက္ကသိုလ်ဝင်တန်းမှ မနွယ်နွယ်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ခင်စံ ၈/မဘန(နိုင်)၁၃၂၁၅၆ ဖြစ်ပါကြောင်း။

**ဦးအောင်ခင်စံ**

## တစ်ဦးတည်းဖြစ်ကြောင်း

မြင်းခြံမြို့နယ်၊ အဖ ဦးအုံးကျော် ၉/မခန(နိုင်)၀၈၃၂၆၄ ၏သား မြင်းခြံဒီဂရီကောလိပ်၊ သင်္ချာမေဇ(၄-သင်္ချာ-၁၁၅) မောင်စေထက်ကျော်(ခ)မောင်စေထက် ၉/မခန(နိုင်)၂၁၈၀၄၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ကျည်တောင်ကန် အထက နဝမတန်း(C)မှ မနှင်းဝေခိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၉/ပမန(နိုင်)၂၁၁၂၅၄ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မယုယုခိုင်၏ ကိုင်ဆောင်သော Passport No-MC 324413 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၀၀၂၂၉၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4N/3072 Daihatsu Hijet S211P Pickup(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညီမီလှိုင် ၅/မလန(နိုင်)၀၀၀၆၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## အများသိစေရန်ကြေညာချက်

အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း(ကျောင်းလမ်း) အမှတ်(၂၄)တွင် တစ်ခန်းတည်း ခုနစ်ထပ်တိုက် (Lift-ပါ) (Flat Roof)ဆောက်လုပ်ခွင့်ပြုမိန့်အား ဤဌာန၏ ၁၉-၈-၂၀၁၆ ရက်စွဲပါ စာအမှတ် ၉၇၅/၉၇၄/စည်ပင်-ယာ(အုံ) အရ မြေရှင် ဒေါ်နုစိန်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးတင်ဆွေ၊ လိုင်စင်ရကန်ထရိုက်တာ ဒေါ်နီလာခိုင် (LC-၉၃၇)နှင့် လိုင်စင်ရအင်ဂျင်နီယာ ဦးနေလင်း (LS-၆၅၀)တို့ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့သည်။

၎င်းခုနစ်ထပ်တိုက်အဆောက်အအုံ၏ အဆောက်အအုံပြီးစီးကြောင်း လက်မှတ်(BCC)တင်ပြလာရာတွင် လိုင်စင်ရကန်ထရိုက်တာ ဒေါ်နီလာခိုင်(LC-၉၃၇)မှ လိုင်စင်ရကန်ထရိုက်တာ ဦးအောင်စိုးနိုင်(LC-၉၂၈)ဖြင့် ပြောင်းလဲ၍ BCC ခွင့်ပြုပေးပါရန် မြေရှင်၊ ပြောင်းလဲဆောင်ရွက်မည့် လိုင်စင်ကန်ထရိုက်တာတို့မှ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**အဆောက်အအုံဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်မင်း
### အသက်(၈၆)နှစ်

ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်း(ငြိမ်း)-ဒေါ်ဝင့်သီဂီမျိုးတို့၏ ဖခင် ဦးအောင်မင်းသည် ၁၃-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၅)မှ သူငယ်ချင်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းသန်းအေး
### အသက်(၆၅)နှစ်

အောင်ဆန်း(၇) တရားရေးအရာရှိသင်တန်းဆင်း သူငယ်ချင်း ဦးမြလှိုင်၏ဇနီး ဒေါ်သန်းသန်းအေးသည် ၁၆-၈-၂၀၁၉ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇) တရားရေးအရာရှိ သင်တန်းဆင်းသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးထွန်းလှအောင်
### (ပြည့်စုံ-ကုန်မျိုးစုံရောင်းဝယ်ရေး၊ စစ်တွေမြို့)
### အသက်(၆၁)နှစ်

စစ်တွေမြို့၊ ရူပတောင်ရပ်ကွက်၊ ထီးတန်းလမ်း၊ အမှတ် ၆၄ နေ (ဦးမောင်ဘစိန်-ဒေါ်မေလှချေ)တို့၏သားသမက်၊ (ဦးမောင်စိန်ထွန်း-ဒေါ်စိန်လှဖြူ)တို့၏သား၊ ဒေါ်သန္တာမြ(မြသရဖူငွေဆိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဖြိုးသူအောင်-မမီမီဝင်းထွန်း၊ ကိုဗိုလ်ဗိုလ်ထွန်း-မပိုးဒါလီမောင်ဝင်း (ရတီစတိုး)တို့၏ဖခင်၊ မစိန်ရတီဗိုလ်၊ မမြရတီဗိုလ်တို့၏ အဘိုးသည် ၁၈-၈-၂၀၁၉ရက် ညနေ ၆း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လကမ္ဘာအုန်းဆီစက်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ခင်သန်း (မဟာစည်ယောဂီ)
### (ဆင်ပေါင်ဝဲ/ကျောက်တန်း)
### အသက်(၁၀၅)နှစ်

သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့၊ သမာဓိမြို့ဝန် (ဦးစိုး-ဒေါ်ကျင်မိ)တို့၏သမီး၊ ကျောက်တန်းမြို့၊ ရေလယ်ဘုရားလမ်း၊ အမှတ် ၂၄နေ (ဦးဖွယ်-ဒေါ်ဂျုန်း)တို့၏သမီးချွေးမ၊ [ဦးကျင်ဝမ်း(ခ)ဦးအောင်ခိုင်]၏ဇနီး၊ ဦးစိန်ကျော်-ဒေါ်အေးသိန်း(ထ/ပြ-ငြိမ်း)၊ (ဦးမြင့်လွင်)-ဒေါ်ခင်မာမာဝေ၊ ဦးငွေဇင်-ဒေါ်တင်ထွေး၊ ဦးအောင်အောင်လွင်-ဒေါ်ညွှန့်ညွှန့်ဝေတို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၆၃)နေအိမ်မှ ကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။]

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကျင်စု (ဟင်္သာတ)
### အသက်(၈၀)

ဟင်္သာတမြို့၊ မနော်ဟရီလမ်း၊ အမှတ် ၁၁၀၊ စိန်ကမ္ဘာအိမ်နေ (ဦးစိုးနိုင်)၏ဇနီး၊ (ဦးအောင်ကျော်ဦး)- ဒေါ်သက်သက်စိုး၊ ဦးရဲမြတ်စိုး-ဒေါ်ယုဇနအေး၊ ဦးဇော်မင်းစိုး၊ ဦးအောင်ကိုမြတ်စိုး-ဒေါ်နွေးနွေးတို့၏မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၈-၈-၂၀၁၉ ရက် ည ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ဟင်္သာတမြို့ ကြက်သွန်ရိုးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## တံဆိပ်အမည်အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၆)ကွက်၊ ဗိုလ်ချုပ်လမ်းနှင့်မြို့လယ်မီးပွိုင့်အနီးရှိ တိုက်အမှတ်(၁၁၊ ၁၂၊ ၁၃)နေ ဦးသိန်းဝင်းမှ ရွှေကြယ်(ကွမ်းယာနှင့်စတိုး)တံဆိပ်အမည်အမှတ်အသားဖြင့် ကုန်မျိုးစုံထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပြီး အဆိုပါ တံဆိပ်အမည်အမှတ်အသားအား ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးသိန်းဝင်း ၉/မမန(နိုင်)၀၁၉၀၀၆ အမှတ်(၁၁၊၁၂၊၁၃)၊ ဗိုလ်ချုပ်လမ်းနှင့်မြို့လယ်မီးပွိုင့်အနီး၊ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်

ပုသိမ်မြို့၊ အထက(၉) တက္ကသိုလ်ဝင်တန်း(B)မှ မသက်ထားသော်၏ ဖခင်အမည်မှန်မှာ ဦးအောင်တင်စိုး ၁၄/ပသန(နိုင်)၂၅၁၆၀၈ ဖြစ်ပါကြောင်း။ **ဦးအောင်တင်စိုး**

## ဖခင်အမည်မှန်

ညောင်ဦးမြို့နယ်၊ တောင်ဇင်း အထကမှ မအိခိုင်၊ တက္ကသိုလ်ဝင်တန်းနှင့် မအိလှိုင် တက္ကသိုလ်ဝင်တန်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိုးခိုင် ၉/ညဥန(နိုင်)၁၃၄၈၅၆ ဖြစ်ပါကြောင်း။ **ဦးစိုးခိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်ဦးမြို့နယ်၊ တောင်ဇင်း အထကမှ မဇာခြည်ဝင်း၊ တက္ကသိုလ်ဝင်တန်း၏ဖခင်မှာ ဦးဌေး(ခ) ဦးမောင်ဌေး ၉/ညဥန(နိုင်)၁၄၇၄၁၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဌေး(ခ)ဦးမောင်ဌေး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/6703 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မိခင် အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊အထက(ခွဲ) ညောင်ပင်ကန် Grade(7) မှ မောင်ချမ်းနောင်စိုး၏ မိခင်အမည်မှန်မှာ ဒေါ်တင်မာဌေး ၉/ညဥန(နိုင်)၁၆၄၃၀၉ ဖြစ်ပါကြောင်း။ **ဒေါ်တင်မာဌေး**

## ကန့်ကွက်နိုင်ကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ် ၂၂၊ ဧရိယာ ၀.၁၁၁၄၀၈၂ ဧကရှိ ဒေါ်ဝင်းကြည် အမည်ပေါက် ပါမစ်မြေကွက်အား ဦးဟန်သိန်းကျော် (ဘ)ဦးသန်းဝင်း ၁၂/မရက(နိုင်)၁၀၈၃၈၄မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ်(၁၂၈၀/၂၀၁၉)၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၁၅၂၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန္ဒာဝင်းအောင် ၇/တငန(နိုင်)၁၄၇၁၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄/မင်္ဂလာရပ်)၊ ဦးပိုင်အမှတ် (၄၇ᵔ)၊ဧရိယာ ၀.၁၁၄၀၁၂၈ဧကရှိ ဦးဗိုလ်ကျော် ပါ(၅)ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးဝင်းမောင် ၉/ပမန(နိုင်)၀၉၀၂၁၉ (ဘ)ဦးဗိုလ်ကျော်၊ ဦးအောင်မြင့်သိန်း ၉/ပမန(နိုင်)၀၉၀၂၈၈(ဘ)ဦးဗိုလ်ကျော်၊ ဦးဝင်းညွှန့် ၉/ပမန(နိုင်)၀၁၇၀၀၂ (ဘ)ဦးဗိုလ်ကျော်တို့မှ အရောင်းအဝယ်စာချုပ်အမှတ် (၂/၁၉၉၄) မိတ္တူ၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာမိတ္တူများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/1839 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/3111 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/2984 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(နေပြည်တော်)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ညောင်ပင်သာရပ်ကွက်၊ ဘုရားသုံးဆူအနီးနေ ဒေါ်နီနီဝင်း ၅/ကလထ(နိုင်)၀၁၂၀၂၄ ၏ သမီးဖြစ်သူ မခင်ဝါဆိုဦး ၄/မတပ(နိုင်)၀၄၆၅၄၂ သည် မိဘဆွေမျိုး၊ မောင်နှမ သားချင်းများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စ အဝဝအား လုံးဝ(လုံးဝ)တာဝန်ယူမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်နီနီဝင်း**

# ဂုတ်တွင်းတံတားသံပေါင်များ တပ်ဆင်ပြီးစီး၍ ကြမ်းခင်း ခင်းနေပြီး ဩဂုတ် ၂၀ ရက်တွင် တံတားပေါ်မှကားများ ဖြတ်သန်းခွင့်ပြုတော့မည်

**ရန်ကုန် ဩဂုတ် ၁၉**

မန္တလေး-လားရှိုး-မူဆယ် နယ်စပ်ကုန်သွယ်ရေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုင်းခွဲဖျက်ဆီးခံခဲ့ရသော ဂုတ်တွင်းတံတားကို ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ကြီးကြပ်မှုဖြင့် တံတားအထူးအဖွဲ့များက တည်ဆောက်တပ်ဆင်လျက်ရှိရာ ယနေ့တွင် အလျားပေ ၂၁၀ နှစ်လမ်းသွား ဘေလီ တံတားသံပေါင်များ တပ်ဆင်ပြီးဖြစ်သည်။

သို့ဖြစ်၍ တံတားကြမ်းခင်းများ ဆက်လက်တပ်ဆင်ရာ ပြီးစီးတော့မည်ဖြစ်သဖြင့် ဩဂုတ် ၂၀ ရက်တွင် ကားများ ဖြတ်သန်းမောင်းနှင်ခွင့်ပြုတော့မည်ဟု သိရသည်။

အဆိုပါတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာ ၂၈ ဦးတို့က ဦးဆောင်၍ တံတားအထူးအဖွဲ့ ၂၊ ၄၊ ၆၊ ၉၊ ၁၂ နှင့် တည်ဆောက်ရေးအဖွဲ့(၃)တို့မှ ကျွမ်းကျင်ဝန်ထမ်း ၁၀၅ ဦး စုစုပေါင်း ၁၃၃ ဦးတို့က အဖွဲ့များခွဲ၍ နေ့ညတည်ဆောက်နေကြခြင်းဖြစ်သည်။

**ခရမ်းစိုးမြင့်**



လားရှိုး-မူဆယ် နယ်စပ်ကုန်သွယ်ရေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဂုတ်တွင်းတံတားကို အများပြည်သူသွားလာနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့များက နှစ်လမ်းသွား ဘေလီတံတားအဖြစ် တည်ဆောက်နေသည်ကို တွေ့ရစဉ်။

# MNL ယူ-၁၉ အမှတ်ပေးပြိုင်ပွဲ ရှမ်းယူနိုက်တက်အသင်း သုံးကြိမ်ဆက်ဗိုလ်စွဲ

**ရန်ကုန် ဩဂုတ် ၁၉**

၂၀၁၉ ရာသီ MNL ယူ-၁၉ အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ပဒုမ္မာကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း သုံးကြိမ်ဆက် ဗိုလ်စွဲခဲ့သည်။

နောက်ဆုံးပွဲအဖြစ် ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရောဝတီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြိုင်ပွဲမပြီးဆုံးမီ နှစ်ပွဲအလိုကတည်းက ချန်ပီယံဆု ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ရှုံးပွဲမရှိ ချန်ပီယံဆုရယူနိုင်မည့် မှတ်တမ်းကောင်းလက်လွှတ်ခဲ့ရသည်။ ပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၆ ပွဲနိုင်၊ ငါးပွဲသရေ၊ တစ်ပွဲရှုံး၊ ၅၃ မှတ်ဖြင့် ချန်ပီယံဆုရခဲ့ပြီး ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့ ၁၅ ပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံး၊ ၄၉ မှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် ရတနာပုံအသင်းက ဒုတိယ၊ ရန်ကုန်အသင်းက တတိယ ရရှိခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၇၊ ၂၀၁၈ နှင့် ၂၀၁၉ ရာသီတို့တွင် သုံးရာသီဆက်တိုက် ချန်ပီယံဆုရခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်-ရောဝတီပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တတိယဆုရရသည့် ရန်ကုန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၂၅ သိန်း၊ ဒုတိယဆုရခဲ့သည့် ရတနာပုံအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ်သိန်း ၅၀၊ ပထမဆုရသည့် ရှမ်းယူနိုက်တက်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၁၀၀ နှင့် ချန်ပီယံဆုဖလားကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

*စာမျက်နှာ ၁၂ ကော်လံ ၄* ❍



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း ရှမ်းယူနိုက်တက်အား ဆုချီးမြှင့်စဉ်။　ဓာတ်ပုံ-စိုးညွန့်

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၉**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## အာဆီယံ ယူ-၁၈ ပြိုင်ပွဲ တတိယနေရာလုပွဲ မြန်မာအသင်း ရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၁၉**

၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး ဆုနှင့်လွဲချော်ခဲ့သည်။

မြန်မာအသင်းသည် တတိယနေရာလုပွဲတွင် အုပ်စုတွင်းပြိုင်ဘက် အင်ဒိုနီးရှားအသင်းနှင့် ပြန်လည်တွေ့ဆုံခဲ့ပြီး ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် အင်ဒိုနီးရှားနှင့် ခြေစွမ်းအရ ကွာခြားမှုမရှိသော်လည်း ပွဲချိန် ၃၆ မိနစ်မှ

*စာမျက်နှာ ၁၂ ကော်လံ ၄* ●